
# ဂျာသည်မိန်းမ က္ကုတ္ထိဝက်

တက္ကသိုလ် သျှင်သီရိ

စမ္မာစရိယ၊ဘီအေ



ဒုတိယအကြိမ်

## ဤလောကတွင်

❖ တဏှာရာဂဖြင့်ယှဉ်၍ ဖောက်ပြန်လေ့ရှိသော မိန်းမတို့၏ အတွင်းသဘောနှင့် ဖြစ်ရပ်ဆန်းတို့ကို ဤစာအုပ်တွင် သိမြင်ပြီးသောအခါ...

❖ မိမိ၏ ကိုယ်နှုတ်နှလုံးကို ထိန်းသိမ်းစောင့်စည်းတတ်ကြသော၊ အမှုကိစ္စတို့တွင် အပင်ပန်းခံ၊ အနစ်နာခံ၍ လူ့အဖွဲ့အစည်း သာယာရေးကို ထူးထူးချွန်ချွန် ဆောင်ရွက်တတ်ကြသော၊ သားကောင်းဇာနည်တို့၏ မိခင်ကောင်းလည်း ဖြစ်နေကြသော မိန်းမများစွာကို ကောင်းစွာ သိမြင်လာမိပေလိမ့်မည်။


## ရည်ညွှန်းချက်

ဤသည်မိန်းမကဏ္ဍတွဲဝင် ဟူသော ဤစာဖြင့် ကျွန်ုပ်၏ သမီးများဖြစ်ကြသော မစန္ဒာလင်း၊ မခင်သူဇာ၊ မစန္ဒာမြင့်နှင့်တကွ ဤလောကရှိ မိန်းမအားလုံးတို့သည်. . .

✤ အကျင့်စာရိတ္တ သီလဖြူစင်သော၊

✤ အရှက်အကြောက် လောကပါလတရားများကို ထိန်းသိမ်းစောင့်ရှောက်သော၊

ဤနိုင်ငံ ဤလူမျိုးတွက် သားကောင်းမိခင်များ ဖြစ်ပေါ်ရေးသို့ ရည်ညွှန်းပြုအပ်ပါသည်။



# တက္ကသိုလ်သျှင်သီရိ

## (မဟာစရိယ၊ ဘီအေ)

ဖြန့်ချိရေး ✠ မြတ်ပန်းရဂုံစာပေ
အမှတ် ၉၁၉၊ ၈၂-ရပ်ကွက်၊ ရော(၆)လမ်း၊
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက် ● ၆၀/၉၈ (၆)
မျက်နှာဖုံးခွင့်ပြုချက် ● ၃၄/၉၈ (၁၁)
ဒုတိယအကြိမ် ● ၁၉၉၉၊ ဇန်နဝါရီလ
အုပ်ရေ ● ၅၀၀
မျက်နှာဖုံးဒီဇိုင်း ● ရွှေစိုးဟန်
မျက်နှာဖုံးကာလာခွဲ ● အယ်လ်ဖာ
ကွန်ပျူတာစာစီ ● မျိုးမော်ကွန်ပျူတာ (ဖုန်း - ၂၅၃၃၅၂)

**ထုတ်ဝေသူ**

ဦးမြသန်း (မြ-၀၁၅၁)၊ အသိုင်းအဝိုင်းစာပေ
အမှတ်-၃၅၊ သမာဓိလမ်း၊ ဇွဲဆုံရပ်
မရမ်းကုန်း၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဦးကျော်ဌေး (မြ-၀၂၇၇၃)၊ ရွှေဇင်ကျော်ပုံနှိပ်တိုက်
အကွက် ၆၄/၄၆၇၊ စက်မှုလက်မှုရပ်ကွက်၊ တောင်/ဒဂုံမြို့သစ်
၁၅၁/၃၄-လမ်း (အထက်)၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းအော့ဖ်ဆက်
၁၇၁၊ ၃၃-လမ်း၊ ရန်ကုန်။

တန်ဖိုး ● ၁၃၀၀ -

# ခြင်္သေ့ပမာ

❀ ❀ ❀

သားအပေါင်းတို့၏ အသွေး အသားကို ဖောက်ထုတ်စားသုံးတတ်သော၊ ရက်စက် ကြမ်းကြုတ်ခက်ထန်သော ခြင်္သေ့၌ ခြေလက်လေးဘက် နှုတ်သီးဟူသော လက်နက်ငါးပါး ရှိသကဲ့သို့ ထိုအတူ မိန်းမတို့တွင် အဆင်း၊ အသံ၊ အနံ့၊ အရသာ အတွေ့ ဟူသော လက်နက်ငါးပါးသည်ရှိ၏။

# ကုတ္ထိုဝက်တို့၏အကျင့်

▪ ▪ ▪ ▪ ▪ ▪ ▪

နံနက်မစွေ့ ညနေကျူသော၊ ညဥ့်မှာရာဂ

ဤသုံးဝဖြင့် ကာလကုန်လွန်စေသော

မိန်းမများသည် သေလျှင်မလွဲ

ငရဲရွာ၌ ဖြစ်ရတတ်ပါသည်။

( အံ၊ ၄–၁ )

# အမှာစာ

ဆရာရှင့်-- ဆရာက မယားကောင်းမယားမြတ် စာအုပ်ရေးသားထားသူဖြစ်၍ ကျွန်မတို့အမျိုးသမီးထု တစ်ရပ်လုံးက ဆရာ့ကို သိပ်ကျေးဇူးတင်နေကြပါသည်။

ယခုဤသင်တန်းတွင်ဆရာနှင့်ကြုံကြိုက်ခိုက် ကျွန်မတို့ မိန်းမတွေနှင့်ပတ်သက်၍ အများစု၊ (အထူးသဖြင့်) ယောကျ်ားများက စွပ်စွဲပြောဆိုနေကြသော 'ဣတ္ထိဝင်္က-နဒီဝင်္က' ဆိုတဲ့ စကားရဲ့ အကျယ်ဆိုလိုချက်ကို သိလိုပါသည်။ 'မယားကောင်းမယားမြတ်စကား' နှင့် 'ဣတ္ထိဝင်္က-နဒီဝင်္က' စကားရပ်များသည် ကျွန်မတို့ မိန်းမသားများအဖို့ ဗြောက်ဆောင့်ဆိုသော မြန်မာစကားကဲ့သို့ တစ်ဖက်ကမြှောက်သလိုရှိပြီး တစ်ဖက်က နှိမ့်ချထားသလိုဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ ဘယ်လိုမိန်းမမျိုးဟာ ဣတ္ထိဝင်္က-နဒီဝင်္ကဆိုတာ ဒီသင်တန်းမှာ ရှင်းပြပေးနိုင်လျှင် ရှင်းပြပေးသွားစေလိုပါသည်ရှင့်--။

သင်တန်းသူတစ်စု<br>
အမှတ်စဉ် ၁/၉၄<br>
ကျိုင်းတုံမြို့။

စာရေးသူသည် ကျိုင်းတုံမြို့တွင် ဖွင့်လှစ်သော လူဗုဒ္ဓသာသနာပြုသင်တန်း အမှတ်စဉ် (၁/၉၄) တွင် အခြား ဆရာများနှင့်အတူ သင်တန်းပို့ချပေးခဲ့ရပါသည်။ ထိုသင်တန်း အပြင် စစ်ဒေသနယ်မြေမှူး ဗိုလ်မှူးကြီးကျော်ဝင်း၊ မြရတနာ ဦးကျော်တင့်အပါအဝင် ကျိုင်းတုံရှိ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သာသနာအကျိုးဆောင်သူများက မြရတနာဦးကျော်တင့် လှူဒါန်း သော မူလတန်းကျောင်းတွင် 'ပထမအကြိမ် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း' ကို ဖွင့်လှစ်ခဲ့ပါသည်။ ထိုသင်တန်းသို့ ရန်ကုန်တိုင်း ကျောင်းထိုင်ဘုန်းတော်ကြီး သင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် ဦးကောဝိဒ (အဂ္ဂမဟာပဏ္ဍိတ) နှင့် စာရေးသူတို့က ပြသပေးရန် တာဝန်ပေးအပ်ခံခဲ့ရပါသည်။

ထိုသင်တန်းသို့ ကျိုင်းတုံမြို့မှ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူများ၊ ဆရာ၊ ဆရာမ များနှင့် လူသာသနာပြုသင်တန်းမှ သင်တန်းသူ အတော်များများ တက်ရောက်ခဲ့ပါသည်။

စာရေးသူတို့က သင်တန်းပို့ချပြီးတိုင်း မေးလိုရာ မေးပါ၊ တချို့အချက်များကို ကြိုတင်ရှာဖွေနိုင်ရန် စာဖြင့်မေးပါ ဟု ခွင့်ပြုခဲ့ပါသည်။ ထိုသို့ခွင့်ပြုချက်အရ သင်တန်းသူတစ်စု သည် အထက်ပါမေးခွန်းကို မေးလာပါသည်။

ထိုမေးခွန်းကို စာရေးသူသည် သင်တန်းတွင် သဘောမျှလောက်သာ အဖြေပေးခဲ့ပါသည်။ သင်တန်းသူဆရာမတစ်ဇုက သိပ်မကျေနပ်ကြပါ။ အားမရကြပါ။ ဒီထက်ပြည့်ပြည့်စုံစုံ ဖြေကြားစေလိုသော သဘောဆန္ဒရှိနေကြပါသည်။

သို့တွက်စာရေးသူသည် ဤမည်သော ဣတ္ထိဝတ် အကြောင်းကိုရေးမည်ဟု ကျိုင်းတုံလေဆိပ်အတက်ကတည်းက ဆုံးဖြတ်ခဲ့ပါသည်။ ထိုသို့ဆုံးဖြတ်သည့်အတိုင်းလည်း လက်လှမ်းမီသမျှ လေ့လာမိသမျှကို စုစည်းပြီး ဤမည်သော 'ဤသည်မိန်းမ ဣတ္ထိဝတ်'ဟူသော စာအုပ်ကို ရေးသားလိုက်ရပါသည်။

ရည်ရွယ်ချက်မှာ စာရေးသူ၏ မိခင်၊ နှမ၊ အမ၊ အဒေါ်၊ ဒွေးလေး၊ သမီးများအပါအဝင် ဤလောကရှိ မိန်းမသားအားလုံးတို့သည် မိန်းမကောင်း၊ မိန်းမမြတ်၊ မယားကောင်း၊ မယားမြတ်များ ဖြစ်ကြစေရန်--

* အကျင့်သီလ ဖြူစင်ခြင်း၊
* သမာဓိတည်ကြည်မြင့်မြတ်ခြင်း၊
* အရှက်အကြောက်ဟူသော လောကပါလတရားကို လေးစားလိုက်နာခြင်း၊
* လောကဓံတရားကို ကြံ့ကြံ့ခံနိုင်ခြင်း--

ဟူသော တရားတို့ကို စောင့်ထိန်းကြစေလိုသည်။

ဤစာအုပ်တွင် ရေးသားဖော်ပြထားသော အကျင့်ယုတ်များ၊ ဖျက်ဆီးမှု၊ ပျက်စီးမှုများကို သိရှိနားလည်ပြီး ရှောင်ကြဉ်ထိန်းသိမ်းနိုင်ကြစေလိုသည်။

ထိုသို့ထိန်းသိမ်းကြပြီး အမျိုးဘာသာ သာသနာအတွက်၊ နိုင်ငံနှင့်လူမျိုးအတွက် စင်ကြယ်သန့်ရှင်း မွန်မြတ်သော မိခင်များမှ သားကောင်းရတနာ သမီးကောင်းရတနာလေးများ ပေါ်ထွန်းရေးကို ရှေ့ရှုဆောင်ရွက်ကြစေလိုသော အာသီသဆန္ဒပင် ဖြစ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် မေးခွန်းမေးခဲ့သော ကျိုင်းတုံမြို့ လူသာသနာပြုသင်တန်း၊ ဗုဒ္ဓဘာသာသင်တန်း၊ ယဉ်ကျေးမှုသင်တန်းမှ ဆရာ၊ ဆရာမများ၊ ဤစာအုပ်ဖြစ်မြောက်ရေးအတွက်လိုအပ်သောစာများကို မငြီးမငြူကူးယူပေးခဲ့ကြသော သမီးငယ်မစန္ဒာမြင့်နှင့် စာအုပ်ဖြစ်မြောက်ရေးနှင့် ဖြန့်ချိရေးတာဝန်ယူပေးသော မြတ်ပန်းရဂုံစာပေတိုက်မှ ဦးခင်မောင်ဦး၊ ကိုအောင်ကျော်ထူးနှင့် မောင်သိန်းဇော်တို့အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

ဦးကိုကိုမြှင့်
စ/၅၅၊ သုနန္ဒာ ၃-လမ်း၊
မြောက်ဥက္ကလာပမြို့။

တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ-ဘီအေ)

# မာတိကာ


အကြောင်းအရာ — စာမျက်နှာ

အမှာစာ . . . . . . . . . . . . . . . . . . . . . . . . . . . .

## အခန်း(၁)

## ရှုဍ္ဍိဝက်ဟူသည်

ရှုဍ္ဍိဝက် . . . . . . . . . . . . . . . . . . . . . . . . ၁
မိန်းမယုတ်၏သဘောလက္ခဏာများ . . . . . . . . . . ၂
မိန်းမယုတ်၏ဆွဲငင်မာယာအတတ်(၈)မျိုး . . . . . . ၃
မိန်းမယုတ်တို့၌အပြစ်(၆)မျိုး . . . . . . . . . . . . . . . . ၄
မိန်းမယုတ်၏အပြစ်(၇)မျိုး . . . . . . . . . . . . . . . . . . ၅
မိန်းမယုတ်၏အပြစ်(၉)မျိုး . . . . . . . . . . . . . . . . . . ၅
မနုသာရာမှသတ်လာ စွန့်ပစ်အပ်သော
မယားယုတ်(၁၅)ယောက် . . . . . . . . . . . . . . . . . . ၆
လောကနီတိအလို စွန့်ပစ်အပ်သော
မယား(၆)ယောက် . . . . . . . . . . . . . . . . . . . . . . . . ၇
မိန်းမယုတ်တို့ ဖောက်ပြန်ပျက်စီးမှု
အကြောင်းရင်း(၉)ပါး . . . . . . . . . . . . . . . . . . . . . . ၇
မိန်းမတို့ပျက်စီးကြောင်းတရား (၁၃)ပါး . . . . . . . . . ၈
မိန်းမယုတ်တို့၏ မာန်တက်ခြင်း(၄)မျိုး . . . . . . . . . ၉
ရှောင်ကြဉ်အပ်သောမိန်းမ(၅)ယောက် . . . . . . . . . ၁၀

မိန်းမယုတ်များ၏ လော်လည်ခြင်း(၅)မျိုး ..... ၁၁
ရှောင်ကြဉ်သင့်သောမိန်းမဆိုးများ ............. ၁၂
အပြစ်ကင်းသော မိန်းမမယားမျိုး ............. ၁၂
အတူမနေအပ်သူ(၃) ယောက် ............... ၁၃


## အခန်း(၂)

### ဇာတ်တော် ကျမ်းဂန်ပညာရှိအဆိုအမိန့်များ


နိတိကျမ်းပြဇာတ်တော် ..................... ၁၄
ဘုရားလောင်းမဟာကုဏာလငှက်မင်းပြောပြသော
မိန်းမယုတ်တို့၏ မာယာပရိယာယ်များ ........ ၂၈
ပုဏ္ဏမုခမည်သော ဥဩငှက်မင်းပြောပြသော
မိန်းမယုတ်သဘော ........................ ၄၁
အာနန္ဒာလင်းတမင်းကပြောပြသော
မိန်းမယုတ်သဘော ........................ ၄၇
နာရဒရသေ့ပြောသော မိန်းမယုတ်သဘော ..... ၅၀
ကျမ်းအချို့လာ မိန်းမယုတ်သဘော ......... ၅၃


## အခန်း(၃)

### ဇာတ်တော် သာဓကများ


မိန်းမမာယာ မလ္လိကာ ..................... ၅၇
မိန်းမမာယာ သဲကိုးဖြာတဲ့ ................. ၆၂
သမီးတစ်ကောင် နွားတစ်ထောင် ............ ၆၈

သံကွန်ခြာဖုံးထား မလုံခြုံပြာပါ ................ ၇၄
လှေကြီးပေါ်တွင် လှေငယ်တင်သူ ............ ၈၈
လက်ရုံးကိုဖောက် သွေးကိုသောက်စေပါသည်... ၉၄
ကာမဂုဏ်အလို အိုသည်မရှိ ............... ၁၀၅
အတူနေရန်သူကို ကျွေးရပါသည် ............ ၁၁၃
ညွတ်ကွင်းကိုရှောင်နိုင်ပါ၏ သို့သော် ......... ၁၁၈
ကိုးကွယ်ခံဘဝ ပျက်စီးရ ကျွန်မဖြစ်တွေ ...... ၁၃၀
မင်းသမီးကျွန်မ ဆိတ်ကွယ်ရာရသော် ........ ၁၃၅
မိဖုရားပင်ဖြစ်လင့်ကစား .................. ၁၄၀
တကျော့ရမွှက်တွင်းမှ ကကျော့ဒေဝီ ............ ၁၄၂
နေ့စဉ်ညခံ ကျွန်မတို့ဘဝ အကုသိုလ်ကံ ...... ၁၄၈

## အခန်း(၄)

## ကျူတွိဝက်တို့၏ အပြစ်အင်ဖျား

လင်ခိုးမယားဆိုးတို့ ခံရမည့်အပြစ်များ ........ ၁၅၃
ကျူတွိဝက် မိန်းမတို့ကျရောက်ရာ ငရဲဘုံများ ... ၁၅၄

## အခန်း(၅)

မာယာညွတ်ကွင်းတကျော့တွင်းမှ
သားကောင်များဘဝ ...................... ၁၀၄

# မြတ်ပန်းရဂုံစာပေတိုက်တွင် ရရှိနိုင်သော
# စာရေးဆရာတက္ကသိုလ်သျှင်သီရိ (မဟာစရိယ ဘီ-အေ)၏
# စာအုပ်ကောင်းများ

- သေရွာပြန်တို့၏ ဖြစ်ရပ်မှန် ဘဝအတွေ့အကြုံများ
- ငရဲဟူသည်
- ရဟန္တာဟူသည်
- လူနတ်ဗြဟ္မာဟူသည်
- လာခြင်းကောင်း၍ ပြန်ခြင်းချမ်းမြေ့ပါစေ
- ရကြပါစေ အမျှဝေ၏
- ဖုတ် ပြိတ္တာများနှင့် ကမ္မဝါစာအစွမ်း
- လင်ကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့
- မွေးပျံ့သင်းထုံ မြတ်သီလဂုဏ်
- ပရိတ်တန်ခိုး ပရိတ်အကျိုး
- သစ္စာတန်ခိုး သစ္စာအကျိုး
- အိုဘယ့်မြတ်ရဟန်း
- လူဝင်စား
- နတ်ပြည်ရောက်လူသားတို့၏ ဘဝအတွေ့အကြုံများ

**ယခု**

- ဤသည်မိန်းမင်္ဂလာ (ဒုတိယအကြိမ်)

**ဆက်လက်၍**

- သမီးသားတို့အတွက် မိဘမေတ္တာ
- ဗုဒ္ဓဂုဏ်ဂါ မြတ်ဂါထာ

---

အမြို့မြို့ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

# အခန်း(၁)

# ဣတ္ထိဝက်ဟူသည်

## ဣတ္ထိဝက်

- မိန်းမတို့၏ သဘောသဘာဝသည် ကာမဂုဏ်အာရုံ ငါးပါးတို့၌ ယောကျ်ားတို့ထက် အဆ (၈)ဆ သာသည်အဖြစ်ကြောင့် ဆိတ်ကွယ်ရာဝယ် ရောက်ရှိပါက ကာမဂုဏ်အာရုံ ငါးပါးနှင့် ပတ်သက်၍ ဖောက်ပြန်လွယ်သော သဘောရှိသည်။
- မည်မျှပင် အသက်ကြီးစေကာမူ
- မည်မျှပင် သမာဓိ တည်ကြည်စေကာမူ

- ကာမဂုဏ်တို့ဖြင့် ဖြားယောင်းသွေးဆောင် ခံရသော် ဖောက်ပြန်လွယ်တတ်သည်။
- ထိုကာမဂုဏ်အားလုံးကို အကြောင်းပြုပြီး ယောကျ်ားလင်သားတို့ကို အလွယ်တကူ ဖျက်ဆီးတတ်သည်။ ပျက်စီးစေတတ်သည်။

မိန်းမတို့၏ မာယာလေးဆယ်ဖြင့် ဖြားယောင်းခံရသော ယောကျ်ားဟူသမျှတို့သည် သူတို့၏ညွတ်ကွင်းသို့ သက်ဆင်းရလေသည်။ ပျက်စီးဆုံးရှုံးတတ်ရလေသည်။

ထိုသို့ ကာမဂုဏ်အာရုံတို့နှင့် ပတ်သက်၍ ဖောက်ပြန်လွယ်၊ ပျက်စီးလွယ်သောသဘော၊ ယောကျ်ားတို့ကို ဖျက်ဆီးတတ်၊ ပျက်စီးစေတတ်သော သဘောရှိသောကြောင့် မိန်းမတို့ကို 'ဣတ္ထိ၀ဏ်- ကောက်ကျစ်သူ၊ ကောက်ကွေ့သူ' ဟူ၍ တင်စားခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။

အထူးသဖြင့် အောက်တွင် ဖော်ပြလတ္တံ့သော အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံကြသော ကျင့်ကြံအားထုတ်ကြသော မိန်းမဟူသမျှတို့သည် ဣတ္ထိ၀ဏ်ဟူ၍ ခေါ်ဆိုအပ်ပေသည်။

## မိန်းမယုတ်၏ သဘောလက္ခဏာအင်္ဂါများ

- အသားနီကြမ်းသည်၊
- နားရွက်ထူသည်၊
- ရင်ခြောက်သည်၊

ဤသည်မိန်းမ ဣတ္ထိဝက်

- ကိုယ်လက် အမွေးထူသည်၊
- ဆံပင်ကြမ်းသည်၊
- မျက်ထောင့်နီသည်၊
- မျက်လုံးဝန်းသည်၊
- ခါး တိုတုတ်သည်၊
- တင်ဆုံကြီးသည်၊ ကောက်သည်၊ တွဲသည်၊
- အသံကျယ်မှာ ရယ်မောပြောတတ်သည်၊
- ခြေလက်တုတ်ခိုင် ကြမ်းသည်၊
- ယောကျ်ားများနှင့် အကျွမ်းတဝင်ပြုတတ်သည်၊
- အလှအပ အပြင်အဆင် အထူးပြုလုပ်လေ့ရှိသည်၊
- လမ်းသွားရာ၌ ခြေကိုအတွင်းခွင်၍ သွားတတ်သည်၊
- ပွဲလမ်းသဘင် အပျော်အရွှင်သို့ နှစ်သက်ပြီး များစွာသွားတတ်သည်။

**မိန်းမယုတ်၏ ဆွဲငင်မာယာအတတ် (၈) မျိုး**

- ချိုပြုံးသော မျက်နှာပေးဖြင့်လည်းကောင်း၊
- ညင်းညင်းသာသာ ရယ်သံဖြင့်လည်းကောင်း၊
- ကြောက်လန့်ထိတ်လန့်ဟန် ပြ၍လည်းကောင်း၊
- ရှက်ဟန်အသွင် ပြု၍လည်းကောင်း၊

ဟက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ ဘီအေ)

- မကြားတကြားပြောသော စကားသံဖြင့်လည်းကောင်း၊
- မျက်နက်ယောင့်ကပ်၍ ကြည့်ခြင်းမျိုးဖြင့်လည်းကောင်း၊
- ရိုက်သံငိုသံ ပေးခြင်းဖြင့်လည်းကောင်း၊
- မခံချင်စရာ စိတ်ဆိုးအောင် ဆွပေးပြောခြင်းဖြင့်လည်းကောင်း၊

ယောကျ်ားများကို မိမိတို့ဘက်ပါအောင် ဆွဲဆောင်တတ်သည်။

**မိန်းမယုတ်တို့၏ အပြစ် (၆) မျိုး**

- သေရည်သေရက် သောက်စားလေ့ရှိသော မယားမိန်းမ၊
- အိမ်ထောင်မှုကို မထိန်းသိမ်းသော မယားမိန်းမ၊
- လင်ကို ရန်ပြုသော မယားမိန်းမ၊
- သူတစ်ပါးအိမ် လှည့်လည်၍ သူတစ်ပါးအကြောင်း မကောင်းသတင်း အတင်းပြောတတ်သော မယားမိန်းမ၊
- အိမ်တံခါးပိတ်ဆို့နေတတ်သော မယားမိန်းမ၊
- မိမိလင်ကဲ့သို့ အခြားယောကျ်ားကို အကျွမ်းတဝင်ချစ်ခင်ပြီးရယ်တတ်သော မယားမိန်းမ။

(သုတေသနသရုပ်ပြအဘိဓာန်ကျမ်း)

## မိန်းမယုတ်၏အပြစ် (၇) မျိုး

- ဖောက်ပြန်မှားယွင်းသော မိတ္တာစာရအကျင့်မျိုးကို ပြုတတ်သည်၊
- မရှုစမ်း မဆင်ခြင် အမှုကိစ္စကို အသောတလျှင် ပြုတတ်သည်၊
- ကောက်ကျစ်လိမ်လည် လှည့်ဖြားတတ်သည်၊
- ဝန်တိုမိစ္ဆာများစွာ ဖြစ်တတ်သည်၊
- ဘဏ္ဍာရာဂ လောဘရမ္မက် အားကြီးလွန်းသည်၊
- ခမ်းနားကြီးကျယ်သော ပြုဖွယ်ကိစ္စတို့၌ တတ်ကျွမ်းစွာ မသိမလိမ္မာ မစီရင်တတ်ခြင်း၊
- အတွင်းအပြင် နှစ်ဌာန၌ မစင်ကြယ် မသန့်ရှင်းမှုများခြင်း။

(ဟိတောပဒေသ)

## မိန်းမယုတ်၏အပြစ် (၉) မျိုး

- မစင်ကြယ် မသန့်ရှင်းတတ်ခြင်း၊
- မကောင်းသော အနံ့အသက်ရှိသည်၊
- အအိပ်ကြီးတတ်သည်၊
- ကြောက်လန့်တတ်လွယ်သည်၊
- အမျက်ထွက်လွယ်သည်၊
- ရန်ငြိုးဖွဲ့တတ်လွယ်သည်၊

**တက္ကသိုလ်ဆွေသီရိ(မဟာစရိယ၊ ဘီအေ)**

- ရာဂရမ္မက်ထူပြောသည်၊
- လျှာနှစ်ခွရှိတတ်သည်၊
- မိတ်ပျက်လွယ်တတ်သည်။

(ပဉ္စဂုဏ္ဍရပါဠိ၊ စာ- ၂၂၇၊ ၂၂၈)

## မနုဿာရမဏ္ဍသတ်လာ စွန့်ပစ်အပ်သော မယားယုတ် (၁၅) ယောက်

၁။ မြုံသောမိန်းမ၊
၂။ မိန်းမသာမွေးပြီး သားမမွေးသောမိန်းမ၊
၃။ နူနာရှိသောမယား၊
၄။ လင်ကို မရိုမသေပြုပြီး ဟောခရမ်းကြော့ကြမ်းသောမယား၊
၅။ မိမိလင်၌ အလိုမရှိ လင်ကိုမချစ်သောမယား၊
၆။ အရက်ကင်းသောမယား၊
၇၊ အကြောက်ကင်းသောမယား၊
၈။ ပျင်းရိသောမယား၊
၉။ ညစ်ပတ်လွန်းသောမယား၊
၁၀။ ဝန်တိုစဉ်းလဲသောမယား၊
၁၁။ ခိုးသူနှင့်တူသောမယား၊
၁၂၊ သခင်အရှင်နှင့်တူသောမယား၊
၁၃။ ရန်သူနှင့်တူသောမယား၊

၁၄။ ရန်ငြိုးဖွဲ့တတ်သော မယား၊
၁၅။ သစ္စာမရှိသောမယား။

**လောကနီတိအလို**

(၁) လင်၏စကားကို ငြင်းခုံတတ်သော အလေ့ရှိသော မိန်းမ၊
(၂) ငြူစူစောင်းမြောင်းတတ်သူ၊
(၃) မြင်တိုင်းကို လိုချင်မက်မောတတ်သူ၊
(၄) သူတစ်ပါးအိမ်သို့ သွားလာလှည့်ပတ်တတ်သူ၊
(၅) အတိုင်းအဆမရှိ ချက်ပြုတ်စားတတ်သူ၊
(၆) အအိပ်ကျူးသူ၊

ထိုမိန်းမကို သားတစ်ရာပင်ရသော်လည်း စွန့်ရာ၏။

**မိန်းမယုတ်တို့ ဖောက်ပြန်ပျက်စီးမှု အကြောင်းရင်း (၉) ပါး**

- မိမိတစ်ယောက်တည်း လှည့်လည်သွားလာနေထိုင်ခြင်း၊
- လင်ကိုပစ်ထားပြီး မိဘနေအိမ်သွား၍ များစွာ နေတတ်ခြင်း၊
- လူများစွာ စုဝေးသောအရပ်သို့ သွားလာဝင်ထွက် တတ်ခြင်း၊
- ပွဲလမ်းသဘင် အပျော်အရွှင် လိုက်စားတတ်ခြင်း၊
- ယောက်ျားတို့နှင့် ရောနှောပူးကပ် နေတတ်ခြင်း၊

- အလုပ်မရှိ ပျင်းရိနေခြင်း၊
- လင်ယောကျ်ားအိုမင်း၍ ကာမ မစွမ်းနိုင်ခြင်း၊
- ယောကျ်ားနှင့် ၃-၄ လ ကင်း၍နေခြင်း၊
- ဝတ်စားဖွယ်ရာ ဥစ္စာချို့တဲ့ခြင်း။

**မိန်းမတို့ပျက်စီးကြောင်းတရား (၁၃) ပါး**

- သ-ပဋ္ဌာန= ကိစ္စတိုင်း၌ ကိုယ်တိုင်စိုးမိုးလုပ်ကိုင် အာဏာပြိုင် ပြဋ္ဌာန်းမှုရနေခြင်း၊
- ပိတုမန္ဒိရနိဝသန= အဘနှင့်သာ ကြာမြင့်စွာ အုပ်ထိန်းခံ၍နေရခြင်း၊
- ယာတြောဿဝအင်္ဂတိ= အထူးစိစဉ်သော ပျော်ပွဲသဘင်တို့၌ ပါဝင်ဆင်နွှဲခြင်း၊
- ပုရိသသန္နိဓိဂေါဋ္ဌီ= ယောကျ်ားတို့နှင့် ဝိုင်းဖွဲ့ ရယ်မော တသောသောနေထိုင်ခြင်း၊
- အနိယမဝါသ= အိမ်တကာ လျှောက်လည်၍ နေခြင်း၊
- ဝိဒေသဝါသ= တစ်မြို့တစ်ရွာ တစ်နယ်တစ်ရပ်သို့ အမြဲမတည်၊ တစ်ယောက်တည်း လှည့်လည် နေထိုင်ခြင်း၊
- သကုလင္ဃသံသဂ္ဂ= လော်လီသော့သွမ်းသော မိန်းမရမ်းတို့နှင့်အတူ ပေါင်းသင်းနေထိုင်ခြင်း၊

- နိဒါယဝဋ္ဋိကျသန– သက်မွေးဝမ်းကျောင်း ကောင်းသောလုပ်ငန်း၏ မကြာခဏပျက်စီး ဆုတ်ယုတ်ရခြင်း၊
- ပတိဝုဒ္ဓက = လင်ယောကျ်ား သက်ကြီးရွယ်အို ရှိခြင်း၊
- ကုသိတာ = လင်ဖြစ်သူက အချောင်မယား အမြှောင်ထား၍ ပျော်ပါးကာနေခြင်း၊
- ပဝါသန = လင်ယောကျ်ားနှင့် ကြာမြင့်စွာ ကင်းကွာနေရခြင်း၊
- ပါန = သေအရက် သောက်ခြင်း၊
- သုပ္ပ = ယောကျ်ားတစ်ပါးနှင့် ပျော်ပါးပေါင်းဖက်ရသည်ဟု အိပ်မက်မက်ကာ လွန်မင်းစွာအိပ်ခြင်း။

(ဟိတောပဒေသ )

## မိန်းမယုတ်တို့၏ မာန်တက်ခြင်း (၄) မျိုး

- အဆင်းလှခြင်းကြောင့် အဆင်းမာန်တက်သော မယား၊
- အမျိုးမြင့်ခြင်းကြောင့် အမျိုးမာန်တက်သောမယား၊
- အနွယ်မြတ်သောကြောင့် အနွယ်မာန်တက်သော မယား၊
- ဥစ္စာနေပေါကြွယ်ဝမှုကြောင့် ဥစ္စာမာန်တက်သော မယား၊

[illegible] (…ရှိသော၊ ဘီအေ)

[illegible] ဘ မယား၊ အပြစ်ခြောက်ပါး
[illegible] တက်ခြင်းရှိသော မယားတို့
[illegible] ကျားတို့သည် စွန့်ပယ်အပ်၊
[illegible] ဟု ဆိုလိုပါသည်။
(သုတေသန သရုပ်ပြ အဘိဓာန်ကျမ်း)

## ရှောင်ကြဉ်အပ်သော မိန်းမ (၅) ယောက်

၁။ **အလွန်အဆင်းလှသော မယားမိန်းမ**

အလွန်အဆင်းလှသော မိန်းမသည် အလှဂုဏ်ကို အားကိုး၍ မိမိလင်ယောကျ်ားအား အရိအသေမဲ့ခြင်း၊ မထေမဲ့မြင် ပြုတတ်ခြင်း စသော အမူအရာအကျင့်မျိုးကို ပြုလေ့ရှိသည်။

၂။ **လူကြိုက်များသော မယားမိန်းမ**

လူကြိုက်များသောမိန်းမသည် မိမိအား အိမ်ထောင်ဖက်လိုမှု ပေါများမှုကိုအမှီပြု၍ မိမိ၏ လင်ယောကျ်ားအား အရိအသေမဲ့ခြင်း၊ မထေမဲ့မြင် ပြုတတ်သည်။

၃။ **ကချေသည်မိန်းမ**

ကချေသည်မိန်းမသည် မိတ်များမှု၊ အများနှစ်သက်လာအောင် ပြုလုပ်နေရမှုများကြောင့် လင်၌ပဓာနမထား၊ အများအတွက် ဦးစားပေးနေရသောကြောင့် လင်ကိုအရိအသေမဲ့ခြင်း၊ မထေမဲ့ မြင် ပြုတတ်လေသည်။

၄။ **ပစ္စည်း၌ အလွန်မက်မောသောမိန်းမ**

ယင်းမိန်းမသည် လင်ယောကျ်ား ပစ္စည်းရှိစဉ်သာ ကြည်ဖြူ၍ ပစ္စည်းမဲ့သောအခါ ငြူစူဖောက်ပြန်လေ့ရှိသည်။

၅။ **သူတစ်ပါးသားမယားဖြစ်သောမိန်းမ**

ယင်းမိန်းမသည် အပါယ်ကို လားရောက်စေတတ်သောကြောင့် ရောင်ရှားအပ်၏။

(အသိတိနိပါတ-ကုဏာလင်ဂဇာတက)

**မိန်းမယုတ်များ၏ လော်လည်ခြင်း (၅) မျိုး**

- ကုန်ကုန်ခမ်းခမ်း၊ စည့်ကမ်းမရှိ၊ အသုံးအစွဲ၌ လော်လည်ခြင်း၊
- အချိန်မရွေး၊ အဆမတန်၊ မချင့်ချိန်ဘဲ အစား၌ လော်လည်ခြင်း၊
- ကောင်းသည်ဆိုးသည် သဘောမချင့်ဘဲ အဝတ်၌ လော်လည်ခြင်း၊
- လင်ထံ ရိုးသားစွာ ပြန်မလာဘဲ ဟိုဝင်သည်ထွက် အသွား၌ လော်လည်ခြင်း၊
- မိမိ၌ လင်ယောကျ်ားရှိလျက် အခြားယောကျ်ားနှင့် ပျော်ပါးလွန်ကျူး လော်လည်ခြင်း။

## ရှောင်သင့်သော မိန်းမဆိုးများ

- ရန်ခိုက်တွေ့ကြုံ ငြင်းခုံတတ်သော အလေ့ရှိသူ၊
- ပြုစုစောင်းမြောင်း မကောင်းပြောဆိုတတ်သော အလေ့ရှိသူ၊
- မြင်တိုင်းမြင်တိုင်းသော အာရုံကို ခုံမင်တပ်နှစ်သက်တတ်သူ၊
- အစားအစာ ကောင်းနိုးရာကို များစွာချက်ပြုတ်စားတတ်လေ့ရှိသူ၊
- လင်၏ရှေးဦး ခူးခပ်၍စားတတ်သော အလေ့ရှိသူ၊
- သူတကာအိမ်သို့ လှည့်ပတ်သွားလာနေတတ်လေ့ရှိသူ၊

ထိုမိန်းမကို သားတစ်ရာပင် ဖွားသောမယားဖြစ်စေကာမူ ရှောင်ရှားသင့်သည်။

## အပြစ်ကင်းသောမိန်းမ၊ မယားမျိုး

- စားသောအခါ၌ လည်းကောင်း၊ ယဉ်ကျေးဖွယ်ရာဆင်ယင်သောအခါ၌ လည်းကောင်း၊ မွေးမိခင်ကျေးဇူးရှင်ကဲ့သို့ စိတ်၌ ရှင်မြူးနှစ်လိုခြင်းကိုပြုတတ်၏။
- လျှို့ဝှက်အပ်သော သိမ်မွေ့ကျစ်လျစ်သောအရာ၌ နှမကဲ့သို့ လွန်စွာဝှက်တတ်သည်၊

- အမှုကိစ္စတို့၌ ကျွန်မကဲ့သို့ ရှိသေစွာ ကောင်းမွန်စွာ ပြုတတ်၏။
- ဘေးရန်ရှိသောအခါ၌ တိုင်ပင်ဖော်ရသည်၊
- အိပ်သောအခါ၌ နှစ်သက်ရွှင်ပျော် မွေ့လျော်စေတတ်၏။
- အရောင်အဆင်း အလှအပပြုပြင်ခြင်း၌ ရှုကြည့်စဖွယ် တင့်တယ်စွာ ပြုပြင်တတ်၏၊
- ဒေါသမာန်တက်၊ အမျက်ထွက်သောအခါတို့၌ ဉာဏ်ဖြင့်သိမ်းဆည်း မျက်မာန်နည်း၍ သည်းခံတတ်၏။

ထိုမိန်းမမျိုးကို ပညာရှိတို့ ချီးမွမ်းပြီး၊ သေသည့်နောက်ဝယ် နတ်ပြည်သို့ ရောက်ရပေသည်။

**အတူမနေ အပ်သူ (၃) ယောက်**

- အခြားသူတစ်ဦး၌ စိတ်ညွတ်နေသော အိမ်ရှင်မ၊
- ရန်ငြိုးဖွဲ့ပြီး ဖြစ်ပွားခြင်းရှိသော ကျွန်၊
- အဆိပ်ပြင်းထန်သော မြွေပွေးတစ်ကောင်၊

(ဤ၌ ရှုဠပဒုမဇာတ်သည် ထင်ရှား၏)

* * * * *

# အခန်း(၂)

# (ဣနတ္တိဝက်)ကျမ်းဂန်ပညာရှိ အဆိုအမိန့်များ

## နီတိကျမ်းပြုဣနတ္တိဝက်

### မိန်မတို့၏အဆင်း

- ညိုမှောင်မည်းနက်၊ ဥသြငှက်၏အဆင်းကား၊ ရင့်ရှုကြွေးက ချိုအေးသာယာ အသံသာတည်း၊
- မိန်းမတို့၏ အဆင်းကား မိမိအရှင် အိမ်ရှင်ယောကျ်ားကို ကြင်နာစွာ မြတ်နိုးခြင်းသာ အချင်းတည်း၊

- ရုပ်ရည်ပုံသဏ္ဌာန် အဆင်းဟင့်တယ်ခြင်း မရှိသူတို့၏အဆင်းကား တတ်သိလိမ္မာ ပညာသာယာသည်း၊
- ရသေ့ရဟန်းတို့၏ အဆင်းကား ကိုယ်၊ နှုတ်၊ စောင့်စည်း မျက်မာန်နည်း သည်းခံခြင်းသာ လျှင်တည်း၊

မယားဟူသော အိမ်ရှင်မများသည် လင်ယောကျ်ားကို အမှီပြု၍ ကြီးပွားရမြဲဖြစ်သည်။ လင့်ဝတ္တရား ငါးပါးဟူသော အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိတ္တာကြည်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမှု၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွ။

ကျင့်ဝတ်ကို ကျေပွန်စွာ ပြုလုပ်ဆောင်ရွက်ပျက် လင်ယောကျ်ားတို့ကို စိတ်အလိုကျတိုင်း ပြုလုပ်ပေးခြင်း၊ မြတ်နိုးကြင်နာခြင်းတို့ကို ပြုလုပ်ပေးရမည်။ ဤဆောင်ရွက်ချက်များသည် မယားများအပေါ်၌ လင်သားများ ခင်မင်နှစ်သက် စုံမက်မြတ်နိုးကြောင်းများဖြစ်၍ ကောင်းမြတ်သော အဆင်းဟူ၍ ဆိုရပါမည်။

ထိုဝတ္တရားများနှင့် မပြည့်စုံသောမယားသည် မည်ကဲ့သို့ပင် အဆင်းရုပ်ရည် ကြည်လင်လှပ ကျနတင့်တယ်ခြင်းရှိကြားသော်လည်း လင်ယောကျ်ားတို့က နှစ်သက်မြတ်နိုး အားကိုးကြင်နာခြင်း ရှိကြမည်မဟုတ်ပါ။ ထိုမိန်းမကိုလည်း မယားကောင်း

ဟူ၍ မသတ်မှတ်ပါ။ ထိုမိန်းမသည် ကောက်ကျစ်သော ကြွင်ကြံက်
မိန်းမသာ ဖြစ်ပေမည်။

## မိန်းမတို့၏ အချင်း

အိမ်ရှင်မတို့၏ ဥစ္စာကား ရုပ်ရည်သန့်ရှင်း သိမ်မွေ့ခြင်း
နှင့် အဆင်းသာတည်း။

လင်တို့၏ဥစ္စာကား တတ်သိလိမ္မာ ပညာသာတည်း။
ရဟန်းတို့၏ ဥစ္စာကား ကျင့်ဝတ်သီလတည်း၊
မင်းတို့၏ဥစ္စာကား ရဲမက်ဗိုလ်ပါအားတည်း။

အိမ်ရှင်မဖြစ်သော မိန်းမတို့သည် မြင်ရသော လင်သား၏ နှလုံးစိတ်ဝမ်း ကြည်လင်ရွှင်ပျစေရန် အဆင်းရုပ်ရည် ကြည်လင်လှပ ကျနတင့်တယ်အောင် ပြုပြင်တတ်ခြင်း၊ သိမ်မွေ့နူးညံ့စွာ လင်သားကို ဆက်ဆံခြင်းပင်ဖြစ်သည်။

မိန်းမသည် ကံအကျိုးအရ ဥပဓိသမ္ပတ္တိကောင်းပြီး မည်မျှပင် ရုပ်ရေအဆင်း လှပနေသော်လည်း သန့်ရှင်းသပ်ရပ်စွာ မဝတ်ဆင်ခြင်း၊ သန့်ရှင်းသပ်ရပ်စွာ မနေတတ်ခြင်း၊ ပစ္စလက်ခွတ် နေတတ်၊ ထားတတ်ခြင်း၊ ကိုယ်ကိုသန့်ရှင်းစင်ကြယ်စွာ မပြုပြင် မစီရင်တတ်သော် ထိုမိန်းမသည် ရုပ်ရေမည်မျှပင် လှပစေကာမူ ရွံရှာဖွယ် မိန်းမသာ ဖြစ်သည်။

အကြင်မိန်းမသည် ဥပမိသမ္ဘတ္တိ ချို့ငဲ့သော်လည်း ဒွါးနေရာဒွါး၊ တော်နေရာတော် ပြုပြင်စီရင်တတ်ခြင်း၊ လိုက်လျော ညီထွေ ဆင်ယင်တတ်ခြင်း၊ သပ်ရပ်စွာ နေတတ်ထိုင်တတ် စီရင်တတ်ခြင်း၊ အရုက်အကြောက် ဣန္ဒြေလုံခြုံခြင်းစသော အင်္ဂါများနှင့် ညီညွတ်စွာနေသော ထိုမိန်းမ၏ အဆင်းသည်၊ အချင်းသည်ကား လှပသည်သာ ဖြစ်လေသည်။

မယား (မိန်းမ)သည် ဥပမိသမ္ဘတ္တိချောမော လှပ သော်လည်း အရှက်အကြောက်မရှိ၊ သိမ်မွေ့နူးညံ့ခြင်း မရှိ၊ အိပ်ရင်မပိပိ သပ်ရပ်စွာ စနစ်ကျစွာမနေတတ် မစီရင်တတ်သော ထိုမိန်းမသည် မိန်းမ မပီသသောမိန်းမ၊ အဆင်းအချင်းမရှိသော မိန်းမဟူ၍ ဆိုအပ်ပေသည်။

## တင့်တယ်ခြင်း

ရသေ့ရဟန်းတို့သည် ဆီသားကုန်၍ ကြုံလှီမှ အကျင့် အားဖြင့် တင့်တယ်ပါ၏။ အခြေလေးချောင်းရှိ သတ္တဝါတို့သည် ဆီသားတို့ ဆူဖြိုးပြည့်ဝမှ တင့်တယ်ပါ၏။ ယောက်ျားသည် တတ်သိလိမ္မာ ပညာရှိမှ ပရိတက်အလယ်၌ တင့်တယ်၏။ မိန်းမသည် အရှင်သခင်လင်ရှိမှ ပရိသတ်အလယ်၌တင့်တယ်၏။

— တံခွန်မလွှား၊ ရထားမတင့်၊ မလွင့်မီးခိုး၊ မီးမျိုး
မမည်၊ မင်းမဲ့ပြည်လည်း၊ ယုတ်သည်နှင်နှင်၊

လှူဒ္ဒထင်၏၊ ပုံကြင်တူလှ၊ ထိုမိန်းမလည်း၊
စကြာ့သနင်း၊ မင်း၏ရင်စစ်၊ ဖြစ်၍လင့်ကာဘား၊
လင်မဲ့ငြားမူ၊ စီးပွားတွင်ကျယ်၊ မတင့်တယ်ခဲ့။
– လောကီပမာ၊ ဤအရာ၌နာ [illegible]
ဆောင်အံ့၊ အိမ်ထောင်မက [illegible]
မြင့်ရှည်ထားသော်၊ မောင်မ [illegible]
အရှက်ကွဲသို့၊ ဝမ်းထဲစိတ်မျှ၊ [illegible]သော်၊
တာဂမည်သာ၊ မျိုးစီတာလည်း၊ သဒ္ဒါကပ်လျား၊
နေ့ရက်များမူ၊ ယောကျာ်းမစွဲ၊ ဖျက်ဆီးလေ၍၊
တင်ထွေကြေးညော်၊ ဖျက်ဆီးမြော်က၊ သူတော်
ချစ်ဖွဲ့၊ မလေးတွဲ့သည်၊ ကဲ့ရဲ့ပေတုံ့တုံ့မည်း။

မိန်းမသည် မည်မျှ ကြွယ်ဝချမ်းသာသော အမျိုးသမီး ဖြစ်စေကာမူ မိမိတစ်ဦးတစ်ယောက်တည်း နေထိုင်ခဲ့လျှင် လူဆိုးသူခိုးတို့ နှိပ်စက်မည်ကို ကြောက်ရွံ့ရခြင်း၊ သူတစ်ပါးတို့ မထေမဲ့မြင် ပြုမည်ကို ကြောက်ရွံ့ရခြင်း စသည်ဖြင့် များသော ဘေးအန္တရာယ် ရန်စွယ်များ ရှိပါသည်။

ထိုဘေးရန်တို့ကို ကာကွယ်စောင့်ရှောက်နိုင်သော လင်ယောကျာ်း ရှိရပါမည်။ လင်မရှိသော် အစစအရာရာတိုင်း၌ မတင့်တယ်သည့်ပြင် နေအိမ်တွင်လည်း တစ်ဦးတစ်ယောက်တည်း နေခြင်းမှာ မစွမ်းနိုင်ပါချေ။

ဝေဿန္တရာဇာတ်တော်တွင် မဒ္ဒီဒေဝီက ဝေဿန္တရာ မင်းကြီးကို လျှောက်ထားသည်မှာ–

– ရေမရှိသောမြစ်သည် အကျိုးမပြီး၊ အချည်းနှီးသာတည်း။

– မင်းမရှိသော တိုင်းပြည်သည် အကျိုးမပြီး အချည်းနှီး သာတည်း၊ အကြင်မိန်းမကား မောင်အရင်း ဆယ်ယောက်ရှိသော်လည်း လင်ယောက်ျားမရှိခဲ့သော် အကျိုးမပြီး အချည်းနှီးသာတည်း။

ဟု လျှောက်ထားခဲ့သည်။

သို့တွက် သိင်္ဂါလောဝါဒသုတ် မိဘတို့ဝတ္တရား ငါးပါးတွင် “ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ” ဟူ၍ မိဘတို့သည် မိမိတို့သားသမီး၊ အချိန်အရွယ်သို့ ရောက်လာသောအခါ သင့်တော်သူနှင့် အိမ်ထောင်ချပေးရမည်ဟု နည်းဥပဒေသကို ပြန်ဆိုထားခဲ့ပါသည်။

သို့တွက် မိန်းမဟူသမျှ အချိန်တန် အရွယ်ရောက်က မိမိတို့အားကိုးရာ စောင့်ရှောက်ရာ လင်သားကို ရှာဖွေ၍ အိမ်ထောင်ပြုရမည်။ မျိုးဆက်ပြန့်ပွားမှုကို ဆောင်ရွက်ရမည်။ ထိုသို့ မဆောင်ရွက်နိုင်သော် ထိုမိန်းမသည် အချည်းနှီးသာ ဖြစ်ပါသည်။

## မိန်းမအချိန်အခါ ကောင်းကွာမှု

- တတ်လုစွာသော စောင်းသမားသည် ငါးရက်မျှ စောင်းနှင့်ကင်းသော် စောင်းအတီးတတ် ချွတ်ယွင်းပျက်စီး၏။
- တတ်လုစွာသော လေးသမားသည် လေးနှင့် ခုနစ်ရက်မျှ ကင်းသော် လေးပစ်အတတ် ချွတ်ယွင်း ပျက်စီး၏။
- ကျင့်ဝတ်ငါးပါး၊ မမှားစေကန်၊ တော်ဖြောင့်မှန်သော အိမ်ရှင်မသည် ယောကျ်ားနှင့် တစ်လကင်းခဲ့မူ ဖောက်ပြန်ပျက်စီးတတ်၏။
- ပညာသင် တပည့်သည် လခွဲမျှ ဆရာနှင့်ကင်းမူ တပည့်ကျင့်ဝတ် ပျက်စီးတတ်၏။

အိမ်ရှင်မတို့မည်သည် မိမိလင်ယောကျ်ားနှင့် တစ်လမျှ ကင်းကွာနေခဲ့လျှင် မိမိ၏မယားဝတ္တရားများ အလေ့အကျင့် ပျက်ပြားခြင်းသို့ ရောက်တတ်သည်။ မိန်းမတို့ ပျက်စီးကြောင်းတရား (၆) ပါးရှိသည်။

၁။ မိမိအလိုအလျောက် တစ်ယောက်တည်း သွားလာနေထိုင်တတ်ခြင်း၊

၂၊ မိဘမေ့အိမ်သို့သွား၍ များစွာနေတတ်ခြင်း၊

၃။ လူများစွာကို စည်းဝေးသောအရပ်သို့ ဝင်ထွက်သွားလာ တတ်ခြင်း။

၄။ ပွဲလမ်းသဘင် အပျော်အပါး လိုက်စားတတ်ခြင်း၊
၅။ အမြဲပြုလုပ်အပ်သော အလုပ်အကိုင် မရှိခြင်း။
၆။ အိမ်ရှင်ယောကျ်ားနှင့် ကင်းကွာ၍နေရခြင်း။

အိမ်ရှင်မတို့သည် များသောအားဖြင့် လင်သားနှင့် ကြာရှည်စွာ ခွဲခွာနေရပါက ပျက်စီးတတ်သည်က များပါသည်။

ဤအရာ၌ အခြားကလာရောက် စောင့်ရှောက်သည် ထက် မိမိကိုယ်ကို အလေးအမြတ်ပြု၍ စောင့်ရှောက်ခြင်းကား သာလွန်ခိုင်မြဲ၊ လုံခြုံသည်ကို အမျိုးသမီးတိုင်း သတိပြုသင့်ပါသည်။

## မိန်းမတို့ မွေ့လျော်ခြင်း

- ကျွဲသတ္တဝါသည် ရွှံ့ညွန်အိုင်၌ စိတ်လိုနှစ်ခြိုက် မွေ့လျော်၏။
- ဟင်္သာငှက်သည် ကြာငါးမျိုးရှိသော ရေကန်၌ မွေ့လျော်၏။
- အိမ်ရှင်မမျိုးသည် ပျိုမျစ်နုနယ် ရှုစဖွယ်ဖြင့် တင့်တယ်လှပသော ယောကျ်ားကို စိတ်လိုနှစ်ခြိုက် ပျော်ပိုက် မွေ့လျော်၏။
- ရဟန်းသည် ကျင့်ဝတ်မြတ်တရား၌ စိတ်လိုနှစ်ခြိုက် ပျော်ပိုက်မွေ့လျော်၏။

၂၃၅ ၀၇
စာကြည့်တိုက်

အိမ်ရှင်မိန်းမတို့ မရှောင့်ရှားနိုင်သော တရား (၄) ပါး ရှိသည်။

- ကာမဂုဏ်၌ မေထုန်ခံစားမှု၊
- ဥစ္စာပစ္စည်း စည်းစိမ်ရလိုမှု၊
- သားသမီး မွေးဖွားမှု၊
- အဝတ်တန်ဆာ ဆင်ယင်မှု။

အိမ်ထောင်ရှင်မိန်းမတို့သည် အိမ်ရှင်ယောကျ်ားဟူသော အပေါင်းအဖော်၌သာ မွေ့လျော်တတ်သော သဘောရှိသည်။ လင်ယောကျ်ားအဖော်မရှိက တစ်ကိုယ်တည်း ကြာရှည်စွာ နေရပါမူ ရွှေဘုံရွှေနန်းနှင့် လိုလေသေးမရှိ နေစေရကာမူ နှစ်သက်မွေ့လျော် ပျော်ပိုက်ခြင်း မရှိတတ်ပေ။

ထိုသို့သော စိတ်ဓာတ်ရှိကြ၍ မိန်းမတို့၏ ဖောက်ပြန်မှု၊ ကာမဂုဏ်များယွင်းစွာ ကျင့်မှုတို့သည် လောကအလယ်ဝယ် ခဏခဏ ပေါ်ပေါက်ခဲ့ပေသည်။

မိန်းမတို့သည် ဤသို့သော အမှားအကျင့်၊ ဖောက်ပြန်သောအကျင့်ကို ဝေးစွာရှောင်နိုင်ရန် သီလတရား အရက်အကြောက် လောကပါလတရားတို့ကို အမြဲလေ့လာ ဆင်ခြင်ထားရပါမည်။

## အဆုံးရောက်မှ မိန်းမကို ချီးမွမ်းရခြင်း

- ထမင်းကို နူးနပ်ကြေမွမှ ဝမ်းသာရွှင်မြူး စိတ်ကြည်နူးစွာ ချီးကျူးရာ၏။
- အိမ်ရှင်မကို အရွယ်လွန်မှ ချီးမွမ်းရာ၏။
- ရဲမက်ဗိုလ်ပါကို စစ်ပွဲနိုင်မှ ချီးမွမ်းရာ၏။
- ကောက်ပင်ကို ကျီကျရောက်မှ ချီးမွမ်းရာ၏။

မယားကို အိမ်ရှင်မကျင့်ဝတ် သားသမီးတို့၌ ပြုစုစောင့်ရှောက်မှု လင်အလိုဆန္ဒ လိုက်လျောညီထွေ ကျင့်မှုတို့ကြောင့် ချီးမွမ်းထိုက်သော ဂုဏ်ကျေးဇူး ရှိငြားသော်လည်း ငယ်သောအရွယ် ရှိသေးသမျှသော ကာလပတ်လုံး အိမ်ရှင်မကျင့်ဝတ်နှင့် ကျေပွန်လှသည်ဟူ၍ စိတ်ချယုံကြည်ပြီး မြှောက်စားချီးမွမ်း မပြုသင့်သေးပေ။

အချိန်ရွယ်ကြီးလာသည်အထိ စောင့်ကြည့်ရမည်။ ထိုအရွယ်အထိ ဖောက်ပြားမှုမရှိ၊ မယားကျင့်ဝတ်နှင့်အညီ ပြုစုစောင့်ရှောက်တတ်သည်ဟု ဆိုပါမှ ချီးမွမ်းရပါမည်။

မိန်းမတို့၏ စိတ်သဘောသည် ဆောင်းလေပမာညီ၊ လေယူရာ အချိန်မရွေး ယိမ်းတတ်ညွတ်တတ်သော သဘောရှိသည်။ အပြောသာယာမှု၊ အတွေ့သာယာမှု၊ ဥစ္စာပစ္စည်းသာယာမှုတို့၌ မိန်းမတို့သည် စဉ်းစားဆင်ခြင်ဉာဏ် အားနည်း

တတ်သော သဘောရှိသည်။ သို့အတွက် အရွယ်ရှိသမျှ စိတ်မချရ၊ အရွယ်လွန်မှ စိတ်ချရသောကြောင့် အရွယ်ကြီးမှ ချီးမွမ်းရမည် ဟု နီတိဆရာက ဆိုထားပါသည်။

## လှည့်ပတ်များသူ (၃) ဦး

- နှစ်ကြိမ်သုံးကြိမ် အိမ်ထောင်ပျက်ဖူးသော မိန်းမ၊
- နှစ်ကျောင်းသုံးကျောင်း ပြောင်းရွှေ့နေထိုင်ဖူးသော ရဟန်း၊
- နှစ်ကြိမ်သုံးကြိမ် ကျော့ကွင်းမှ လွတ်ဖူးသောငှက်၊

ဤသုံးဦးတို့သည် အလွန်မာယာပရိယာယ် များတတ် သည်။

မိန်းမတို့သည် မိဘပေးစားသော မိမိချစ်မြတ်နိုး၍ လက်ထပ်အပ်သော လင်ယောကျ်ားနှင့် ရိုးမြေကျသည်အထိ မပေါင်းသင်းဘဲ တစ်အိမ်ထောင်ပြီး တစ်အိမ်ထောင် တစ်လင် ပြီးတစ်လင် ယူလာပါက ထိုမိန်းမမျိုးသည် မာယာပရိယာယ် အလွန်များတတ်သည်။ လင်ကို ဒုက္ခအမျိုးမျိုး ပေးတတ်သည်။

ထိုမိန်းမမျိုးကို ပေါင်းဖက်သော ယောကျ်ားသည် ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော လောကဌ် ဆင်းရဲရောက်တတ်၍ ထိုမိန်းမမျိုးကို အစဉ်ရှောင်ကြဉ်ရပေသည်။

## မိန်းမကို ပစ္စည်းမအပ်နှံရခြင်း

- ယုတ်မာသောသူ့အမ်းသွမ်း ဟောရမ်းသူကို တုတ်ပုံဖြင့် ရိုက်ပုတ်သတ်၍ ဆုံးမပေးပြီး ယဉ်ကျေးစေရပါသည်။
- ကျင့်ဝတ်မမှန် ဖောက်ပြန်တတ်သော မိတ်ဆွေကို စကားမပြောဘဲနေပြီး ယဉ်ကျေးစေရပါသည်။
- အကျင့်မမှန် ဖောက်ပြန်တတ်သော မိန်းမကို စည်းစိမ်ကိုဖြတ်၊ ဥစ္စာမအပ်နှံသဖြင့် ဆုံးမသွန်သင် ပဲ့ပြင်နည်းပေး ယဉ်ကျေးစေရာ၏။
- အစားအစာ တပ်မက်သောသူကို အစာကိုနှုတ် ယုတ်လျော့စေသဖြင့် ဆုံးမသွန်သင် ပဲ့ပြင်နည်းပေး ယဉ်ကျေးစေရာ၏။
- အိမ်ရှင်မသည် အသုံးအစွဲကြီးခြင်း၊
- ပျက်စီးသည်ကို မပြင်ခြင်း ၊
- ပျောက်သည့်ပစ္စည်းကို မရှာခြင်း၊
- အဝင်အထွက် မကိုင်းတာတတ်ခြင်း။

ဤသို့သောမိန်းမမျိုးသည် အိမ်ထောင်သာယာရေး လောကီစည်းစိမ် ကြီးပွားချမ်းသာရေးအတွက် အကျိုးမများ၊ ပျက်စီးရမည့်သာ များတတ်သောကြောင့် ထိုမိန်းမမျိုးကို ဥစ္စာပစ္စည်း မအပ်နှံဘဲ ထားရသည်။

## မတင့်တယ်သော မိန်းမဘာဝမျိုး

- လရောင်မရှိသောညဥ့်သည် မတင့်တယ်၊
- လှိုင်းတံပိုးမရှိသောသမုဒ္ဒရာသည် မတင့်တယ်၊
- ဟသ်ာကင်းသောရေကန်သည် မတင့်တယ်၊
- လင်မရှိသောမိန်းမသည် မတင့်တယ်။

အိမ်ရှင်မမျိုးဟုခေါ်သော မိန်းမသည် မိမိတစ်ကိုယ်တည်းနေ၍ မတင့်တယ် လင်ဟူသောအဖော်ရှိမှ တင့်တယ်လှပေသည်။

မယားမှန်သမျှသည် သစ်ပင်ကြီးကို မှီတွယ်၍ ကြီးပွားရသော ချုံနွယ်ပင်နှင့် ပမာတူသည်။

ချုံနွယ်ပင်တို့ဟူသည် အမှီသစ်ပင်ကြီးကို မမှီတွယ်ရဘဲ ကြီးပွားခြင်းသို့ မရောက်ရသကဲ့သို့ ထိုနည်းတူစွာ အိမ်ရှင်မဟူသော မယားသည်လည်း လင်နှင့်ကင်း၍ ကြီးပွားခြင်း၊ မြင့်မြတ်ခြင်း၊ တင့်တယ်ခြင်းသို့ မရောက်နိုင်ပေ။ လင်ယောကျ်ားတည်းဟူသော အမှီသစ်ပင်ရှိမှသာ ရောက်နိုင်ပါသည်။

ဤလောကဝယ် မည်မျှပင်ဆင်းရဲနွမ်းပါးသောအမျိုး၌ဖြစ်လင့်ကစား လင်ယောကျ်ားက ကြီးပွားမြင့်မြတ်တင့်တယ်လျှင် မိမိသည်လည်း ကြီးပွားမြင့်မြတ် တင့်တယ်ရသည်။

သူဌေးနှင့်ရလျှင် သူဌေးကတော်၊ မင်းနှင့်ရလျှင် မိဖုရား၊ မင်းကတော် အစရှိသဖြင့် ထင်ရှားကျော်စောခြင်း၊ မြင့်မြတ်ခြင်းသို့ ရောက်ရသည်။

ဤလောကဝယ် မိမိတို့ တစ်ဦးတည်း အစွမ်းသတ္တိဖြင့် ကြီးပွားမြင့်မြတ်၊ တင့်တယ်ခြင်းသို့ မရောက်နိုင်။ မိမိအနီးအပါးရှိ အရာဝတ္ထုကို မှီတွယ်၍သာ ရောက်ရသောအရာဝတ္ထု (၃) မျိုးရှိသည်။

၁။ မင်း၊

၂။ မယား၊

၃။ နွယ်ပင်တို့ ဖြစ်သည်။

- မင်းမည်သည် အရာထမ်းအမှုထမ်း၊ အမတ်ပညာရှိ စသည်အခြံအရံရှိပြီး ထိုပုဂ္ဂိုလ်များနှင့် ညှိနှိုင်းတိုင်ပင် လုပ်ဆောင်မှသာ ထိုပုဂ္ဂိုလ် အဆင့်ဆင့်က ကျရာတာဝန် ကူညီလုပ်ပေးမှသာ တိုင်း၊ နိုင်ငံ ကြီးပွားပြီး မိမိလည်း တင့်တယ်မြင့်မြတ် ကြီးပွားသည်။
- အိမ်ရှင်မ မယားသည် လင်ယောကျ်ား၏ ပညာလက်ရုံး၊ ဘုန်းအရည်အချင်း ဥစ္စာပစ္စည်းတို့ကို အမှီပြုပြီး ကျက်သရေဂုဏ်သိန်၊ အရှိန်အဝါ ကြီးကျယ်မြင့်မြတ် တင့်တယ်ခြင်းသို့ ရောက်ရသည်။
- နွယ်သစ်ပင်သည် မိမိအနီးရှိ သစ်ပင်ကြီးကို နှာမောင်းဖြင့် ချိတ်တွယ်ရစ်ပွဲ အားယူပြီးတက်မှ

သာ တစ်ဆင့်ထက်တစ်ဆင့်မြင့်ပြီး သန့်စွမ်းခြင်းသို့ ရောက်ရသည်။

## ဘုရားလောင်းမဟာကုဏာလငှက်မင်း ပြောပြသော မိန်းမယုတ်တို့၏မာယာ ပရိယာယ်များ

- မိန်းမတို့သည် များသောအားဖြင့် မကောင်းမှုကို ပြုတတ်ကြကုန်၏။ ဤမြေကြီးသည် အမျက်ဒေါသ မရှိသောကြောင့် အလုံးစုံသော ဝတ္ထုတို့၌ တူမျှသော တပ်ခြင်းရှိသည်ဖြစ်၍ အလုံးစုံသော အယုတ်အမြတ် ဖြစ်ကုန်သော ဝတ္ထုတို့၏တည်ရာ ဖြစ်သကဲ့သို့-
 ထို့အတူမိန်းမတို့သည်လည်း ကိလေသာအစွမ်းဖြင့် အလုံးစုံသော အယုတ်အမြတ်ဖြစ်သော ယောကျ်ားတို့၏ တည်ရာဖြစ်ကုန်၏။ ထိုမိန်းမတို့သည် အခွင့်ရကုန်သည်ရှိသော် တစ်စုံတစ်ယောက်သော သူနှင့်တကွ ယုတ်မာသော အကျင့်ကို ကျင့်ကုန်၏။
- ဤမြေကြီးသည် အလုံးစုံကိုသာလျှင် သည်းခံသကဲ့သို့ မတုန်မလှုပ်သကဲ့သို့ မပျက်စီးသကဲ့သို့-
 ထို့အတူမိန်းမတို့သည်လည်း အလုံးစုံသော

အယုတ်အမြတ် ဖြစ်ကုန်သော ယောကျ်ားတို့ကို ကိလေသာ၌ သာယာခြင်း၏ အစွမ်းဖြင့်လျှင် သည်းခံလေကုန်၏။

- အကယ်၍ ထိုမိန်းမ၏စိတ်၌ ယောကျ်ား တစ်ယောက် စွဲလမ်းတည့်နေငြားအံ့။ ထိုစွဲလမ်း သောစိတ်ကြောင့် မိန်းမသည် ထိုယောကျ်ားကို စောင့်အံ့သောငှာ စဉ်းငယ်မျှလည်း မတုန်လှုပ်၊ မရွှေ့ပြောင်း၊ အုပ်အုတ်ကျက်ကျက်ကို မပြု။
- ဤမြေကြီးသည် မပျက်စီးသကဲ့သို့ မတုန်လှုပ် သကဲ့သို့ ထို့အတူမိန်းမတို့သည် မေထုန်ကာမ အကျင့်ဖြင့် မပျက်စီးကုန်၊ မတုန်လှုပ်ကုန်။ မေထုန် ကာမအကျင့်ဖြင့် ဖြည့်ခြင်းငှာ မတတ်နိုင်ကုန်။
- သားအပေါင်းတို့၏ အသွေးအသားကို ဖောက် ထုတ် စားတတ်သော ရက်စက်ကြမ်းကြုတ် ခက်ထန်သော ခြင်္သေ့အား ခြေလက်လေးဘက် နှုတ်သီးဟူသော လက်နက်ငါးပါးရှိသကဲ့သို့ ထို့အတူ မိန်းမတို့အား အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဟူသော လက်နက်ငါးပါးသည် ရှိ၏။
- ခြင်္သေ့သည် မိမိအစာဖြစ်သော သားတိရစ္ဆာန်တို့ကို မိမိလက်နက်ငါးပါးဖြင့် ဖမ်းယူသကဲ့သို့ ထို့အတူ

မိန်းမတို့သည်လည်း ကိလေသာဟူသောအစာကို အဆင်းစသော လက်နက်ငါးပါးဖြင့် ပစ်ခတ် ဖမ်းစား၍ ဆောင်ယူတတ်ကြပါသည်။

- ခြင်္သေ့သည် ကြမ်းကြုတ်ခက်ထန်သည်ဖြစ်၍ နိုင်ထက်မှုလျက် စားတတ်သကဲ့သို့ ထို့အတူ မိန်းမတို့သည် ကြမ်းကြုတ်ခက်ထန်ကုန်၏။ နိုင်ထက်မှု၍ စားတတ်ကုန်၏။
- မှန်၏။ မိန်းမတို့သည် သီလရှိကုန်သော ယောကျ်ားတို့ကိုလည်း မိမိတို့၏ အစွမ်းဖြင့် နိုင်ထက်မှုခြင်းကိုပြု၍ သီလ၏ပျက်စီးခြင်းသို့ ရောက်စေတတ်ကုန်၏။
- ခြင်္သေ့သည် သူတစ်ပါးကို ညှဉ်းဆဲခြင်း၌ မွေ့လျော်တတ်သကဲ့သို့ ထို့အတူ မိန်းမတို့သည်လည်း ကိလေသာအစွမ်းဖြင့် သူတစ်ပါးကို ညှဉ်းဆဲခြင်းကို မွေ့လျော်တတ်ပါ၏။
- ထိုမိန်းမတို့သဘောသည် လှည့်ပတ်တတ်၏။ တံလျှပ်နှင့်တူ၏။ စိုးရိမ် ကြောင့်ကြခြင်းကို ပြုတတ်၏။ အနာရောဂါကို ပြုတတ်၏။ သေရည်ကိုလည်း ပြုတတ်၏။
- ထိုမိန်းမတို့သည် အများကဲ့သို့သအားဖြင့် ကြမ်းကြုတ်ကုန်၏။

- သတ်ခြင်း နှောင်ဖွဲ့ခြင်း၏အကြောင်း ဖြစ်ကုန်၏။
- သေမင်း၏ ကျော့ကွင်းမည့်ကုန်၏။
- ကိုယ်တည်းဟူသော လိုဏ်မိုကုန်၏။

ထိုမိန်းမတို့နှင့် ရောနှောအတူဝင်သော ယောကျ်ားသည် ယောကျ်ားယုတ်သာဖြစ်မည်။

- ဦးသျှောင်ကိုထုံး၍ တောအုပ်၌တည်သော ခိုးသူသည် ဥစ္စာကို လုယက်သကဲ့သို့ ထို့အတူ မိန်းမသည်လည်း ယောကျ်ားအပေါင်းကို ကိလေသာနိုင်ငံသို့ ယူဆောင်၍ ဖျက်ဆီး၏။
- အဆိပ်နှင့်ရောသော သူရာသည် ဖောက်ပြန်ခြင်းကို ပြုတတ်သကဲ့သို့ ထို့အတူ မိန်းမတို့သည်လည်း ယောကျ်ားတစ်ပါး၌ တပ်စွန်းသောစိတ်ရှိသောအခါပြုအပ်သည် မပြုအပ်သည့်ကို မသိကြတော့ဘဲ ဖောက်ပြန်ခြင်းကို ပြုတတ်ကြ၏။
- ကုန်သည်သည် မိမိကုန်၏ ကျေးဇူးကိုသာလျှင် ချီးမွမ်းပြောသကဲ့သို့ ထို့အတူမိန်းမတို့သည်လည်း မိမိ၏ ဂုဏ်ကျေးဇူးမဲ့ကို ဖုံးလွှမ်းကာ မိမိ ဂုဏ်ကျေးဇူးကိုသာလျှင် ပြုတတ်ကုန်၏။
- ဝံသည် လျင်မြန်စွာ ပြန်၍တည်သကဲ့သို့ ထို့အတူ မိန်းမတို့သည်လည်း လျင်သောစိတ်ရှိသည် အဖြစ်ကြောင့် လျှင်သောအတုံ့အပြန် ရှိကြသည်။

- မြွေသည် လျှာနှစ်ခွရှိသကဲ့သို ထို့အတူ မိန်းမတို့သည် မုသားဆိုတတ်သည်ဖြစ်၍ လျှာနှစ်ခွရှိသည်မည်ကုန်၏။
- ပျဉ်ဖြင့်ဖုံးအုပ်သော မစင်တွင်းတို့ကဲ့သို့ ထို့အတူ မိန်းမတို့သည်လည်း အဝတ်တန်ဆာဖြင့် ဖုံးလွှမ်းအုပ်သည်ဖြစ်၍ သွားတတ်ကုန်၏။
- အမှိုက်ဖြင့် ဖုံးလွှမ်းအုပ်သောတွင်းသည် နင်းမိသည်ရှိသော် သူတစ်ပါး၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်သကဲ့သို့ ထို့အတူ မိန်းမတို့သည်လည်း အကျွမ်းဝင်သဖြင့် မှိဝဲမိသည်ရှိသော် သူတစ်ပါး၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်ကုန်၏။
- မဟာသမုဒ္ဒရာသည် ရေဖြင့်ပြည့်နိုင်ခဲသကဲ့သို့ ထို့အတူ မိန်းမတို့သည် မေထုန်ကာမမှုဖြင့် လည်းကောင်း၊
- သားဖွားခြင်းဖြင့် လည်းကောင်း၊
- တန်ဆာဆင်ခြင်းဖြင့် လည်းကောင်း၊

ဤသုံးပါးသော အကြောင်းတို့ဖြင့် ပြည့်နိုင်ခဲ၏၊ ထိုသုံးပါးဖြင့် မရောင့်ရဲဘဲလျက် သေရသည်။

- ဘီလူးမသည် သားဟင်းမျိုးကိုသာ တပ်မက်မောသောကြောင့် ဥစ္စာဖြင့် ရောင့်ရဲခြင်းငှာ မတတ်နိုင်။

များစွာသော ဥစ္စာကိုပယ်၍ သားဟင်းမျိုးကို သာလျှင် တောင့်တသကဲ့သို့ ထို့အတူ မိန်းမတို့ သည် မေထုန်ကာမ တပ်မက်သောကြောင့် များစွာ သော ဥစ္စာဖြင့် မရောင့်ရဲနိုင်ကုန်။ ဥစ္စာဖြင့် မရေ တွက်မူရာ မေထုန်အကျင့်ကိုသာ မှီဝဲတောင့်တ ကုန်၏။

– ယမမင်းသည်ဆန်းစစ် စစ်ဆေးကာတ်သည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မရှောင်ကြဉ်သကဲ့သို့ ထို့အတူ မိန်းမတို့သည်လည်း အမျိုးနှင့်ပြည့်စုံခြင်း အစရှိသော သူတို့တွင် တစ်စုံတစ်ယောက်သော သူကိုမျှ မရှောင်ကြဉ်ကုန်၊ အလုံးစုံသော ယောကျ်ား ကို ကိလေသာအစွမ်းဖြင့် သီလ၏ပျက်စီးခြင်း အစရှိသည်သို့ ရောက်စေ၍ နှစ်ကြိမ်မြောက်သော ပဋိသန္ဓေစိတ်အလှည့်၌ ငရဲသို့ ဆောင်တတ် ကုန်၏။

– မီးသည် စင်ကြယ်သော ဝတ္ထုကိုလည်းကောင်း၊ မစင်ကြယ်သော ဝတ္ထုကိုလည်းကောင်း၊ အလုံးစုံ ကောင်း–မကောင်းကို တောင့်တသကဲ့သို့ မိန်းမ သည်လည်း အယုတ်အမြတ် ဖြစ်ကုန်သော ယောကျ်ား အလုံးစုံတို့ကို မှီဝဲတတ်ကုန်၏။

- မြစ်သည် အလုံးစုံ ကောင်း-မကောင်းဖြစ်သော ဝတ္ထုကို မျှောတတ်သကဲ့သို့ ထို့အတူ မိန်းမသည်လည်း အလုံးစုံ အယုတ်အမြတ်ဖြစ်ကုန်သော ယောကျ်ားတို့နှင့် ဆက်ဆံတတ်ပါသည်။
- လေသည် မိမိအလိုရှိရာ အရပ်သို့ ပြေးလွှားသွားတတ်သကဲ့သို့ ထို့အတူ မိန်းမသည်လည်း အကြင်အရပ်၌ အလိုရှိ၏။ ထိုအရပ်ကိုသာ ပြေးသွားတတ်၏။
- ဟိမဝန္တာ၌ နေဂုမည်သော တောင်တစ်ခုရှိသည်။ ထိုတောင်သို့ တက်ရောက်သွားကြကုန်သော ကျီးတို့သည် ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်သည်သာလျှင် ဖြစ်ကုန်၏။ ထိုနေဂုမည်သော ရွှေကောင်သည် အထူးမရှိသည်ကိုပြု၍ မိမိသို့ ကပ်ရောက်လာကုန်သော သူတို့ကို ကပ်တူပြုသကဲ့သို့ ထိုအတူ မိန်းမပျိုသည်လည်း အထူးမရှိသည်ကိုပြု၍ မိမိသို့ရောက်လေကုန်သော ယောကျ်ားတို့ကို ထပ်တူမျှ ပြုတတ်ကုန်၏။
- သရက်ပင်နှင့်တူသော ကိပက္ကမည်သော အဆိပ်ပင်သည် အမြဲလျှင် အသီးသီး၏။ အဆင်းအစရှိသည်တို့နှင့် ပြည့်စုံ၏။ အဆိပ်သီးကို စွဲရှာခြင်း၊

ကင်းသဖြင့် စားကုန်သော သူတို့သည် သေသကဲ့သို့ ထိုတူ မိန်းမတို့သည်လည်း အဆင်းအစရှိသည်တို့၏ အစွမ်းဖြင့် အမြဲအသိသာကန်သော ကြောင့် မွေ့လျော်ဖွယ်ကဲ့သို့ ယင်ကန်၏။ မိမိကိုမှီဝဲကုန်သော သူတို့အား မေ့လျော့ခြင်းကို ဖြစ်စေ၍ အပါယ်လေးပါးသို့ သွားတတ်ကုန်၏။

- မိန်းမတို့သည် အိမ်ရှင်လင်တို့ ဆင်ရဲငြိငြင်စွာ ရှာဖွေထားသော ဥစ္စာရတနာတို့၏ အန္တရာယ်ကို ပြုတတ်ကုန်သည်။ ထိုဥစ္စာတို့ကို တစ်ပါးသူကို ပေး၍ ယုတ်မာသော အကျင့်ကို ကျင့်တတ်ကုန်၏။
- နွားလား၊ နွားမ၊ ယာဉ်၊ မယား၊ ဤလေးမျိုးတို့ကို ကင်း၍ မနေရပေ။
- ယာဉ်မရှိသောသူတို့သည် လှည်းရထားကို ဖျက်ဆီးကုန်၏။
- အလွန်လေးသောဝန်ကို ဆောင်စေခြင်းဖြင့် နွားလားကို သတ်ကုန်၏။
- နို့ညှစ်သဖြင့် နွားငယ်ကို သတ်တတ်ကုန်၏။
- မိဘအိမ်၌နေသောမယားသည် ပျက်စီးတတ်၏။
- ညှို့မရှိသောလေး၊

- မိဘအိမ်၌နေသောမယား၊
- တစ်ဘက်ကမ်း၌ရှိသောလှေ၊
- ဝင်ရိုးကျိုးသောလှည်း၊
- အဝေး၌ရှိသောမိတ်ဆွေ
- မကောင်းသော အဆွေခင်ပွန်း၊

ဤခြောက်ပါးတို့သည် မြဲမှုယံကိစ္စရှိသော် အကျိုးကို ပျက်တတ်ကြသည်။

မိန်းမတို့သည် လင်ကိုအောက်ပါ အကြောင်းတို့ဖြင့် မထေမဲ့မြင် ပြုတတ်ကြပါ၏

- ဆင်းရဲသည် အဖြစ်ကြောင့်။
- ရောဂါနှိပ်စက်သည် အဖြစ်ကြောင့်။
- အိုသည် အဖြစ်ကြောင့်။
- သေသောက်ကျူးရာသည် အဖြစ်ကြောင့်။
- အလွန်အတွေဆသည် အဖြစ်ကြောင့်။
- အလုံးစုံသောကိစ္စတို့၌ မယားအလိုသို့ မလိုက် သည်၏ အဖြစ်ကြောင့်။

အလုံးစုံသောဥစ္စာကို ပေးသဖြင့်လည်း မိန်းမတို့သည် ကိုးပါးသောအကြောင်းဖြင့် လင်၏ အဖြစ်ကို ဆောင်တတ် ကုန်၏။

- ပွဲလမ်းသဘင် စသည်သို့ သွားလေ့ရှိ၏။
- ဥယျာဉ်သို့ သွားလေ့ရှိ၏။
- မြစ်ဆိပ်သို့ သွားလေ့ရှိ၏။
- မိဘအိမ်သို့ သွားလေ့ရှိ၏။
- သူတစ်ပါးအိမ်သို့ သွားလေ့ရှိ၏။
- မှန်ကြည့်ခြင်း၊ အဝတ်တန်ဆာ ဆင်ခြင်းတို့၌ အလွန်အားထုတ်လေ့ရှိ၏။
- သေရည်တို့ကို သောက်လေ့ရှိ၏။
- လေသာပြတင်းပေါက် စသည်ဖြင့် ကြည့်လေ့ရှိ၏။
- မိမိအင်္ဂါကြီးငယ်ကိုပြလျက် အကြောင်းမဟုတ်သည်၌ တည်လေ့ရှိ၏။

မိန်းမတို့သည် လေးဆယ်သော အကြောင်းတို့ဖြင့် ယောကျ်ားကို လွန်ကျူး၍ ကျင့်တတ်ပါ၏။

၁။ ကိုယ်လက်ကိုဆန့်ပြ၏။

၂။ ကိုယ်လက်ကို ညွတ်ပြ၏။

၃။ ကိုယ့်ကိုယ်ကို တင့်တယ်စံပယ်အောင် တန်ဆာဆင်ပြ၏။

၄။ ရှက်နိုးသကဲ့သို့ပြု၏

၅။ လက်သည်းခြေသည်းဖြင့် လက်သည်းခြေသည်းကို ခြစ်ပြ၏။

၆။ ခြေဖြင့် ခြေကို နင်းပြ၏။

၇။ သစ်သားတုတ်ချောင်းဖြင့် မြေကိုခြစ်ပြ၏။

၈။ သူငယ်ကို ချီ၍မြှောက်ပြ၏။

၉။ သူတစ်ပါးကို တိုက်တွန်း၍ သူငယ်ကို ချီမြှောက်စေ၏။

၁၀။ သူငယ်ကို ကစား၏။

၁၁။ သူငယ်ကို ကစားစေ၏။

၁၂။ သူငယ်ကို နမ်း၏။

၁၃။ သူငယ်ကို မိမိကို နမ်းခိုင်း၏။

၁၄။ သူငယ်ကို ဖက်ယမ်း၏။ စုတ်၏။

၁၅။ သူငယ်ကို ဖက်ယမ်းစေ၏။ စုတ်စေ၏။

၁၆။ သူငယ်၏ မုန့်စသည်ကို ယူ၍စား၏။

၁၇။ သူငယ်ကို စားစေ၏။

၁၈။ သူငယ်အား တစ်စုံတစ်ခုကို ပေး၏။

၁၉။ ပြန်၍တောင်း၏။

၂၀။ သူငယ်ပြုသည်ကို အတုယူလိုက်၍ပြု၏။

၂၁။ ယောကျ်ားအား မြင့်သောအသံ၊ နှစ်သက်ဖွယ်သောစကား၊ ချိုးမွမ်းသောစကားကိုဆို၏။

၂၂။ ယောကျ်ားအား နှိမ့်၍ဆို၏။

၂၃။ ပရိသတ်အလယ်၌ သိချင်းဆို၏။
၂၄။ သီဆို ကပြ တီးမှုတ်ခြင်းဖြင့်၊ ပြင်းစွာရယ်ခြင်း
တို့ဖြင့် နိမိတ်အမှတ်ကိုပြသည်။
၂၅။ စောင်းငဲ့၍ ကြာကြာကြည့်ကြည့်သည်။
၂၆။ ခါး၊ တင်ပါးကို နိမ့်တုံမြင့်တုံပြု၏။
၂၇။ လျှို့ဝှက်အပ်သော အင်္ဂါအစိတ်အပိုင်းကို လှုပ်၏။
၂၈။ ပေါင်ကို ဖွင့်ဖော်ပြ၏။
၂၉။ ပေါင်ကို ဖုံးပြ၏။
၃၀။ သားမြတ်ကို ပြ၏။
၃၁။ လက်ကတီးကို ဖော်ပြ၏။
၃၂။ ချက်ကို ပြ၏။
၃၃။ မျက်စိကို မှိတ်ပြ၏။
၃၄။ မျက်မှောင် ချီပြ၏။
၃၅။ နှုတ်ခမ်းကို ကိုက်ပြ၏။
၃၆။ လျှာကို ထုတ်ပြ၏။
၃၇။ ထမီကို ကျွတ်အောင်ပြု၏။
၃၈။ ထမီကို ပြင်ဝတ်ပြ၏။
၃၉။ ဆံထုံးကို ဖြေ၏။
၄၀။ ဆံထုံးကို ပြန်ထုံး၏။

မိန်းမတို့ ပျက်စီးရာအကြောင်းတို့သည် (၂၅) မျိုး ရှိပါသည်။

၁။ လင်အရပ်တစ်ပါးသို့ သွားသည်ကို ချီးမွမ်း၏။
၂။ အရပ်တစ်ပါး၌ နေသော လင်ကို မေ့၏။
၃။ အရပ်တစ်ပါးမှ ပြန်လာသော လင်ကို မနှစ်သက်။
၄။ လင်၏ ကျေးဇူးမဲ့ကို ပြောဆိုတတ်၏။
၅။ လင်၏ ကျေးဇူးကို မပြောဆို။
၆။ လင်၏ အကျိုးမဲ့ကို ကျင့်တတ်၏။
၇။ လင်၏ အကျိုးစီးပွားကို မကျင့်တတ်။
၈။ လင်အား မပြုအပ်သည်ကို ပြု၏။
၉။ လင်အား ပြုအပ်သည်ကို မပြု။
၁၀။ အဝတ်ကို မြဲစွာ ဝတ်၍ အိပ်၏။
၁၁။ လင်ကို ကျောပေး၍ အိပ်၏။
၁၂။ တပြောင်းပြန်ပြန် လူးလည်တတ်၏။
၁၃။ အုတ်အုတ်ကျက်ကျက်ဖြစ်၍ ရှည်စွာ ထွက်သက် ဝင်သက် ပြုတတ်၏။
၁၄။ ဆင်းရဲဝေဒနာကို ပြောကြားတတ်၏။
၁၅။ ကျင်ကြီးကျင်ငယ်ကို မပြတ်သွား၏။
၁၆။ ဖောက်ပြန်သော အကျင့်ကို ကျင့်တတ်၏။
၁၇။ ယောက်ျားတစ်ပါးအသံကို နားစွင့်ထောင်တတ်၏။
၁၈။ စည်းစိမ်ဥစ္စာကို ဖျက်ဆီးတတ်၏။
၁၉။ အိမ်နီးချင်းယောက်ျားနှင့် ကာမဂုဏ်သဟာယပြီး

ပေါင်းဖက်ရာယှက်တတ်၏။

၂၀။ သွက်သောခြေရှိ၏။

၂၁။ အခါမဲ့ ညဦးအခါ သွားလာလေ့ရှိ၏။

၂၂။ လင်ငယ်ထားတတ်၏။

၂၃။ လင်၌ အမြဲရှိသောခြင်းမရှိတတ်။

၂၄။ ပြစ်မှားသောစိတ်ရှိလျက်· တံခါး၌နေကာ အင်္ဂါကြီးငယ် သားမြတ်တို့ကို ပြတတ်၏။

၂၅။ ထိုမှ ဤမှ သွား၍ ကြည့်တတ်၏။

## ပုဏ္ဏမုခမည်သော ဥဩငှက်မင်းပြောပြသော မိန်းမယုတ်သဘော

- ခပ်သိမ်းကုန်သော မြစ်တို့သည် ကောက်သဖြင့် သွားကြ၏။
- အလုံးစုံသော တောတို့သည် ထင်းဖြင့် ပြီးကုန်၏။
- အလုံးစုံသော မိန်းမတို့သည် အခွင့်ကို လည်းကောင်း၊ ဆိတ်ကွယ်ရာကို လည်းကောင်း၊ ဖျက်ဆီးအံ့သော အခွင့်ကိုလည်းကောင်း ရသည်ရှိသော် ယုတ်မာသော အမှုကို ပြုတတ်ကုန်၏။
- ပညာရှိသောသူသည် ထက်စွာ သွေးအပ်ပြီးသော သန်လျက်လက်စွဲသော သူနှင့်၊ ဒေါသထွက်နေသော ဘီလူးနှင့် စကားပြောရာ၏။ ထက်သော

အဆိပ်ရှိသော မြွေကိုသော်လည်း ကိုင်ရာ၏။ တစ်ယောက်တည်းချင်း မိန်းမနှင့် ဆိတ်ကွယ်ရာ၌ စကားမပြောရာ။

– မိန်းမသည် လူ၏စိတ်ကို ညှဉ်းဆဲတတ်၏။ ကခြင်း၊ သီခြင်း၊ စကားပြောခြင်း၊ ပြုံးရယ်ခြင်း၊ လက်နက်ရှိသည် ဖြစ်၍ သတိကင်းသော ယောကျ်ားကို နှိပ်စက်တတ်ကုန်၏။ သမုဒ္ဒရာကျွန်းငယ်၌ ဘီလူးအပေါင်းသည် ကုန်သည်တို့ကို စားကုန်သကဲ့သို့တည်း။

– မိန်းမတို့အား ကောင်းသောအကျင့်သည် မရှိ။ စောင့်စည်းခြင်းမရှိ။ သေအရက်၊ ငါး၊ အမဲနှင့် မွေ့လျော်တတ်ကုန်၏။ ကိုယ်နှုတ်နှလုံး မစောင့်ကုန်။ ယောကျ်ားတို့ ဆင်းရဲပင်ပန်းစွာ ရှာဖွေထားသော ဥစ္စာကို ဖျက်ဆီးတတ်ကုန်၏။ တိမိင်္ဂလငါးကြီးသည် သမုဒ္ဒရာ၌ မကန်းကို မျိုသကဲ့သို့ သဘောရှိ၏။

– ငါးပါးသော ကာမဂုဏ်၌ သာယာခြင်း၏ အာရုံဖြစ်ကုန်၏၊ တပ်သောစိတ်ရှိကုန်၏၊ မမြဲကုန်၊ မစောင့်စည်းကုန်၊ မေ့လျော့သော ယောကျ်ား၏ အနီးသို့ ကပ်တတ်ကုန်၏။

မြစ်တို့သည် ဆားငံရေအတိပြီးသော သမုဒ္ဒရာသို့ စီးဝင်သကဲ့သို့ သဘောရှိ၏။

– မိန်းမသည် ချစ်ခင်လေးမြတ်သဖြင့်လည်းကောင်း၊ ကာမဂုဏ်၌ မွေ့လျော်လိုသဖြင့်လည်းကောင်း၊ ဥစ္စာဟူသော အကြောင်းကြောင့်လည်းကောင်း ယောကျ်ားကို ဖြားယောင်းတတ်ကုန်၏။ ရာဂဒေါသတို့ဖြင့် နှိပ်စက်ကုန်သော မိန်းမတို့သည် မီးကဲ့သို့ ထင်ရှားသော၊ ထိုသို့သဘောရှိသော ယောကျ်ားကိုလည်း လောင်တတ်ကုန်၏။

– ကြွယ်ဝကုံလုံ များသောဥစ္စာရှိသော ယောကျ်ားကို သိ၍ မိမိဥစ္စာကို ပေး၏။ အတ္တဘော ကိုယ်နှင့်တကွ အနီးသို့ ကပ်တတ်၏။ တပ်စွန်းသော တောကြီး၌ ပိတ်နွယ်သည် အင်ကြင်းပင်ကို ရစ်ပတ်သကဲ့သို့တည်း။

– မိန်းမသည် တန်ဆာဆင်သောကြောင့် ဆန်းကြယ်သော ကိုယ်မျက်နှာရှိပြီး အထူးထူး အပြားပြားသော အလိုဆန္ဒဖြင့် ချဉ်းကပ်ကုန်၏။

– မိန်းမသည် ပြင်းစွာ ရယ်ကုန်၏၊ ညင်းညင်း ရယ်ကုန်၏၊ မျက်လှည့်သည် ရာဟုအသူရိန်နှင့် တူ၏။ မာယာများစွာ၌ လိမ္မာကုန်၏။

- ရွှေငွေ ပုလဲ ပတ္တမြားတို့ဖြင့် တန်ဆာဆင်ထားပြီး လင့်အိမ်၌ အရှိအသေပြုနေသော်လည်း မိန်းမ သည် မစောင့်ရှောက်ဘဲ တစ်ပါးက လင်ကို လွန်ကျူးတတ်၏။ ဥပမာအားဖြင့် ဒါနော ဘီလူး ၏ ဝမ်း၌ရှိသောမိန်းမသည် ဒါနောဘီလူးကို လွန်ကျူး၍ ကျင့်သကဲ့သို့ တစ်ပါးလင်ကို လွန်ကျူးကျင့်တတ်၏။
- တန်ခိုးကြီးသော၊ ပညာအဆင်အခြင်နှင့် ပြည့်စုံ သော၊ အပူဇော်ခံသော ယောကျ်ားသည် မိန်းမ တို့၏ အလိုကို လိုက်သည်ရှိသော် မတင့်တယ်။ ဥပမာ သော်ကား–ရာဟုအသူရိန် ဖမ်းထားသော လသည် မတင့်တယ်သကဲ့သို့တည်း။
- အမျက်ထွက်သောသူသည် ပျက်စီးသော စိတ် ရှိသည်ဖြစ်၍ အရပ်ပတ်ဝန်းကျင်အရပ်များမှ မိမိ နိုင်ငံသို့ ရောက်လာသော ရန်သူကို ပျက်စီးခြင်းကို ပြုရာ၏။
ထိုရန်သူပျက်စီးခြင်းထက် မိန်းမ၏ အလိုကို လိုက်သော၊ တဏှာကို ငဲ့သော သူသည် အလွန် ပျက်စီးခြင်းသို့ ရောက်၏။
- ဆံကို ကုတ်ခြစ်ခြင်း၊ ခြေသည်း လက်သည်း

တို့ဖြင့် ကုတ်ဖဲ့ခြင်းတို့ဖြင့် ခြိမ်းခြောက် ကုန်သည့် ဖြစ်၍ ခြေလက်၊ တံတောင်၊ ကြိုး၊ လုံတံတို့ဖြင့် ပုတ်ခတ်ကုန် သော်လည်း မိန်းမသည် အယုတ်ကို သာလျှင် ကပ်တတ်ကုန်၏။

ထိုမိန်းမသည် ယင်တို့၏ အပုပ်၌ မွေ့လျော်ကုန်သကဲ့သို့ အယုတ်၌ သာလျှင် မွေ့လျော်တတ်ကုန်၏။

– မိန်းမတို့သည် လင်အိမ်တို့၌လည်းကောင်း၊ ခရီးလမ်းမ၌လည်းကောင်း၊ မင်းနေပြည်ရွာအနီး ချုံတို့၌လည်းကောင်း၊ ကိလေသာကျော့ကွင်းကို ထောင်တတ်ကုန်၏။

• ထိုကျော့ကွင်းကို ချမ်းသာကို အလိုရှိသော၊ ပညာမျက်စိနှင့် ယှဉ်သောသူ သည် ကြဉ်ရှောင်ရာ၏။

– ကုသိုလ်ဟူသောအကျင့်ဂုဏ်ကျေးဇူးကို စွန့်၍ စကားဂုဏ်တို့၌ မကောင်းသောအကျင့်ကို ကျင့်ကြားကား ထိုသူကို နတ်တို့သည် ငရဲသို့ ဆောင်လတ္တံ့။

ကုန်သည်သည် အဖိုးတစ်သိန်းထိုက်သော ဥစ္စာကို ပေး၍ စည်းကျောက် (အညှံ့ကျောက်)ကို ယူသကဲ့သို့တည်း။

- ပညာနည်းသောသူသည် ဤပစ္စုပ္ပန်လောက၌ ကဲ့ရဲ့ခံရ၏။ တမလွန်ဘဝ၌ မိမိပြုသော မကောင်းမှုသည် ဖျက်ဆီးအပ်သည်ဖြစ်၍ လူ့ပြည်၊ နတ်ပြည်မှ လျှောကျ၍ လျင်မြန်စွာ ကာလပတ်လုံး အပါယ်တို့၌ ကျရလတ္တံ့။ မြင်းများကသော ရထားသည် ခရီးမဟုတ်သည်၌ သွားသကဲ့သို့တည်း။
- ကာမဂုဏ်၌ မက်မောသောသူသည် ပဟာသမည်သော ငရဲသို့ ရောက်ရ၏။ သံဖြင့်ပြီးသော လှံသွားကဲ့သို့ ဆူးရှိသော လက်ပံတောသို့ ရောက်ရ၏။ တိရစ္ဆာန်အမျိုး၌ ဖြစ်ပြီး၍ ပြိတ္တာဘဝမှလည်း မလွတ်မြောက်နိုင်။
- မိန်းမသည် မေ့လျော့သော ယောကျ်ားမျိုးအား နန္ဒဝန်ဥယျာဉ်၌ နတ်ပြည်ဖြစ်သော မြူးထူးခြင်း၊ မွေ့လျော်ခြင်းတို့ကိုလည်းကောင်း၊ လူ့ပြည်၌ စကြဝတေးမင်း၏ စည်းစိမ်ချမ်းသာကို လည်းကောင်း ပြု၍ ဖျက်ဆီးတတ်ကုန်၏။ ထိုမေ့လျော့သော ယောကျ်ားသည်လည်း အပါယ်လေးပါးသို့ ရောက်ရ၏။

**အာနန္ဒာလင်းတမင်းက ပြောသော မိန်းမယုတ်သဘော**

- ယောကျ်ားသည် မြတ်နိုးအပ်သည်ဖြစ်၍ မိန်းမကို ဥစ္စာဖြင့် ပြည့်သော ဤမြေကြီးကို ပေးငြားသော်လည်း အခွင့်ကို ရလာသည်နှင့် တစ်ပြိုင်နက် ထိုယောကျ်ားကို မိန်းမသည် မထေမဲ့မြင် ပြုတတ်သည်၊ သူယုတ်မာ ဖြစ်သော မိန်းမ အလိုသို့ မလိုက်ရာ။
- မိန်းမသည် မကောင်းမှု ပြုရာ၌ ဖွဲနပဲနှင့် လုံ့လပြုတတ်၏။ ချစ်ခင်မြတ်နိုးအပ်သော ငယ်လင်ပင် ဖြစ်စေကာမူ ဘေးရန်ရှိသော အကြောင်းကိစ္စရှိသော် စွန့်သွားတတ်၏။
- ယောကျ်ားသည် ဤမိန်းမသည် ငါ့ကို အလိုရှိသည် ဆိုပြီး အကျွမ်းမဝင်ရာ။ မိန်းမမည်သည် ချစ်သောသူ၊ မချစ်သောသူတို့၌လည်း မိုဝဲတတ်ကုန်၏။ ဥပမာ-လှေသည် ဟိုဘက်ကမ်း၊ ဒီဘက်ကမ်း ပို့ဆောင်ပေးသကဲ့သို့ပင် သဘောရှိသည်။

"ဟောင်းနွမ်းလေပြီးသော သစ်သားပျဉ်ခင်းကို အကျွမ်းမဝင်ရာ၊ အဆွေခင်ပွန်းဟောင်းဖြစ်သော သူခိုးကို အကျွမ်းမဝင်ရာ။ မင်းကို ငါ၏ အဆွေခင်ပွန်းဟူ၍ အကျွမ်းမဝင်ရာ။

သားတစ်ကျိပ်အမေ ဖြစ်လင့်ကစား မိန်းမကို အကျွမ်းမဝင်ရာ”

“လူမိုက်တို့၏ မွေ့လျော်ခြင်းကို ပြုတတ်သော၊ လွန်ကျူး၍ ကျင့်လေ့ရှိသော၊ ကိုယ်နှုတ်နလုံးကို မစောင့်သော မိန်းမနှင့် အကျွမ်းမဝင်ရာ။ မယားသည် ဟန်ဆောင်ချစ်ခြင်း ရှိပါက အကျွမ်းမဝင်ရာ။ မိန်းမဟူသည် မြစ်ဆိပ်နှင့် တူသည်သာ ဖြစ်သည်”

“မိန်းမ မည်သည် လင်ကို သတ်ဖြတ်တတ်သည်။ လည်ချောင်းသွေးသော်မှ ဖောက်သောက် တတ်သည်။ ယုတ်မာသောအလို၊ မစောင့်စည်းသော ဣန္ဒြေ၊ အဆိပ်နှင့်တူသော မိန်းမတို့၌ ချစ်ခြင်းကို မပြုရာ”

“မိန်းမတို့ကား လိမ်ညာခြင်းသည်သစ္စာနှင့်တူ၏။ ထိုမိန်းမတို့၏ သစ္စာဆိုသည်မှာလည်း လိမ်ညာခြင်းနှင့် တူပါသည်၊ နွားတို့သည် မြက်၏ ကောင်းနိုးရာရာကို ရွေး၍ စားသကဲ့သို့ သဘောရှိသည်”

“မိန်းမတို့သည် သွားခြင်းဟူသော အမှတ်လက္ခဏာ၊ ကြည့်ခြင်းဟူသော အမှတ်လက္ခဏာ၊

ပြုံးခြင်းဟူသော အမှတ်လက္ခဏာ၊ ထိုမှတစ်ပါး မလှုံ့တလှုံ့ ဝတ်ခြင်းဖြင့်လည်းကောင်း၊ သာယာစွာ ပြောဆိုသဖြင့်လည်းကောင်း ယောကျ်ားကို ဖြားယောင်းတတ်ပါ၏"

"မိန်းမတို့သည် ခိုးသူနှင့် တူ၏၊ ခက်ထန်သော စိတ် ရှိကြ၏၊ ကြမ်းကြုတ်ကုန်၏။ ထိုမိန်းမ တို့သည် အကျိုးမဲ့ ပြောဆိုသဖြင့် သကာခဲကဲ့သို့ နှုတ်ဖြင့် ချိုသာကုန်သည်ဖြစ်၍ မိန်းမတို့၏ စိုးစဉ်းသော စိတ်အကြံအစည်ကို မသိနိုင်ပါ။ လူတို့၌ လှည့်ပတ်ခြင်းကို မသိနိုင်ကုန်"

"လောက၌ မိန်းမတို့မည်သည် သဟိမရှိသည် ဖြစ်၍ ယုတ်မာကုန်၏၊ ထိုမိန်းမတို့အား အပိုင်း အခြားသည် မရှိ၊ အခါခပ်သိမ်း တပ်စွန်းခြင်း နှင့်တကွ ဖြစ်ကုန်၏၊ ကိုယ်နှုတ်နှလုံးလည်း ကြမ်းတတ်ကုန်၏၊ အလုံးစုံ ကောင်း မကောင်းကို လောင်တတ်သော မီးနှင့်တူ၏"

"မိန်းမတို့အား အစစ်အမှန် ချစ်ခြင်းမရှိ၊ မချစ် ခြင်း မည်သည်လည်း မရှိ။ လှေသည် ဟိုဘက် ကမ်း၊ သည်ဘက်ကမ်းကို ပို့သကဲ့သို့ မိန်းမ တို့သည် ချစ်သောယောကျ်ား၊ မချစ်သော ယောကျ်ားကို မှီဝဲတတ်ကုန်၏"

"မိန်းမတို့၌ ချစ်ခြင်း၊ မချစ်ခြင်းသည် အမိက မဟုတ်။ သစ်ပင်ကို မှီသော နွယ်သည် အလုံးစုံ သော ကောင်း မကောင်း သစ်ပင်အပေါင်းကို ရစ်ပတ်နွယ်သကဲ့သို့ မိန်းမဟူသည် ဥစ္စာဟူသော အကြောင်းကြောင့် ယောကျ်ားကို ယုတ်–မြတ်– မရွေး မှီဝဲတတ်ကုန်၏"

"ဆင်ထိန်း၊ မြင်းထိန်း၊ နွားကျောင်းသား၊ ဒွန်းစဏ္ဍား၊ မစင်ကျုံးသူပင် ဖြစ်လင့်ကစား ဥစ္စာရှိပါမူ ထိုယောကျ်ားအလိုသို့ မိန်းမတို့သည် လိုက်တတ်သည်သာတည်း"

"မိန်းမတို့သည် ဥစ္စာမရှိသော ယောကျ်ားကို စွန့်တတ်၏။ ခွေးသားကို စားသော ဒွန်းစဏ္ဍား နှင့် တူ၏။ ဥစ္စာရှိသော သူကို ဥစ္စာဟူသော အကြောင်းကြောင့် အစဉ်လိုက်တတ်ကုန်၏"

## နာရဒဒေရသေ့ပြောသော မိန်းမယုတ်သဘော

လောက၌ မဟာသမုဒ္ဒရာသည်လည်းကောင်း၊ ပုဏ္ဏား သည်လည်းကောင်း၊ မင်းသည်လည်းကောင်း၊ မိန်းမသည် လည်းကောင်း ဤလေးဦးတို့သည် အလိုကို မပြည့်နိုင်ချေ။

– အလုံးစုံမြေကို မှီ၍ ဖြစ်ပေါ်နေသော မြစ်တို့သည်

သမုဒ္ဒရာသို့သာ စီးဝင်၏။ ထိုမြစ်တို့သည် မဟာသမုဒ္ဒရာကို မပြည့်စေနိုင်။ ယုတ်သည့် အဖြစ်ကြောင့် မပြည့်နိုင်။

- ပုဏ္ဏားသည် ဣတိဟာသကျမ်းလျှင် ငါးခုမြောက် ဖြစ်သော ဗေဒင်လေးပုံကို သင်၍ များစွာ အကြားအမြင်ကို အလိုရှိရာ၏။ ယုတ်သည့် အဖြစ်ကြောင့် မပြည့်နိုင်။
- မိန်းမတစ်ယောက်သည် ကာမဥ္ဇ အလွန်ရဲရင့် သည်လည်း ဖြစ်သော၊ ကာမဥ္ဇ အားကြီးသည် လည်း ဖြစ်သော၊ အလုံးစုံသော ကာမအရသာကို ဆောင်နိုင်ကုန်သော ရှစ်ယောက်သော လင်ကို ရှိငြားသော်လည်း ကိုးယောက်မြောက်သော လင် ၏ ဆန္ဒကို ပြုသည်သာ ဖြစ်သည်။ ယုတ်သည် အဖြစ်ကြောင့် အလိုမပြည့်နိုင်။
- မိန်းမတို့သည် အလုံးစုံကို လောင်ကျွမ်းတတ်သော မီးနှင့် တူကုန်၏။
- မိန်းမတို့သည် အလုံးစုံ မျှောယူတတ်သော မြစ်နှင့်တူကုန်၏။ ဆူးရှိသော သစ်ခက်နှင့်တူ၏။
- ဥစ္စာဟူသော အကြောင်းကြောင့် ယောကျ်ား တစ်ပါးသို့ ကပ်တတ်ကုန်၏။

- အကြင်ယောက်ျားသည် အလုံးစုံသော အလိုကို မိန်းမတို့၌ လွှတ်ငြားအံ့။ ထိုယောက်ျားသည် လေကို ကွန်ဖြင့် ဖမ်းရာ၏။ မဟာသမုဒ္ဒရာကို လက်တစ်ဘက်တည်းဖြင့် ဘွန်ရာ၏။ မိမိ လက်ဖြင့် အသံကို ပြုရာ၏။ အကျိုးမပြီး အချည်းနှီးသာ ဖြစ်မည်။
- မိန်းမ၌ မှန်သောစကားကို အလွန်ရခဲ၏။
- ခိုးသူနှင့်တူသော များသော ဉပါယ်တမျဉ်ရှိ၏။
- မိန်းမတို့၏ အလိုကို သိနိုင်ခဲ၏၊
- ရေ၌ ငါး၏ သွားသကဲ့သို့တည်း။
- သုံးပါးသောတရားတို့ဖြင့် တန်ပြိဟု မဆိုကုန်၊ နူးညံ့ချိုသာသော စကားရှိကုန်၏။

ထိုမိန်းမတို့သည် ကိလေသာဖြင့် ပြည့်နိုင်ခဲသည် ဖြစ်၍ မြစ်နှင့် တူကုန်၏။ မိန်းမတို့သည် အပါယ်လေးပါး၌ နစ်တတ်ကုန်၏။

ဤသို့သိရာ မိန်းမကို ဝေးဝေးမှ ရှောင်ပါလေ။
- မိန်းမတို့သည် များသောမာယာရှိကုန်၏။ မျက်လှည့်နှင့် တူကုန်၏။ မြတ်သောအကျင့်ကို ဖျက်ဆီးတတ်ကုန်၏။
- မိန်းမတို့သည် ယောက်ျားကို ချစ်မြတ်နိုးသော ကြောင့်လည်းကောင်း၊ ဥစ္စာကြောင့်လည်းကောင်း

မှိုဝဲတတ်ကုန်၏။ မီးသည် မိမိ၏ တည်ရာကို
လောင်သကဲ့သို့ မိန်းမကို မှိုဝဲသော ယောကျ်ားကား
လျင်စွာ လောင်ကျွမ်းခံရသည်။

## ကျမ်းအချို့လာ မိန်းမယုတ်သဘော

တင့်တယ်ခြင်းနှင့် ပြည့်စုံကုန်သော မိန်းမတို့သည် ဥစ္စာပေါများသော ယောကျ်ားကို မြင်သောအခါ နူးညံ့ကုန်သော စကားတို့ဖြင့် ဆွဲဆောင်ကုန်၏။

(၃၈၃၊ ကုဏ္ဍလဇာတက ဆက္ကနိပါတ်)

– အချို့သော မိန်းမတို့သည် နံနက်အခါ၌ သဝန်တိုကြသည်။

– နေ့လယ်အခါ၌ သူတစ်ပါး စည်းစိမ်ကို ငြူစူတတ်သည်။

– ညနေအခါ၌ ကာမရာဂ စိတ်ဖြင့် နေလေ့ရှိသည်။ ဤကဲ့သို့ စိတ်ထားရှိသော မိန်းမသည် သေသောအခါ ငရဲသို့ ရောက်ရသည်။

(အနုရုဒ္ဓသုတ် တိကနိပါတ်၊ အင်္ဂုတ္တိုရ်)

– အမျိုးကောင်းသမီးသည် အရှက်မရှိ၊ ပျက်စီးတတ်သည်။

– လောက၌ မီး၊ ရေ၊ မြွေ၊ မင်း၊ သူမိုက်၊ မိန်းမ

ဟူသည်တို့သည် လတ်တလောရမွက်ကို ပေးစေ တတ်သည်။

- လောက၌ မကောင်းသော မယားနှင့် ပေါင်းဖော် သော သူသည် သေရန် အလွန်နီးကပ်သည်။
- ယုတ်မာသော မိန်းမနှင့် အိမ်ထောင်ပြုသဖြင့် ပညာရှိပင် ဖြစ်လင့်ကစား နစ်မွန်းတတ်ချေသည်။
- မိန်းမများသည် ယောကျ်ားထက် အစားအစာ စားခြင်း၌ နှစ်ဆလွန်သည်၊ ပညာလေးဆ လွန် သည်၊ လုံ့လခြောက်ဆလွန်သည်၊ ကာမဂုဏ် တပ်မက်မှုမှာ ရှစ်ဆလွန်သည်။

**လင်နှင့်မယားတာဝန်များ**

- လင်သည် ဥစ္စာပစ္စည်းကို များအောင် ကြိုးစား ဆောင်ရွက်ရ၏။
- မယားသည် ဥစ္စာကို လုံခြုံအောင်၊ မျှတအောင် ထိန်းသိမ်းသုံးစွဲရသည်။
- အိမ်ထောင်၌လင်သည် ပဓာနဖြစ်၏။
- မယားသည် အပ်၌ ထိုးထားအပ်သော ချည်မျှင် ပမာရှိ၏။
- လောကဝယ် ယောကျ်ား၊ မိန်းမတို့သည်

အချင်းချင်း ဆက်ဆံ၍ အိုးအိမ်ထူထောင်နေကြသည်။ ထိုသို့ နေရာတွင် အိမ်ထောင်တာဝန်ကို ခွဲဝေယူပြီး တာဝန်ယူဆောင်ရွက်ကြရသည်။

အိမ်ရှင်ယောကျ်ားသည် အိမ်မှထွက်၍ အနီးအဝေး မြို့ရွာကျေးရွာ မကျန် နေပူမိုးရွာမရှောင် အပူလောင်ကို သည်းခံကာ ဥစ္စာပစ္စည်းရရန်ကို ကြိုးစားရှာဖွေလုပ်ကိုင်ရသည်။

- မယားသည် အိမ်၌ရှိသော သားသမီးတို့ကို ထိန်းသိမ်းစောင့်ရှောက်ပြီး ပြုစုယုယ ကျွေးမွေးရခြင်း၊
- ချက်ပြုတ်လျှော်ဖွပ်ရခြင်း၊ အိမ်သန့်ရှင်းစင်ကြယ်စေရခြင်း၊
- အိမ်တွင်း၌ အကြီးအမှူး ပြုလုပ်ကာ ထိန်းသိမ်းပြီး ယောကျ်ားရှာလာသမျှသော ဥစ္စာပစ္စည်းတို့ကို မလေမလွင့် မပျောက်မပျက်၊ မကုန်မကျ မဖိတ်ရလေအောင် ပြုလုပ်စောင့်ရှောက်ထိန်းသိမ်းရသည်။

လောကဝယ် အိမ်ထောင်ကြီးပွား ချမ်းသာရာ၌ လင်တစ်ယောက်တည်း ပြုလုပ်ဆောင်ရွက်၍ မရသလို မိန်းမတစ်ဦးတည်းလည်း ဆောင်ရွက်ရန် ခဲယဉ်းသည်။

လင်ယောကျ်ားသည် ဥစ္စာပစ္စည်းကို ရရှိအောင် ဆောင်ရွက်နိုင်သော အစွမ်းသတ္တိရှိသော်လည်း မိန်းမများက ပစ္စည်းကို မထိန်းသိမ်း၊ မစောင့်ရှောက်တတ်လျှင် မကြီးပွား၊ မတိုးတက်၊ မချမ်းသာနိုင်ပေ။

လင်နှင့်မယား နှစ်ဦးတို့တွင် ဥစ္စာပစ္စည်းတို့ကို ရရာရကြောင်း ရှာဖွေရာ၌ ယောကျ်ား၏ အားလုံ့လ ဉာဏ်အမြော်အမြင်သည် ပဓာနဖြစ်၍ အဝတ်ချုပ်ရာ၌ အပ်နှင့်ပမာတူသည်။

မယားသည် ရှာရသမျှ ပစ္စည်း မကုန်ခမ်း မယိုဖိတ်ရလေအောင် ချွေတာစုဆောင်းရာ၌ **အရေး**ပါလှ၍ အပ်နဖားခွဲ **တပ်**ထားအပ်သော ချည်မျှင်နှင့် ပမာတူ**သ**ည်။

* * *

# အခန်း(၃)

# ဂုဏ်တော်ဝတ်သာဓကများ

## မိန်းမမာယာမလ္လိကာ

ကောလသမင်းကြီးသည် မလ္လိကာမိဖုရားကို အလွန်ချစ်မြတ်နိုးတော်မူသည်။ မိဖုရားကလည်း မင်းကြီးကို အလွန်ပင်ချစ်မြတ်နိုးပါသည်။

မိဖုရားသည် ကုသိုလ်အလှူဒါနလည်း အလွန်မွေ့လျော်သည်။ မင်းကြီး၏ အသဒိသအလှူဝယ် ကိုယ်တိုင်ကိုယ်ကျပါဝင်လှူဒါန်းခဲ့ စီမံပေးခဲ့သည်။ နေ့စဉ်နေ့တိုင်လည်း ဘုရားရှင်ကို ဘာလှူမည်၊ အဂ္ဂသာဝကနှစ်ပါးကို ဘာလှူမည် စသည်ဖြင့်အမြဲကြံဆတွေးတောပြီး အလှူဝတ်ကို စီမံ ခန့်ခွဲနေခဲ့သည်။

## ❁ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

တစ်နေ့သောအခါ မိဖုရားသည် ရေချိုးအိမ်သို့ ဝင်ပြီး မျက်နှာသစ်သည်။ ပြီးလျှင် ရေ့သို့ ကိုင်းညွတ်ပြီး ဒူးခေါင်းကို ရေးဆေးရန် စီမံသည်။ မိဖုရားနှင့် အကျွမ်းဝင်ပြီး ရေချိုးအိမ်ထဲသို့ အတူတူ ဝင်လိုက်ပါလာသော ခွေးသည် ကိုင်းညွတ်နေသော မိဖုရားကို မြင်၍ ကာမရာဂဖြင့် ပေါင်းဖော်ရန် အားထုတ်သည်။ မိဖုရားသည် ခွေး၏အကျင့်ကို သာယာလျက် ငြိမ်နေလေသည်။

မင်းကြီးသည် ပြာသာဒ်ထက် လေသာတံခါးမှ အမှတ်တမဲ့ ကြည့်လိုက်ရာ ထိုအခြင်းအရာကို မြင်သည်။ မိဖုရားသည် မိမိကိစ္စပြီးသောအခါ ပြန်ထွက်လာသည်။

"မိန်းမပျက်၊ အဘယ်ကြောင့် မဖွယ်မရာကို ပြုလေသနည်း"

ဟု ကြိမ်းမောင်းလေသည်။

"မင်းကြီး အဘယ်အမှုကို ကျွန်ုပ်ပြုပါသနည်း"

"[illegible] ဝင်ခွေးနှင့် ပေါင်းဖော်ခဲ့သည် မဟုတ်ပါလော"

"မင်းကြီး ဤအကြောင်းသည်ကား မဟုတ်မမှန်ပါ"

"မိန်းမပျက်၊ ငါကိုယ်တိုင်မြင်ပါလျက် သင့်စကားကို ငါဘယ်လို ယုံကြည်ရပါမည်လဲ"

"မင်းကြီး၊ ဤရေချိုးအိမ်ဝင်သောသူကို ဤလေသာ

တံခါးမှ ကြည့်သည်ရှိသော် တစ်ယောက်တည်းပင် ဖြစ်လင့်ကစား ဖောက်ပြန်၍ နှစ်ယောက်ထင်တတ်သော သဘောရှိပါသည်"

မိဖုရားက လှည့်စား၍ ဆိုသည်။

"အကယ်၍ မင်းကြီး မယုံလျှင် မင်းကြီးကိုယ်တိုင် ဤရေချိုးအိမ်ဝင်ကြည့်ပါ။ ကျွန်ုပ်က ဤလေသာတံခါးက ကြည့်ပါမည်"

မင်းကြီးသည် အသိဉာဏ်ပညာ နည်းသည့်အတွက် ကြောင့် စဉ်းစားဆင်ခြင်မှု မပြုတော့ဘဲ မိဖုရားဆိုသည့်အတိုင်း ရေချိုးအိမ်သို့ ဝင်လေသည်။ မင်းကြီးရေချိုးအိမ်သို့ရောက်သော် မိဖုရားက လေသာတံခါးမှ ကြည့်ပြီး-

"မင်းကြီး၊ အဘယ်ကြောင့် ဆိတ်မနှင့် ပေါင်းဖော်နေပါသနည်း"

"မိဖုရား၊ ငါကား ဤအမှုကို မပြု"

"မင်းကြီး၊ ကျွန်ုပ်ကိုယ်တိုင်မြင်လျက် မင်းကြီးစကားကို ဘယ်လိုယုံရပါမည်လဲ"

မင်းကြီးသည် ပညာနည်းသည့်အတွက် ရေချိုးအိမ်၏ လှည့်စားချက်ပဲ သတ်မှတ်ကာ ယုံကြည်သွားလေသည်။

ဤမင်းကား ပညာနည်းပါးလှသောကြောင့်သာ ငါ လှည့်ပတ်နိုင်ခဲ့သည်။ ငါသည် ယုတ်မာသော အမှုကို ပြုမိခဲ့လေပြီ။ မင်းကြီးကိုလည်း မဟုတ်မဟပ် စွပ်စွဲမိခဲ့ချေပြီ။ ငါ၏ အမှုကို

ဘုရားရှင်လည်း ထင်ရှားစွာ သိလတ္တံ့။ အဂ္ဂသာဝကနှင့် မဟာ ဘဝကတို့လည်း ထင်ရှားသိတော်မူလတ္တံ့။ သြော်--ငါသည် ဝန်လေးသော အမှုကို ပြုမိလေပြီတကား။

မလ္လိကာမိဖုရားသည် မိမိအမှားကို ဤသို့ ကြံစည်မိပြီး စိတ်မချမ်းမသာ ခံစားနေရလေသည်။

မလ္လိကာမိဖုရားသည် သေခါနီးသော ကာလဝယ် မိမိပြုခဲ့သော များမြောင်လှသော ကုသိုလ်တို့ကို အာရုံမပြုမိဘဲ မင်းကြီးအပေါ်၌ လှည့်စားခဲ့သော မကောင်းမှုကိုသာ အောက်မေ့ လျက် သေသောကြောင့် အဝီစိငရဲ၌ ကျခံရသည်။

မင်းကြီးသည် မိဖုရား၌ အလွန်ချစ်မြတ်နိုးသဖြင့် မိဖုရားအတွက် စိုးရိမ်သောကစိတ်ဖြစ်ကာ မိဖုရား၏ လားရာ ဂတိကို ဘုရားရှင်ထံ မေးလျှောက်ရန် ကြိုးစားသည်။

ဘုရားရှင်က မင်းကြီးကို ခုနစ်ရက်ပတ်လုံး ထိုအကြောင်း ကို မမေးမိအောင် တန်ခိုးဖြင့် တားထားသည်။

ဘုရားရှင်သည် မင်းကြီးကို သတိမေ့စေသည်မှာ မင်းသည် မိဖုရားကို အလွန်ချစ်သည်။ မိဖုရား ငရဲ၌ ဖြစ်သည်ဟု ကြားသိပါက ဤသို့သဘောရှိသော သဒ္ဓါတရားနှင့် ပြည့်စုံသော မိဖုရားသည်ပင် ငရဲ၌ ကျလေသည်။ အလှူပေးနေတာ ဘာ အကျိုးရှိပါသနည်း။ အကျိုးမရှိ၊ အမှားအယူကို ယူပြီးလျှင် မိမိနန်းတော်၌ထားသော များသောဆွမ်းဝတ်တို့ကို ပိတ်လိုက်ပါက ငရဲသို့ ကျရောက်နိုင်သည်။

ဤသို့မြင်တော်မူ၍ သတိမေ့စေခြင်း ဖြစ်ပါသည်။

မလ္လိကာမိဖုရားသည် ငရဲတွင် ခုနစ်ရက်ခံပြီးနောက် တုသိတာနတ်ပြည်သို့ ရောက်ရလေသည်။

ရှစ်ရက်မြောက်သောနေ့တွင် ဘုရားရှင်ကိုယ်တော်တိုင် မင်းနန်းတော်သို့ ကြွသည်။ မင်းကြီးသည် ဘုရားရှင်ကြွလာသည်ကိုမြင်လျှင် ထွက်၍ သပိတ်တော်ကို ယူပြီး ပြာသာဒ်ထက်သို့ ကြွရန် ဖိတ်ကြားသည်။

ဘုရားရှင်က မိမိရပ်နေသော ဇရပ်၌ နေရန် အမူအရာကို ပြတော်မူသည်။ မင်းကြီးသည် ထိုဇရပ်၌ နေရာပြင်ဆင်ပေးပြီး မွန်မြတ်သော ခဲဖွယ်၊ ဘောဇဉ်တို့ဖြင့် ပူဇော်လုပ်ကျွေးသည်။ ဆွမ်းဘုဉ်းပေးပြီးသော်–

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ မလ္လိကာ မိဖုရား၏ လားရာဂတိကို မေးလျှောက်ရန် အကြိမ်ကြိမ် ဘုရားရှင်ထံ လာခဲ့သော်လည်း မေ့လျော့၍ မမေးလျှောက်ခဲ့ရပါဘုရား၊ ယခုမေးလျှောက်ပါရစေ။ မလ္လိကာမိဖုရား၏ လားရာဂတိကို သိပါရစေ ဘုရား"

"မင်းကြီး တုသိတာနတ်ပြည်၌ ဖြစ်နေပါသည်"

"ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ ဤမိန်းမမှ တုသိတာနတ်ပြည်၌ မဖြစ်သော် အဘယ်မိန်းမ ဖြစ်ပါအံ့နည်း။ ဤမိန်းမနှင့်တူသော မိန်းမကား အလွန်ရှားပါသည်။ ဤမိန်းမ

သည် အသက်ရှင်စဉ် ဘုရားရှင်ကို ဤဝတ္ထုလှူအံ့၊ ဤသို့ ပူဇော်မှု ပြုအံ့၊ အဂ္ဂသာဝက၊ မဟာသာဝကတို့ကို ဤဝတ္ထုလှူအံ့၊ ဤသို့သော ပူဇော်မှုကို ပြုအံ့ဟူ၍ ဒါနစိရင်မှုကို အမြဲပြုနေပါသည်။ ဤအလုပ်ကိုသာ အမြဲစိတ်ဝင်စားခဲ့ပါသည်။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဤမိန်းမသေသော နေ့မှစ၍ တပည့်တော် ပူပန်နေခဲ့ရပါသည် ဘုရား"

"မင်းကြီး မစိုးရိမ်လင့်၊ သတ္တဝါခပ်သိမ်းသည် သေတတ်သော သဘောရှိသည်သာ"

ဘုရားရှင်သည် မင်းကြီးအား တရားဟောပြီးလျှင် ပြန်ကြွတော်မူသည်။

## မိန်းမမာယာ သဲကိုးဖြာတဲ့

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုချိန်ဖြစ်သည်။ မင်းသည် သားမရှိသည်ဖြစ်၍ မိမိ၏ မယားတို့ကို သားဆုတောင်းစေသည်။

ကာလအတန်ကြာသော် ဘုရားလောင်းသည် ဗြဟ္မာ့ပြည်မှ စုတေ၍ မိဖုရားကြီး ဝမ်း၌ မြင်သည်။ ဘုရားလောင်း မွေးဖွား၍ နို့တိုက်ရန် နို့ထိန်း မိန်းမတို့ကို အပ်သောအခါတိုင်း ငိုသည်။ သို့အတွက် မင်းသားကို အနိတ္ထိဂန္ဓဟု အမည်ပေးခဲ့သည်။

နို့ထိန်းမိန်းမကို ပေးတိုင်း ငိုသဖြင့် မင်းကြီးသည်

မိမိထံ အမြဲခစားသော **အမတ်အား** မေးသည်။ အမတ်ယုံသော ခဏ၌ ကလေးသည် ခေါ်တိတ်သည်။ ထိုအခါမှစ၍ ယောကျ်ား များသာ ဘုရားလောင်းကို ထိန်းကျောင်းရသည်။ နို့ကိုလည်း တိုက်ကြရသည်။ တစ်ခါတစ်ရံ တင်းတိမ်ကြားမှ နို့ကိုထားပြီး တိုက်ရသည်။ မင်းသားငယ်အား မိန်းမကို မြင်တွေ့ပေး၍ မရပေ။ မင်းသည် မင်းသားငယ်အတွက် သီးသန့်အိမ်ကို ဆောက်လုပ်ပေးထားရသည်။

မင်းသား (၁၆)နှစ်အရွယ်သို့ရောက်သော် ဖခင်မင်းကြီး သည် စဉ်းစားမိသည်။

'ငါ့မှာ တစ်ပါးသောသားသည် မရှိ။ ဤမင်းသားကား မိန်းမကိုလည်း မသုံးဆောင်၊ မင်းအဖြစ်ကို အလိုမရှိသည် ဖြစ်လတ္တံ့၊ ငါ့မှာ သားကို ရခဲလှ၏'

ထိုသို့ မင်းကြီး ကြံနေသည်ကို ကခြင်း၊ သီဆိုခြင်း၌ လိမ္မာပြီး ယောကျ်ားအသွင်ဖြင့် ပြုစုလုပ်ကျွေးနေသော ကချေ သည်မသည် မင်းကြီးထံသို့ သွားပြီး–

"အရှင်မင်းကြီး၊ အဘယ်အရာကို စဉ်းစားကြံစည်နေပါ သနည်း"

ဟု လျှောက်သည်။

မင်းကြီးသည် မိမိကြံစည်သော အကြောင်းအခြင်းအရာ ကို ပြောပြသည်။

"မင်းကြီး မပူလင့်၊ ကျွန်ုပ်သည် မင်းသားဟန်ဖြင့် ယောက်ျားကာမအရသာကို သိစေပါမည်"

"သင်သည် ငါ့သားကို ဖြားယောင်းနိုင်လျှင် ငါ့သား မင်းဖြစ်က သင်သည် မိဖုရားကြီး ဖြစ်ပေမည်"

"အရှင်မင်းကြီး၊ သားကို ဖြားယောင်းရန်မှာ ကျွန်ုပ်တာဝန်သာ ဖြစ်ပါစေ၊ အရှင်မင်းကြီး စိတ်မပူပါနှင့်"

ကချေသည်မသည် မင်းသား၏ အစောင့်အရှောက်တို့ထံ ချဉ်းကပ်ကာ အကျိုးအကြောင်း ပြောပြသည်။

"ကျွန်ုပ် နံနက်မိုးသောက် စောစောလာ၍ အရှင့်သား အိပ်ရာ အိမ်ဘေးဝယ် စောင်းတီး၍ သီချင်းဆိုပါမည်။ အကယ်၍ ကျွန်ုပ်အသံကို မင်းသားမကြိုက်၍ စိတ်ဆိုးပါက ကျွန်ုပ်အား လာပြောပါ၊ ကျွန်ုပ်ဖဲသွားပါမည်။ မင်းသားနားထောင်ပါကလည်း လာရောက်ပြောကြားပေးပါ"

"ကောင်းပါပြီ၊ ပြောပါမည်"

ကချေသည်မသည် နောက်နေ့မိုးသောက်တွင် စောင်းသံဖြင့် သီချင်းသီဆိုလေရာ မင်းသားသည် ကချေသည်မ၏ သာယာသော သီချင်းသံကို လဲလျောင်းပြီး နားထောင်သည်။

နောက်နေ့တွင် အနီး၌ လာရောက်သီဆိုစေရန် စေခိုင်းသည်။ နောက်နေ့တွင် အိမ်ပေါ်၌ လာရောက်သီဆိုစေရန် စေခိုင်းသည်။ နောက်နေ့တွင် မိမိအနီး၌ လာရောက် သီဆိုစေသည်။

ဤသို့ အစဉ်သဖြင့် တဏှာကို ဖြစ်စေပြီး ယှက်တို့ မှီဝဲသော ကာမအရသာကို ခံစားစေသည်။

မင်းသားသည် ကာမအရသာကို ခံစားပြီးနောက် ကာမအရသာ၌ အလွန်တပ်မက်ကာ--

"မိန်းမမှန်သမျှ ဘယ်ယောကျ်ားမှ မမှီဝဲရ"

ဟု ဆိုကာ သံလျက်စွဲပြီး လမ်းအလယ်၌ ရပ်ကာ တွေ့သမျှသော ယောကျ်ားတို့ကို သံလျက်ဖြင့်လိုက်သည်။

မင်းကြီးသည် မင်းသားကို ဖမ်းစေပြီး ကချေသည်မ နှင့်တကွ မြို့မှ နှင်ထုတ်သည်။ မင်းသားနှင့် ကချေသည်မတို့သည် ဂင်္ဂါကြောသို့သွားပြီး ဂင်္ဂါမြစ်တစ်ဘက်၊ သမုဒ္ဒရာတစ်ဘက် ရှိသော အလယ်ကျွန်း၌ အိမ်ဆောက်၍ နေကြသည်။

မင်းသားက တောမှ ရေ၊ သစ်သီး ရှာပေးသည်။ ကချေသည်မက သစ်မြစ်၊ သစ်ဉတို့ကို ပြုတ်ပေးသည်။

တစ်နေ့ မင်းသားတောသို့ သစ်သီးကြီးငယ် ရှာဖွေရန် သွားစဉ် သမုဒ္ဒရာကျွန်းငယ်၌ နေသော ရသေ့တစ်ပါးသည် ကောင်းကင်ခရီးဖြင့် ဆွမ်းစားကြွသည်။ မင်းသားတို့နေသော တဲကျောင်းမှ မီးခိုးကို မြင်၍ သက်ဆင်းခဲ့သည်။

ရသေ့ကို မြင်သောအခါ ကချေသည်မသည် တပ်မက်သော စိတ်ရှိသည်ဖြစ်၍ "သစ်သီးပြုတ်ကျက်ရုံ စောင့်ပါဦး လော့"ဟု လျှောက်ထားပြီး ရသေ့ကို မိန်းမတို့၏ မာယာဖြင့်

ဖြားယောင်းသည်။ ရသေ့သည်လည်း တဏှာဖြင့် တပ်မက်သဖြင့် မိန်းမမာယာတွင် မိသည်။ ဈာန်မှ ယုတ်လျော့သွားသည်။ အတောင်ပြတ်သော ကျီးကဲ့သို့ ဖြစ်သွားသည်။

မိန်းမအပေါ်၌ စွဲလမ်းမိပြီး တစ်နေ့လုံး မပြန်ဘဲ နေသည်။ မင်းသားလာသည်ကို မြင်သောအခါ လျင်စွာ သမုဒ္ဒရာဘက်သို့ ရှေ့ရှုပြေးသည်။

"ဤသူကား ငါ၏ ရန်သူဖြစ်လတ္တံ့."

မင်းသားသည် သံလျက်စွဲကာ ရသေ့နောက်သို့ အတင်း လိုက်လေသည်။ ရသေ့သည် ကောင်းကင်သို့ ပျံ့အံ့သော အခြင်းအရာကို ပြုသည်။ သို့သော် မပျံနိုင်၊ သမုဒ္ဒရာထဲသို့ ကျလေသည်။

'ဤရသေ့ကား ကောင်းကင်ဖြင့် လာသည်ဖြစ်လတ္တံ့၊ ဈာန်မှ လျောကျ၍ သမုဒ္ဒရာထဲသို့ ကျသည် ဖြစ်ပေမည်။ ယခု ငါသည်သည် ရသေ့၏ ကိုးကွယ်ရာ ဖြစ်သင့်သည်'

မင်းသားသည် ဤသို့ ကြံစည်ပြီး ကမ်းနား၌ ရပ်ကာ ဤသို့ ပြောသည်။ "ဤရသေ့သည် တန်ခိုးဖြင့် ရေကို မပြိုကွဲစေဘဲ လာခဲ့၍ မိန်းမနှင့် ရောနှောမိ၍ သမုဒ္ဒရာ၌ နစ်ရသည်။ မိန်းမတို့သည် လှည့်စားတတ်ကုန်၏။ မာယာများကုန်၏။ မြတ်သောအကျင့်ကို ဖျက်ဆီးတတ်ကုန်၏။ အပါယ်၌ နစ်မွန်း စေတတ်ကုန်၏။ ထိုအကြောင်းကို သိ၍ ထိုမိန်းမတို့ကို

ပညာရှိသူသည် အဝေးမှ ရှောင်ကြဉ်ကြသည်။ မီးသည် မိမိတည်ရာကို လောင်သကဲ့သို့ ထိုမိန်းမတို့သည် ချစ်သဖြင့်လည်းကောင်း၊ ဥစ္စာဖြင့်လည်းကောင်း၊ ချဉ်းကပ်မှီဝဲကုန်သော ထိုယောကျ်ားကို လျင်စွာ ပူလောင်တတ်ကုန်၏”

မင်းသား၏ စကားကို ကြား၍ ရသေ့သည် သမုဒ္ဒရာအလယ်၌ သတိကို ပြန်ထိန်းပြီး ဈာန်ကို ပြန်လေ့လာသည်။ မကြာခင် ဈာန်ရပြီး လက်ပံပွမ်းစိုင်ကဲ့သို့ ကောင်းကင်ဖြင့် သွားသည်။

‘ငါသည်လည်း ရသေ့ကဲ့သို့ ဈာန်ကို ဖြစ်စေသော် ကောင်းကင်ဖြင့် သွားခြင်းငှာ သင့်သည်’

မင်းသားသည် ဤသို့ စဉ်းစားမိပြီး မိမိကျောင်းထဲသို့ ပြန်ကာ မိန်းမကို လူ့ရွာသို့ သယ်ဆောင်ပြီး ပြန်ပို့သည်။

မိမိမှာမူ တော၌ တရားအားထုတ်ရာ မကြာခင် ဈာန်အဘိညာဏ် ရခဲ့သည်။

(၂၆၃–စူဠပလောဘနဇာတက) (တိကနိပါတ်)

## သမီးတစ်ကောင် ၊ မြွေးတစ်ကောင်

ဘုရားလောင်းသည် ဗာရာဏသီပြည်၌ မင်းပြုချိန်ကာလဖြစ်သည်။ ထိုမင်းသည် သမီးတစ်ယောက်နှင့် တူတစ်ယောက်ကို အတူတကွ ထား၍ ကောင်းစွာ ကျွေးမွေးထားသည်။

တစ်နေ့ ညီလာခံသဘင်တွင် မှူးမတ်တို့ကို–

"အမတ်တို့၊ ငါကွယ်လွန်သော် ငါ၏တူကို မင်းပြုလုပ်စေ၍ သမီးလည်း မိဖုရားကြီး ဖြစ်စေရသော် မကောင်းပါလော" ဟု မေးသည်။ အမတ်တို့ကလည်း သင့်လျော်ကြောင်း လျှောက်ထားသည်။

သမီးနှင့်တူ အရွယ်သို့ရောက်သော် မင်းကြီး၏ စိတ်ဆန္ဒသည် ပြောင်းလဲသွားပြီး အမတ်တို့နှင့် ညှိနှိုင်းပြန်သည်။

"အမတ်တို့၊ ငါ့တူကို အခြားမင်းသမီးနှင့် ပေးစား၍ သမီးကိုလည်း အခြားမင်းသားနှင့် ထိမ်းမြားပေးစားသော် ငါတို့မှာ ဆွေမျိုးများလိမ့်မည်"

"မင်းမြတ်၊ သင့်တော်လျောက်ပတ်ပါသည်"

ထို့နောက် မင်းကြီးသည် တူတော်အား နန်းပြင်ပ အိမ်တော်၌ နေစေပြီး နန်းတွင်းသို့ ဝင်ခွင့်မပြုတော့ချေ။

တူတော်နှင့် သမီးတော်တို့သည် ငယ်ငယ်ကတည်းက စားတူ၊ ကစားတူဖြစ်ခဲ့ကြ၍ အလွန်ချစ်ခင်သံယောဇဉ် ရှိကြသည်။ အရွယ်ရောက်သော် သံယောဇဉ်ကြောင့် ချစ်ခင်ရှုကြသည်။

တူမင်းသားသည် မင်းသမီးနှင့် ခွဲခွာနေရ၍ အလွန်သောကကြီးစွာ ခံစားရသည်။ မင်းသမီးကို မည်ကဲ့သို့ အပြင်ရောက်အောင် ထုတ်ရမည်နည်းဟု အမြဲစဉ်းစားနေလေသည်။

တစ်နေ့တွင် မင်းသမီး အထိန်းမိန်းမကို လျို့ဝှက်ခေါ်တွေ့သည်။

"အရှင်သား၊ အဘယ်ကိစ္စ ရှိပါသနည်း"

"မိခင်၊ မင်းသမီးကို အပြင်သို့ ထွက်စေလိုပါသည်။ အဘယ်ကဲ့သို့ အခွင့်အရေး ရနိုင်ပါသနည်း"

"အရှင်သား၊ မင်းသမီးနှင့် တိုင်ပင်ပြီးမှ သိရပါမည်"

"မိခင် ကောင်းပါပြီ၊ အမြန်သာ တိုင်ပင်ပြီး အကြောင်းကြားပေးပါ"

အထိန်းမိန်းမသည် မင်းသမီးထံသို့ ပြန်ရောက်သော်-

"ချစ်သမီး လာလော့၊ ခေါင်း၌ သန်းရှာပေးအံ့"ဟု ခေါ်ကာ မင်းသမီးကို နိမ့်သော ညောင်စောင်း၌ နေစေ၍ မိမိသည် မြင့်သော ညောင်စောင်း၌ နေသည်။ မင်းသမီး ဦးခေါင်းကို မိမိ၏ ပေါင်ကြား၌ ထား၍ သန်းကို ရှာပေးသည်။ ထို့နောက် မင်းသမီး ဦးခေါင်းကို လက်သည်းဖြင့် ထိုးသည်။

'ဤအထိန်းမိန်းမသည် မိမိ၏ လက်သည်းတို့ဖြင့်မထိုး၊ ငါ့အရီးသား လက်သည်းဖြင့် ထိုးလေသည်'

မင်းသမီးသည် ဤသို့ စဉ်းစားမိပြီး အထိန်းမိန်းမကို

"မိခင်၊ သင်သည် မင်းသားထံသို့ သွားသည်မဟုတ်လော"ဟု မေးသည်။

"သမီး၊ သွားခဲ့ပါ၏"

"မင်းသားက အဘယ်စကား ပြောဆိုပါသလဲ"

"သမီး၊ သင်အပြင်သို့ ရောက်အောင် ဘယ်လိုလုပ်ရမည်နည်းဟု မေးပါသည်"

"မိခင်၊ သူပညာရှိမှု သိလတ္တံ့။ ယခု ကျွန်မသင်ပေးလိုက်သော ဂါထာကို သူ့ကိုပေးပြီး အဓိပ္ပာယ်ဖော်၍ ဆောင်ရွက်ပါစေ။

- မိန်းမတစ်ယောက်၏ လက်သည် ငါ၏ လက်ကဲ့သို့ နူးညံ့သောအခါ
- ကောင်းစွာ သင်အပ်ပြီးသော ဆင်ရှိသောအခါ
- အလွန်မိုက်မှောင်သောအခါ
- မိုးရွာသောအခါ

ဤအကြောင်းလေးပါးစုံညီသောအခါ၌ သင်၏ စိတ်နှလုံးအလိုသည် အပြီးအပိုင် ပြည့်စုံပါလိမ့်မည်"

အထိန်းမိန်းမသည် ထိုဂါထာကို သင်ယူပြီးနောက် မင်းသားထံသို့ သွားသည်။

"မိခင်၊ မင်းသမီးက မည်သို့ ဆိုပါသလဲ"

"အရှင့်သား စကားတစ်စုံတစ်ရာ မဆိုပါ။ ဤဂါထာကိုသာ သင်ပေးလိုက်ပါသည်"

အထိန်းမိန်းမသည် မင်းသားကို ဂါထာရွတ်ပြသည်။

မင်းသားသည် အထိန်းထံမှ ဂါထာကို သင်ယူပြီးနောက် စဉ်းစားသည်။ အဖြေရသောအခါ အထိန်းမိန်းမကို ပြန်လွှတ်လိုက်လေသည်။

မင်းသားသည် အဆင်းလှပ၍ နူးညံ့သောလက်ရှိသော မိန်းမငယ်တစ်ယောက်ကို အမှတ်သညာ ပေးထားသည်။ ဆင်ထိန်းကိုလည်း ဆင်တစ်စီးပေးပြီး ဆင်ကို မလှုပ်ရှားအောင် သင်စေသည်။

ထို့နောက် အချိန်အခါကို စောင့်နေသည်။ တစ်နေ့ လကွယ်ဥပုသ်နေ့ သန်းခေါင်ယံအချိန်၌ တခဲနက်သော မိုးသည် ရွာလေသည်။

ယနေ့ကား မင်းသမီး ငါ့ကို မှာလိုက်သောနေ့တည်း။

ဤသို့ဆိုပြီး မိန်းမငယ်ကို ဆင်ပေါ်တင်ယူပြီး မင်းအိမ်သို့ သွားသည်။ မင်းအိမ်လသာဆောင်၌ ဆင်ကို နံရံကို မှီစေပြီး လေသွန်တံခါးအနီး၌ မိုးရေထဲ၌ စောင့်နေလေသည်။

မင်းသည် သမီးကို အခြားနေရာ၌ အိပ်ခွင့်မပေး။ မိမိအခန်းဝယ် အိပ်ရာငယ်တစ်ခု၌သာ အိပ်စေသည်။

ထိုည၌ မင်းသားလာလိမ့်မည်ကို မင်းသမီးသည် သိ၍ အိပ်မပျော်ဘဲ စောင့်သည်။ ဟိုလူး ဒီလူးလျက် နေသည်။

“ဖခင် သမီး ရေချိုးလိုပါသည်”

"ချစ်သမီး ရေချိုးလိုက လာလော့"

မင်းကြီးသည် မင်းသမီးလက်ကို ဆွဲ၍ လေသွန်တံခါးအနီးသို့ ခေါ်သည်။

"ချစ်သမီး ရေချိုးလော့"

ဟု ဆိုကာ တံခါး၏အပ ပဒုမ္မာအခံ၌ ရပ်စေပြီး လက်တစ်ဖက်ကို ကိုင်ထားသည်။ မင်းသမီးသည် ရေချိုးစဉ် မင်းသားသို့ လက်ကို ဆန့်သည်။ မင်းသားသည် မင်းသမီး၏ လက်မှ တန်ဆာတို့ကို ချွတ်၍ မိန်းမငယ်လက်၌ ဆင်ပေးသည်။ ထို့နောက် မိန်းမငယ် မ,ချီ၍ မင်းသမီးကို မှီစေကာ ပဒုမ္မာအခံ၌ ထားသည်။

မင်းသမီးသည် မိန်းမငယ်၏ လက်ကို အဖလက်ထဲသို့ အမှတ်တမဲ့ ထည့်ပေးလိုက်သည်။ မင်းကြီးသည် မိန်းမငယ်၏ လက်ကို ကိုင်၍ သမီး၏ လက်ကို လွှတ်လိုက်သည်။

မင်းသမီးသည် လက်တစ်ဖက်မှ တန်ဆာတို့ကို ချွတ်၍ မိန်းမငယ်၏ ကျန်သော လက်တစ်ဖက်၌ ဆင်ပေးပြီးနောက် မိန်းမငယ်၏ လက်ကို ဖခင်လက်ထဲ၌ ထည့်ပေးလိုက်သည်။

ထို့နောက် မင်းသားနောက်သို့ လိုက်သွားသည်။ မင်းကြီးလည်း မိမိသမီးဟု အမှတ်ဖြင့် ထိုသူငယ်မ ရေချိုးပြီးသည့်အဆုံး၌ ကျက်သရေရှိသော တိုက်ခန်း၌ အိပ်စေသည်။ တံခါးပိတ်၍ တံကျင်လျှိုကာ အစောင့်အရှောက်တို့ကိုပေးပြီး မိမိအိပ်ရာနေရာသို့ သွားအိပ်သည်။

နံနက်လင်းသော် ပင်းသမီးအခန်းကို ဖွင့်ကြည့်သည်။ မိန်းမငယ်ကို မြင်၍–

"ဘယ်လို ဖြစ်ကြပါလဲ"

ဟု မေးသည်။ မိန်းမငယ်က အကြောင်းစုံ လျှောက်ထားသည်။

မင်းကြီးသည် နှလုံးမသာမယာ ဖြစ်ကာ ဤသို့ ညည်းလေသည်။

"မိန်းမတို့သည် နူးညံ့သော စကားဖြင့် ချီးမြှောက်ခြင်းငှာ မထိုက်ကောင်းပေ။ ပြည့်နိုင်ခဲသဖြင့် မြစ်နှင့် တူကုန်၏။ ငရဲ၌ ကျရောက်တတ်ကုန်၏။ ထိုအကြောင်းကို သိပြီး ပညာရှိသည် မိန်းမတို့ကို အဝေးမှ ကြဉ်ရာ၏။ ဆန္ဒကြောင့်လည်းကောင်း၊ ပစ္စည်းဥစ္စာကြောင့်လည်းကောင်း၊ မိန်းမတို့၏ ချဉ်းကပ်မှီဝဲခံရသော ယောကျ်ားသည် လွန်စွာ လျင်စွာ အလောင်မြိုက်ခံရ၏။ မီးသည် မိမိတည်ရာကို လောင်မြိုက်သကဲ့သို့တည်း"

"တူကိုလည်း ငါသည်ပင် မွေးအပ်၏"

ဟု ဆိုကာ မင်းသည် သမီးနှင့် တူကို ပြန်ခေါ်ကာ အိမ်ရှေ့အရာ ပေးပြီး ထားသည်။

ဦးရိုးတော် ကွယ်လွန်သဖြင့် တူသည် မင်းဖြစ်လေသည်။

(၂၆၂–နဝမဝဂ်၊ မုဒုပါဏိဇာတ်)

## သံကွန်ခြာဖုံးထား မလှုံခြုံငြားပါ

ဗာရာဏသီပြည်၌ ဘုရားလောင်းဗြဟ္မဒတ်မင်းသည် နေ့စဉ် ပုရောဟိတ်နှင့် ကြွေအံကစားလေ့ ရှိသည်။

ကြွေအံကစား‌တိုင်း–

"မြစ်ခပ်သိမ်းတို့သည် ကောက်သော အလားရှိကုန်၏"

"တောခပ်သိမ်းတို့သည် ထင်းအတိသာ ဖြစ်ကုန်၏"

"မိန်းမခပ်သိမ်းတို့သည် ဆိတ်ကွယ်ရာရသော် မကောင်းမှုကို ပြုတတ်ကုန်၏"

ဤကြွေအံသီချင်းကို သီဆို၍ ငွေပျဉ်၌ ရွှေဖြင့် ပြုအပ်သော အံလက်တို့ကို ပစ်ချ၍ ကစားတိုင်း မင်းသည် အမြဲနိုင်၏။

ပုရောဟိတ်သည် ကစားတိုင်း ရှုံးပြီး စည်းစိမ်ဥစ္စာ နည်းလာသဖြင့် စဉ်းစားခန်း ဝင်သည်။

ငါ ဒီအတိုင်း ဆက်သွားသော် အိမ်၌ ပစ္စည်းကုန်လတ္တံ့။ ယောက်ျားတစ်ပါး မဆက်ဆံဖူးသေးသော မိန်းမကို ရှာ၍ အိမ်သူပြုအံ့။ ဤသို့ စဉ်းစားကြံစည်မိသည်။

'အင်း–ယောက်ျားတစ်ပါးကို မြင်ဖူးသော မိန်းမကို စောင့်ရှောက်ခြင်းငှာ မတတ်နိုင်လတ္တံ့။ အမိဝမ်းခေါင်း အောင်းနေသော မိန်းမကို စောင့်ရှောက်၊ အရွယ်ရောက်သောအခါ ထိုမိန်းမအလို၌ တည်စေပြီး ယောက်ျားတစ်ယောက်တည်း ရှိသည်

ကိုသာ သိစေမည်။ ဤမိန်းမကို အစောင့်အရှောက် လုံလောက်စွာ ထားပြီး မင်းဥစ္စာကို ငါရအောင် ဆောင်ရွက်မည်'

ဤသို့သော အကြံအစည် ဖြစ်ပြန်သည်။

ပုရောဟိတ်သည် ယောက်ျား၊ မိန်းမ လက္ခဏာကျမ်းတို့၌ လိမ္မာသည်။ တစ်နေ့ ဆင်းရဲသော ကိုယ်ဝန်ဆောင် မိန်းမကို မြင်သည်။ ထိုမိန်းမ၌ မိန်းမမွေးဖွားမည်ကိုလည်း သိသည်။

ထိုမိန်းမကို မိမိအိမ်တွင် နေစေပြီး ရိက္ခာအပြည့်အစုံ ပေးထားသည်။ ဖွားပြီးသောအခါ ထိုမိန်းမကို ဥစ္စာအပြည့်အစုံ ပေး၍ ပြန်လွှတ်လိုက်သည်။

ထိုသတိုးသမီးကို မည်သည့်ယောက်ျား တစ်ဦးတစ်ယောက်ကိုမျှ မမြင်စေဘဲ မိန်းမတို့လက်၌သာ ပေး၍ မွေးစေသည်။

အရွယ်သို့ရောက်သော ကာလဝယ် သမီးကို မိမိအလိုဝ၌ တည်စေသည်။ အမျိုးသမီးငယ် အရွယ်မရောက်သေးသမျှ မင်းနှင့် ကြွေအံ မကစားသေးချေ။ အမျိုးသမီး အရွယ်ရောက်ပြီး မိမိအလို၌ တည်သော် မင်းထံသို့ သွားကာ ကြွေအံကစားရန် လျှောက်ထားသည်။

မင်းကြီးသည် ကောင်းပြီဟု ဆိုကာ ရှေးနည်းဖြင့်သာ ကစားသည်။ ကြွေအံသီချင်းကိုလည်း ရှေးတိုင်းဆို၍ ကြွေကို ပစ်သည်။

"ငါ၏ --"

ပုရောဟိတ်က ဤသို့ ဆိုသည်။ မင်းကြီးသည် ရှုံး၍ ပုရောဟိတ်က နိုင်သည်။ ဤသို့ဖြင့် ကစားရာ ပုရောဟိတ်အိမ်သာ နိုင်ဖန်များလာသည်။

'ဤပုဏ္ဏားအိမ်၌ ယောကျ်ားတစ်ယောက်တည်းသာ ရှိသော မိန်းမတစ်ယောက်သည် ရှိတန်ရာ၏'

မင်းကြီးက ဤသို့ စဉ်းစားပြီး ပုရောဟိတ်အိမ်ကို စုံစမ်းသည်။ ရှိကြောင်းသိသောအခါ ပုရောဟိတ်မိန်းမ၏ သီလကို ဖျက်ဆီးရန် ကြံစည်လေသည်။

တစ်နေ့တွင် သေသောက်ကြူးသမားတစ်ယောက်ကို ခေါ်ကာ-

"ပုရောဟိတ်မိန်းမ၏ သီလကို ဖျက်ဆီးရန် တတ်နိုင်ပါ သလော" ဟု မေးသည်။

"အရှင်မင်းကြီး၊ တတ်နိုင်ပါသည်"

"ဒါဆိုလျှင် ဥစ္စာယူပြီး လျင်စွာ ဆောင်ရွက်ပါလေ"

သေသောက်ကြူးသည် မင်းထံမှ ဥစ္စာကို ယူပြီးလျှင် ပုရောဟိတ်အိမ်၏ အနီးတွင် ပန်းနံ့သာဆိုင် ဖွင့်လှစ်ရောင်းချ သည်။

ပုရောဟိတ်၏ အိမ်သည် ဘုံခုနစ်ဆင့်ရှိသည်။ တံခါးမုခ် အားလုံး၌ မိန်းမအစောင့်သာ ထားသည်။ ယောကျ်ား တစ်စုံ

တစ်ယောက် လုံးဝမဝင်ရ။ အမှိုက်စွန့်သော တောင်းကိုလည်း အမြဲသုတ်သင်၍ သွင်းရသည်။

ထိုမိန်းမကို ပုဏ္ဏားသာလျှင် မြင်ခြင်းငှာ ရသည်။ ထိုမိန်းမငယ်ကို အနီးကပ် လုပ်ကျွေးသော မိန်းမ တစ်ယောက် ရှိသည်။

လုလင်မ၏ အလုပ်အကျွေးမိန်းမသည် နံ့သာဖိုး၊ ပန်းဖိုးကိုယူ၍ သွားပါက ထိုသေသောက်ကြူး၏ ဆိုင်အနီးမှ ဖြတ်သန်းသွားရသည်။

"ဤမိန်းမကား လုလင်မ၏ အလုပ်ကျွေးမိန်းမ ဖြစ်ရမည်"

သေသောက်ကြူးသည် ထိုမိန်းမကို ကောင်းစွာ လေ့လာ မှတ်သားသည်။ တစ်နေ့တွင် အပေါင်းအဖော် သေသောက်ကြူး နှင့် တိုင်ပင်ကာ ထိုမိန်းမ မိမိဆိုင်နားသို့ အလာကို စောင့်သည်။

ထိုမိန်းမ လာသည်ကို မြင်သော် ဆိုင်မှ ကဗျာကယာ ထသွားပြီး ထိုအလုပ်အကျွေး မိန်းမ၏ ခြေရင်း၌ ဝပ်စင်းကာ မိန်းမ၏ ခြေနှစ်ဖက်ကို စွဲမြဲစွာဆုပ်ကိုင်ပြီး–

"မိခင် ဤမျှလောက် ကာလပတ်လုံး အဘယ်အရပ်သို့ သွားနေပါသလဲ"ဟု ဆိုကာ ငိုကြွေးလေသည်။

ကျန်သော သေသောက်ကြူးတို့ကလည်း သင့်တော်သော အရပ်တွင် နေလျက် "ခြေလက်မျက်နှာသဏ္ဌာန်အားဖြင့်လည်း

ကောင်း၊ အသွင်အပြင်အားဖြင့်လည်းကောင်း၊ အမိနှင့်သား သဏ္ဌာန် ထပ်တူထပ်မျှ တူလေသည်”ဟု ဆိုကြသည်။

အလုပ်အကျွေးမိန်းမသည် သေသောက်ကြူးတို့၏ ဆိုစကားကို ကောင်းစွာ ယုံကြည်ပြီး–

‘ဤသူသည် ငါ့သားဖြစ်တာ မှန်ပေလိမ့်မည်’

ဟု စိတ်ဝယ်ထင်ကာ ငိုကြွေးလေသည်။ သားအမိ နှစ်ယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် လည်ဖက်ကာ ငိုယိုလျက် နေကြသည်။

“မိခင်၊ ယခုဘယ်အရပ်မှာ နေပါသလဲ”

“ချစ်သား၊ ငါသည် ကိန္နရီမ၏ တင့်တယ်ခြင်း၊ စံပယ်ခြင်းနှင့်တူသော ပုရောဟိတ်၏ ငယ်စွာသော **မိန်းမကို** ပြုစုလုပ်ကျွေးနေရပါသည်”

“မိခင်၊ ယခု ဘယ်သွားမလို့လဲ”

“အဲဒီ လုလင်မအတွက် နံ့သာပန်း စသည်ဝယ်ရန် သွားပါမည်”

“မိခင်၊ ဒါဆို အဝေးမသွားနှင့်တော့။ ကျွန်ုပ်ထံမှာ နေ့စဉ်ယူပါ”

သေသောက်ကြူးသည် အဖိုးအခမယူဘဲ များစွာသော ပန်းတို့ကို ပေးသည်။

လုလင်မသည် များစွာသော ပန်းတို့ကို ယနေ့ ထူးထူးခြားခြား တွေ့မြင်ရသော် ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီး–

"မိခင်၊ ယနေ့ ငါ့အား ပုဏ္ဏားသည် ပို၍ ကြည်ညို လာပါသလော"

"ချစ်သမီး၊ အဘယ်ကြောင့် ဤသို့ မေးပါသလဲ"

"ဤပန်းနံ့သာတွေ များလွန်းသည်ကို မြင်၍ ဆိုပါသည်"

"သမီး၊ ပုဏ္ဏားက ပန်းနံ့သာဖိုး ပိုမပေးပါ။ ဤပန်းနံ့သာတို့ကို ငါ့သားထံမှ ရခဲ့ပါသည်"

ထိုနေ့မှစ ၍ အလုပ်အကျွေး မိန်းမသည် ပုဏ္ဏားပေးသော နံ့သာဖိုးကို မိမိယူ၍ သေသောက်ကြူးထံမှ နံ့သာပန်းတို့ကို ယူဆောင်ပေးသည်။

ဤသို့ ပေးလာရာမှ နှစ်ရက်၊ သုံးရက်ကြာသော် သေသောက်ကြူးသည် ဖျားနာဟန်ဆောင်၍ ဆိုင်ပိတ်ကာ အိပ်နေလေသည်။

အလုပ်အကျွေး မိန်းမသည် ပန်းနံ့သာ လာယူသည် ရှိသော် သေသောက်ကြူးကို မတွေ့၍ ဆိုင်ထဲသို့ သွားသည်။

"ငါ့သား ဘယ်သွားပါသလဲ"

"သင့်သား မချမ်းမသာ ဖြစ်နေပါသည်"

အလုပ်အကျွေး မိန်းမသည် သေသောက်ကြူး အိပ်ခန်းသို့ သွားပြီးလျှင် ခြေလက်ကျောတို့ကို ဆုပ်နယ်ပေးလျက် မေးသည်။

"ချစ်သား၊ သင်ကား အဘယ်မချမ်းမသာ ဖြစ်နေပါသနည်း"

သေသောက်ကြူးသည် စကားမပြော ဆိတ်ဆိတ်နေသည်။

"ချစ်သား၊ အဘယ်ကြောင့် စကားမပြောဘဲ နေပါသနည်း"

"မိခင်၊ အသက်ပင် သေပါစေ၊ မိခင်ကို ပြောပြ၍ မသင့်လျော်ပါ"

"ချစ်သား၊ ငါ့မပြောလျှင် သင်မည်သူ့ကို ပြောမည်လဲ၊ ပြောပါသား"

"မိခင်၊ အခြားသော မချမ်းမသာ ဖြစ်သည် မဟုတ်ပါ။ မိခင်လုလင်မ၏ သတင်းကို ကြား၍ လုလင်မအပေါ်၌ တပ်စွန်းသောစိတ် ဖြစ်မိပါသည်။ လုလင်မကို မရသည့်ရှိသော် သေရပါလိမ့်မည်"

"ချစ်သား၊ ဤတာဝန်ကား ငါ့တာဝန်ဖြစ်သည်။ သင်သည် ထိုလုလင်မကို မှီ၍ မကြံစည်ပါလင့်"

အလုပ်အကျွေးမိန်းမသည် သေသောက်ကြူးကို နှစ်သိမ့်၍ များစွာသော ပန်းတို့ကို ယူကာ လုလင်မထံသို့ ပြန်သည်။

"ချစ်သမီး၊ ငါ၏သားသည် ငါ့ထံမှ သင့်သမီးအကြောင်းကြားပြီး သမီးအပေါ်၌ တပ်စွန်းသော စိတ်ဖြစ်ပြီး မစားနိုင်၊ မအိပ်နိုင်၊ သေမလို ဖြစ်နေပါသည်။ ဒါဘယ်လိုလုပ်ရပါမည်လဲ"

"မိခင်၊ သင့်သားကို ကျွန်ုပ်ထံ ခေါ်ဆောင်လာနိုင်အောင် ကြိုးစားပါ။ ကျွန်မတွေ့ရန် အခွင့်ပေးပါမည်"

ထိုနေ့မှစ၍ အလုပ်အကျွေးမိန်းမသည် လုလင်မ ...ကောင်မှ အမှိုက်များစွာတို့ကို စုရုံး၍ အခြောင့်မိန်းမတို့အပေါ်၌ စွန့်ပစ်ချသည်။ အစောင့်အရှောက်မိန်းမတို့သည် အမှိုက်များ ပေကျံ၍ ထိုနေရာမှ ပဲသွား၏။

အလုပ်အကျွေးမိန်းမသည် ထိုနည်းဖြင့် ပိမိအပေါ်ကို စကားဆိုစစ်ဆေးသော မိန်းမအစောင့်တို့ အပေါ်၌ အမှိုက်ကို စွန့်ပစ်ချလေ့ ရှိသည်။ သို့အတွက် အစောင့်မိန်းမတို့သည် ထိုအလုပ်အကျွေး မိန်းမ ထုတ်ယူသော တောင်းကို မစစ်ဆေး တော့ဘဲ ဘာမှလည်း မပြောဝံ့တော့ချေ။

ထိုအခါ အလုပ်အကျွေးမိန်းမသည် သေသောက်ကြူးကို ပန်းတောင်းထဲ ထည့်အိပ်စေပြီး လုလင်မထံ သယ်ဆောင်သည်။

သေသောက်ကြူးသည် လုလင်မ၏ သီလကို ဖျက်ဆီး၍ တစ်ရက်နှစ်ရက်လျှင် ပြာသာဒ်ထက်၌သာ နေသည်။ ပုရောဟိတ် အပြင်သို့ သွားသည်ရှိသော် နှစ်ယောက်သား ပျော်မွေ့ကြကုန် သည်။

ပုရောဟိတ်ပြန်လာသော် ပုန်း၍ နေလေသည်။

နှစ်ရက်၊ သုံးရက်လွန်သော် လုလင်မက သေသောက် ကြူးကို ပြန်ရန် ပြောပြသည်။

"ငါသည် ပုဏ္ဏားကို ထောင်း၍ သွားလိုပါသည်"

"ထောင်းလိုလျှင် ထောင်းနိုင်အောင် စီမံပေးရတာပေါ့"

လုလင်မသည် သေသောက်ကြူးကို ဝှက်ထားသော နေရာ၌ ပြန်ဝှက်ထားပြီး ပုရောဟိတ်အိမ် ပြန်လာသောအခါ–

"အရှင်၊ သင်စောင်းတီးပေးပါ၊ ကျွန်ုပ် က,ငိုပါ[illegible]ည်" ဟု ပြောသည်။

"ရှင်မ၊ ကောင်းပြီ က,ပါ"

ပုရောဟိတ်သည် ဤသို့ဆိုပြီး စောင်းကိုတီးသည်။

"သင်တို့ ကြည့်သည်ရှိသော် ငါရှက်၏။ သင့်မျက်နှာကို ပုဆိုးဖြင့် ပိတ်ပေးပါ။ ပိတ်ပြီးမှ ကပါရစေ"

"သင် ရှက်သည်ဆိုက ထိုသို့ ပြုပါလေ"

လုလင်မသည် အလွန်ထူထပ်သော ပုဆိုးကိုယူ၍ ပုဏ္ဏားမျက်စိကို ပိတ်စေလျက် မျက်နှာကို ဖွဲ့၏။ ပုရောဟိတ်သည် မျက်နှာကို ပိတ်ပြီး စောင်းကို ဆက်တီးသည်။

လုလင်မသည် တခဏမျှ က၍–

"အရှင်၊ ငါသည် သင်၏ ဦးခေါင်း၌ တစ်ကြိမ် ထောင်းလိုပါ၏"

ဟု ဆိုသည်။

လုလင်မ၌ တပ်စွန်းခြင်းအားကြီးသော ပုရောဟိတ်သည် အကြောင်းဖြစ်ရပ်မှန်ကို မသိသည်ဖြစ်၍–

"ကြိုက်သလို ထောင်းပါ"

ဟု ခွင့်ပေးလေသည်။

လုလင်မသည် သေသောက်ကြူးကို အမှတ်ပေးသည်။ သေသောက်ကြူးသည် အသာအယာ လာလေတ်၍ ပုရောဟိတ်အ ကျော၌ ရပ်လျက် ပုရောဟိတ်၏ ဦးခေါင်းကို တံပေ့ာင်ဖြင့် ထောင်းလေသည်။

ပုရောဟိတ်၏ မျက်စိတို့သည် ပွက်အံ့သကဲ့သို့ ဖြစ်၏။ ဦးခေါင်း [illegible]သည်။ ပုရောဟိတ်သည် ပြင်းစွာ နာကျင်လှ၍–

"လုလင်မ၊ သင်၏ လက်မဟုတ်"ဟု ဆို၏။

လုလင်မသည် မိမိလက်ကို မြှောက်၍ ပုဏ္ဏားလက်၌ ထားသည်။

"လက်သည်ကား နူးညံ့၏၊ ထောင်းသည်ကား ပြင်းထန်လှ၏"

ပုရောဟိတ်က ဆိုသည်။ သေသောက်ကြူးသည် ပုဏ္ဏားကို ထောင်းပြီးလျှင် ပုန်း၍ နေလေသည်။

လုလင်မသည် သေသောက်ကြူးပုန်းပြီးသော် ပုရောဟိတ်၏ မျက်နှာအဝတ်ကို ချွတ်ပေးသည်။ ဒဏ်ရာကို ဆုပ်နယ်ပေးသည်။ ဆီ စသည်ဖြင့် လိမ်းကျံပေးသည်။

ပုရောဟိတ် အပြင်သို့ ထွက်သော် အလုပ်အကျွေး မိန်းမသည် သေသောက်ကြူးကို တောင်းတဲထည့်ပြီး အပြင်သို့ ထုတ်သည်။

သေသောက်ကြူးသည် အကြောင်းစုံကို မင်းထံသွား၍ လျှောက်ထားပြသည်။

ပုရောဟိတ်သည် မင်းထံသို့ ရောက်လာသောအခါ မင်းကြီးက–

"ပုရောဟိတ်၊ ယနေ့ ကြွေအံ ကစားကြရို့"

ဟု ဆိုသည်။ ပုရောဟိတ်က သဘောကျပြီး ကစားကြသည်။ ရှေးနည်းအတိုင်းပင် မင်းက ကြွေအံ သီချင်းကို ဆိုသည်။ ပုရောဟိတ်ကလည်း မိမိလုလင်မ ဖောက်ပြန်နေသည်ကို မသိ၍ "အဲဒီအထဲ ငါ့မိန်းကလေး မပါ"ဟူသော စကားကို ဆိုသည်။

ပုရောဟိတ်သည် ယခင်က တိုက်ခဲ့သို့ ဆိုကနိုင်သော်လည်း ယခုမူ ရှုံးလေသည်။

"ပုရောဟိတ်၊ အသို့ ဆိုပါသလဲ၊ သင်လုလင်မ၏ သီလသည် ပျက်လေပြီ။ သင်သည် မိန်းမကို အမိဝမ်းခေါင်း အောင်းသည်မှစ၍ စောင့်ရှောက်မွေးပြီး ခုနစ်ဌာန အစောင့်ထားခဲ့သည်။ သင်ကား စောင့်ရှောက်နိုင်လိမ့်မည် ထင်သည်။ မိန်းမတို့ မည်သည် ဝမ်းထဲ၌ ယည့်၍ သွားသောသူသည်ပင် စောင့်ရှောက်ခြင်းငှာ မတတ်နိုင်ပါ။ လောက၌ ယောကျ်ားတစ်ယောက်သာ ရှိသော မိန်းမမည်သည် မရှိပါ။ သင့်ကို လုလင်ငယ်မသည် ကလို၏ဟု ဆို၏။ ကောင်းတီးသော သင်၏ မျက်နှာကို

ပုဆိုးဖြင့် ဖွဲ့၏။ သူမ၏ တစ်ယောက်လင်က သင့်ဦးခေါင်းကို တံတောင်ဖြင့် ထောင်းထု၏။ ယခု သင်သည် မိန်းမကို အဘယ်သို့ လုံခြုံအောင် ထားမည်နည်း။ မိန်းမကို သင်ဘယ်သို့ ယုံကြည်ပါသနည်း"

မင်းကြီးသည် ပုရောဟိတ်ကို တရားဟောသည်။ ပုရောဟိတ်သည် မင်းကြီးတရားကို နာယူပြီး အိမ်သို့ ပြန်သည်။ လုလင်မကို မေးသည်။

"သင်သည် ဤသို့သဘောရှိသော အမှုကို ပြုသလော"

"အရှင် အဘယ်သူပြောပါသလဲ။ ကျွန်မ ထိုအမှုကို မပြုပါ။ ငါသည်ပင်လျှင် သင့်ကို ထောင်းပါသည်။ သူတစ်ပါး လာမထောင်းပါ။ အကယ်၍ မယုံလျှင် ငါသည် သင့်ကို ထား၍ ယောကျ်ားတစ်ပါး၏ လက်အတွေ့ကို မသိဟု သစ္စာပြုပြီး မီးသို့ ဝင်ပါမည်။ ထိုသို့ မီးသို့ ဝင်လျှင် သင်ယုံကြည်ပါသလော"

"ကောင်းပြီ၊ မီးသို့ ဝင်ပြပါ"

ပုရောဟိတ်သည် သဘောတူပြီးလျှင် ဘုံပြာသာဒ်အောက်သို့ ဆင်းကာ မီးပုံကို ပြုလုပ်စေသည်။

လုလင်မသည် အလုပ်အကျွေးမိန်းမကို ခေါ်ကာ–

"မိခင်၊ သင်၏ သားကို မီးဝင်ရာအရပ်သို့ လာစေပြီး ငါမီးဝင်အံ့ သောကာလ၌ ငါ့လက်ကို လာဆွဲပါစေ"

ဟု မှာကြားစေခိုင်းသည်။

အလုပ်အကျွေး မိန်းမသည် လုလင်မ မှာသည့်အတိုင်း သေသောက်ကြူးကို ရှာဖွေကာ အကြောင်းစုံ ပြောပြသည်။ သေသောက်ကြူးကလည်း လာရောက်မည်ဟု ကတိပြု ဝန်ခံသည်။

မီးပုံပြီးသောအခါ ပုရောဟိတ်သည် လုလင်မထံ လာကာ–

"ငါ ယုံကြည်စေရန် မီးပုံထဲသို့ ဝင်ပြပါ"

ဟု ပြောဆိုပြီး ခေါ်ဆောင်လာခဲ့သည်။

လုလင်မသည် ပုရောဟိတ်ကို လှည့်စားလိုသည် ဖြစ်၍ ပရိသတ်အလယ်၌ ရပ်ပြီးလျှင်–

"ပုရောဟိတ် သင့်ကို ထား၍ ယောကျာ်းတစ်ပါး၏ လက်အတွေ့ကို မသိစဖူးပါ။ ဤသစ္စာစကားကြောင့် ဤမီးသည် ငါ့ကို မလောင်စေပါသတည်း"

ဟု ဆို၍ မီးသို့ ဝင်ရန် စီမံသည်။

"အိုအချင်းတို့၊ ပုရောဟိတ်ပုဏ္ဏားၡ၏ အမှုကို ကြည့်ကြစမ်းပါ။ ဤသို့ရှိသော မိန်းမငယ်ကို မီးသို့ ဝင်စေသည်မှာ သင့်တော်ပါမည်လော"

သေသောက်ကြူးသည် ဤသို့ဆိုကာ မီးသို့ဝင်ရန် ကြိုးစားနေသော လုလင်မ၏ လက်ကို ဆွဲကိုင်လိုက်သည်။

လုလင်မသည် ချက်ချင်းပင် လက်ကို ယုတ်စေသည်။

"အရှင်၊ ငါ၏ သစ္စာပြုခြင်းမည်သည် ပျက်စီးသွားပါပြီ၊ မီးသို့ ဝင်ခြင်းငှာ မတတ်နိုင်တော့ပါ"

"အဘယ်ကြောင့် မတတ်ကောင်းပါသလဲ"

"သင်၏ လက်ကို ထား၍ ယောကျ်ားတစ်ပါး၏ လက်အတွေ့ကို မသိစဖူးဟု သစ္စာပြုခဲ့ပါသည်။ ယခုအခါ ဤယောကျ်ားသည် ကျွန်မလက်ကို ကိုင်မိပါပြီ။ မီးသို့ ဝင်ရန် မသင့်တော်တော့ပါ"

"ဤမိန်းမကား ငါ့ကို လှည့်စားလေပြီ"

ဟု ပုရောဟိတ်သည် ဤသို့ စဉ်းစားမိပြီး လုလင်မကို ရိုက်နှက်၍ အိမ်မှ နှင်ထုတ်လေတော့သည်။

"မိန်းမတို့သည် သူယုတ်အကျင့်နှင့် ပြည့်စုံသတတ်"

ကြီးစွာသော မကောင်းမှုကို ပြု၍ မိမိလင်ကို လှည့်စားအံ့သောငှာ ငါသည် ဤသို့သဘောရှိသော အမှုကို မပြုဟူ၍ တစ်နေ့ပတ်လုံးလည်း ကျိန်ဆိုရဲ၏။ ထိုသို့ ဆိုပြီး အထူးလှည့်စား၏။

(၆၂-အဏ္ဍဘူတဇာတက၊ ဣတ္ထိဝဂ်)

## လှေကြီးပေါ်တွင် လှေငယ်တင်သူ

ဘုရားလောင်းသည် ကာမနယ်ကို ပယ်၍ တောဒွ ရသေ့ရဟန်းပြုနေချိန်ကာလ ဖြစ်သည်။

ဘုရားလောင်း ကျောင်းအနီး၌ ဒါနော၁အမည်ရှိသော ဘီလူးသည် နေသည်။ ထိုဘီလူးသည် ရံဖန်ရံခါ ဘုရားလောင်းသို့ ဆည်းကပ်၍ တရားနာလေ့ ရှိသည်။ တောအုပ်၊ လူတို့ သွားရာလမ်းတွင် စောင့်၍ တောအုပ်သို့ လာတိုင်းသော လူတို့ကို ဖမ်းစားလေ့ ရှိသည်။

ကာသိတိုင်းသူ အလွန်တရာ ချောမောလှပသော မိန်းကလေးတစ်ဦးသည် မထင်ရှားသော ရွာတစ်ရွာ၌ နေသည်။ ထိုအမျိုးသမီးသည် မိဘတို့အား ကန်တော့ရန် သွားသည်။ အပြန်တွင် ခရီးသည် အခြံအရံတို့ဖြင့် လှည်းစီးကာ တောအုပ်သို့ ဖြတ်ပြီး ပြန်လာကြသည်။

ဒါနောဘီလူးသည် ကြောက်မက်ဖွယ်သော အဆင်းကို ပြပြီး လူတို့ထံ ပြေးလာသည်။ လူတို့သည် ကြောက်ရွံ့သဖြင့် ပါလာသော လက်နက် အထုပ်အပိုးတို့ကို ချကာ လက်လွတ် ထွက်ပြေးကြသည်။

အမျိုးသမီးသည် မပြေးနိုင်ဘဲ လှည်းပေါ်တွင် ငုတ်တုတ် ကျန်ရစ်ခဲ့သည်။

ဒါနောဘီလူးသည် အမျိုးသမီးငယ်ကို မြင်ရသောအခါ

အလွန်နှစ်သက်သဘောကျလှကာ ဖမ်းယူပြီး မစားသောက်ဘဲ မိမိနေရာသို့ သယ်ဆောင်ကာ မယားပြုထားသည်။

ဒါနောသည် ထိုမိန်းမအတွက် ထောပတ်၊ သား၊ ငါး၊ အမဲတို့ကိုလည်းကောင်း၊ ချိုသော သစ်သီးကြီးငယ်တို့ကိုလည်း ဆောင်၍ ကျွေးသည်။ လှပသော အဝတ်တန်ဆာတို့ကို ဆင်ယင်ပေးသည်။

အမျိုးသမီးကို လုံခြုံစွာ စောင့်ရှောက်သောအားဖြင့် ကြုတ်၌ အိပ်စေသည်။ ထိုကြုတ်ကို ဝမ်းထဲ၌ မျိုထားသည်။

တစ်နေ့တွင် ရေချိုးရန် ရေကန်တစ်ခုသို့ သွားသည်။ ဝမ်းထဲမှ ကြုတ်ကို အန်ပြီး အမျိုးသမီးကို ကြုတ်မှ ထွက်စေသည်။ ရေမိုးချိုး နံ့သာလိမ်း ဝတ်စား ဆင်ယင်စေသည်။ ကိုယ်ငွေ့ အပူရစေရန် ကြုတ်ဘေး၌ နေပူစာလှုံစေသည်။ ထို့နောက် မိမိသည် အမျိုးသမီးနှင့် အတန်ငယ်ဝေးသော ရေဆိပ်သို့ သက်ဆင်းပြီး ရေချိုးသည်။

ထိုအချိန်တွင် ဝါယုပုတ္တာဝိဇ္ဇာဓိုရ်သည် သန်လျက်ကို လွယ်လျက် ကောင်းကင်၌ သွား၏။ အမျိုးသမီးသည် ထိုဝိဇ္ဇာဓိုရ်ကို မြင်၍ မိမိထံလာရန် လက်ဖြင့် သင်္ကေတပြုသည်။ ဝိဇ္ဇာဓိုရ်သည် လျင်မြန်စွာ ဆင်းသက်လာသည်။ အမျိုးသမီးသည် ဝိဇ္ဇာဓိုရ်ကို ကြုတ်ထဲသို့ ဝင်စေပြီး မိမိမှာ ဒါနောဘီလူး ပြန်အလာကို မျှော်လင့်နေသည်။

ဒါနော့ဘီလူး ပြန်လာသောအခါ မိမိကိုယ်ကို ဒါနော ဘီလူး မြင်အောင်ပြုပြီး ဒါနော ကြုတ် အနီးသို့ မရောက်မီ ကြုတ်ကို ဖွင့်၍ ဝင်သည်။ ဝိဇ္ဇာဓိုရ်အပေါ်၌ အိပ်၍ အဝတ်ကို ခြုံထားလိုက်သည်။

ဒါနော့ဘီလူးသည် ကြုတ်ကို မစစ်ဆေးတော့ဘဲ ကြုတ် ထဲ၌ ငါ့မိန်းမသာ ရှိသည်ဟူသော အမှတ်ဖြင့် ကြုတ်ကို မျိုချ၍ မိမိလိုဏ်ဂူသို့ ပြန်လာသည်။ လမ်းခရီးကြားဝယ် "ငါ သည် ရှင်ရသေ့ကို မဖူးရတာ ကြာပြီ၊ ယနေ့ သွား၍ ရှင်ရသေ့ကို ရှိခိုးဦးအံ့"ဟု ကြံစည်ပြီးလျှင် ရှင်ရသေ့ထံသို့ သွားလေသည်။

ရှင်ရသေ့သည် အဝေးမှ လာသော ဒါနော့ဘီလူးကို မြင်သည်။ ဒါနော၏ ဝမ်းထဲ၌ လူနှစ်ယောက်ရှိသည်ကိုလည်း မြင်၍–

"အို သုံးယောက်သောသူတို့၊ သင်တို့သည် အဘယ် အရပ်မှ လာကြသလဲ။ သင်တို့ လာခြင်းသည် ကောင်းသော လာခြင်း ဖြစ်ပါသည်၊ လာကြပါ၊ ထိုင်ကြပါ၊ သင်တို့မှာ ကျန်းမာကြရဲ့လား၊ သင်တို့ ငါ့ထံ မလာသည်မှာပင် ကြာမြင့် လှချေပြီ"ဟု နှုတ်ဆက်စကား ဆိုသည်။ ဒါနောသည် ထိုစကားကို ကြား၍–

'ရသေ့ထံသို့ ငါတစ်ယောက်တည်းသာ လာပါ၏။

ဤရသေ့က သုံးယောက်လာသည်ဟု ဆိုနေသည်။ အဘယ်ကို ရည်စူး၍ ဤရသေ့ ဆိုပါသလဲ။ သဘောကို သိ၍ ဆိုသလော၊ ဒါမှ မဟုတ် ရူး၍ပင် ဆိုလေသလော’ဟု စဉ်းစားပြီး ရသေ့အနီးသို့ ချဉ်းကပ်ကာ ရှိခိုးဦးချပြီး–

“ရှင်ရသေ့၊ ယခု ရှင်ရသေ့ထံသို့ ကျွန်ုပ် တစ်ယောက်တည်းသာ လာပါ၏။ အဖော်တစ်ယောက်မျှ မပါပါ။ သုံးယောက်သော သူတို့သည် လာ၏ဟူ၍ အဘယ်ကို ရည်၍ ဆိုပါသနည်း”

“ဒါနော၊ အသင့်မှာ မာတုကာမ ရှိသည်မဟုတ်ပါလော”

“အရှင်ဘုရား၊ ရှိပါ၏”

“ဒါဆို နားထောင်လော့၊ ဒါနော သင်သည် တစ်ယောက်တည်း ချစ်လှစွာသော မယားကို ကြုတ်၌ ထည့်၍ ဝမ်းထဲ၌ မျိုထားသည်။ သင် အခါခပ်သိမ်း စောင့်ရှောက်ပြီး ဝမ်းတွင်း၌ ထားသော မယားသည် သင်၏ဝမ်းတွင်း၌ပင် ဝါယုပုတ္တဝိဇ္ဇာဓိုရ်နှင့်တကွ မွေ့လျော်ပျော်ပါးနေပါ၏”

ထိုစကားကို ကြားသော ဒါနောသည် ဤသို့ ကြံမိသည်။

‘ဝိဇ္ဇာဓိုရ်သည်ကား မာယာများကုန်၏။ သူ့လက်ထဲ၌ သန်လျက်ရှိခဲ့ငြားအံ့။ ငါ့ဝမ်းကို ခွဲ၍ ပြေးလတ္တံ့’

ဒါနောသည် အလွန်ကြောက်လန့်သဖြင့် လျင်မြန်စွာ ကြုတ်ကို အန်၍ ရှေ့မှာ ထားသည်။ ဝိဇ္ဇာဓိုရ်သည် ကြုတ်ကို ဖွင့်လျှင်ဖွင့်ချင်းပင် မန္တန်ကို ရွတ်၍ သန်လျက်ကို ကိုင်ကာ ကောင်းကင်သို့ ပျံတက်လေသည်။

ဒါနောသည့် ဝိဇ္ဇာမိုရ်ရဲ ထွက်ပုံ့သွားသည်ကို မြင်၍ ဘုရားလောင်းရသေ့စကားကို နှစ်သက်သဘောကျပြီး ဤသို့ လျှောက်ထားသည်။

"အရှင်ရသေ့၊ ချီးခြံသော အကျင့်ကိုကျင့်သော သင်သည် ဤအကြောင်းကို ကောင်းစွာသိ၏။ မြင်သောသဘောရှိ၏။ မိန်းမငယ်သို့ လိုက်ကုန်သော သူတို့သည် ယုတ်မာကုန်၏။ ကျွန်ုပ်သည် အသက်ကဲ့သို့ ဝမ်းတွင်း၌ စောင့်ရှောက်အပ်သော မိန်းမသည် ကျွန်ုပ်ကို ပြစ်မှား၍ တစ်ပါးယောကျ်ားနှင့် မွေ့လျော်၏။ တော၌ နေသော ရသေ့သည် မီးကို လုပ်ကျွေးသကဲ့သို့ နေ့ညမပြတ် ကျွန်ုပ်လုပ်ကျွေးနေသော မိန်းမသည် တရားကို ပယ်၍ တရားမဟုတ်သည်၌ ကျင့်၏။

"မိန်းမတို့နှင့် ပေါင်းဖော်ခြင်း မပြုအပ်သည်သာ လျှင်တည်း။

- ကျွန်ုပ်သည် အမှုတော်သဘောနှင့် ပြည့်စုံသော ကိုယ်နှုတ်နှလုံး မစောင့်စည်းသော ဤမိန်းမကို ဤမိန်းမသည် ငါ၏ကိုယ်တွင်း၌ ကောင်းစွာ နေ၏ဟု ထင်မှတ်ခဲ့သည်။
- ထိုမိန်းမသည် ဖောက်ပြန်လွန်ကျူး၍ ပြုကျင့်၏။ မိန်းမတို့နှင့် မပေါင်းဖော်သင့်ပေ။
- ငါသည် မိန်းမကို လုံလုံခြုံခြုံ ထားနိုင်သည်ဟု

အဘယ်ပညာရှိက .ယုံမည်နည်း။ မိန်းမအပေါ်၌ စောင့်ရှောက်ရခြင်းသည် များစွာ ဆန်းပြားခြင်း သဘောရှိ၏။ မိန်းမတို့သည် သမုဒ္ဒရာ၌ရှိသော ချောက်ကြီးနှင့် တူကုန်၏။

"ဤမိန်းမအပေါ်၌ မွေ့လျော်သောသူသည် ပျက်စီးရတတ်၏။ ဤအတွက်ကြောင့် မိန်းမနှင့် ကင်းကင်းရှင်းရှင်း နေကြသော ပညာရှိတို့သည် ချမ်းသာကြ၏။ စိုးရိမ်မှု မရှိကြကုန်။ မြတ်သော ငြိမ်းချမ်းသော ဈာန်ချမ်းသာကို တောင့်တသောသူသည် မိန်းမတို့နှင့် မပေါင်းဖော်သင့်ပေ"

ဒါနေသည် ဘုရားလောင်းရသေ့ခြေတို့ကို ရှိခိုးသည်။

"အရှင်ဘုရား၊ အရှင်ဘုရားကို မှီ၍ ကျွန်ုပ်အသက် ချမ်းသာရာ ရပါသည်။

"ဤယုတ်မာသော အကျင့်ရှိသော မိန်းမသည် ဝိဇ္ဇာဓိုရ်ကို ကျွန်ုပ်အား သတ်စေပါ၏"ဟု ချီးမွမ်းစကား လျှောက်ထား၏။

"ဒါနေ၊ သင်သည် မကောင်းမှုကို ထပ်မလုပ်လေနှင့်။ သင်သည် သီလကို ယူပါ"ဟု တရားဟောပြီး သီလကို ပေး၍ ဆောက်တည်စေသည်။

"ငါကား ဝမ်းဖြင့် လွယ်၍ စောင့်ရှောက်သော်လည်း ထိုမိန်းမကို စောင့်ရှောက်ခြင်းငှာ မတတ်နိုင်။ ငါမှတစ်ပါး အခြားဘယ်သူသည် စောင့်ရှောက်နိုင်ပါမည်နည်း" ,

ဤသို့ဆိုပြီးလျှင် ထိုမိန်းမကို ရွာသို့ ပြန်လွှတ်ပြီး မိမိမှာမူ မိမိတောအုပ်သို့သာ ပြန်လာခဲ့သည်။

၄၃၅–ဟလိဒ္ဒိရာဂဇာတ် (နဝကနိပါတ်)

## လက်ရုံးကိုဖောက် သွေးကို သောက်စေပါသည်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုချိန် ဖြစ်သည်။ ထိုမင်းတွင် သားကြီး ပဒုမနှင့် ညီငယ် ခြောက်ယောက်ရှိသည်။ ထိုမင်းသားတို့သည် အရွယ်ရောက်သော် အိမ်ထောင်အသီးသီး ပြုကြပြီး မင်းထံသို့ မပြတ် ခစားကြသည်။

တစ်နေ့တွင် ဗြဟ္မဒတ်မင်းသည် လေသာပြတင်းမှ မင်းရင်ပြင်သို့ လှမ်းကြည့်မိသည်။ မင်းသားတို့သည် မိမိတို့၏ ခြွေရံသင်းပင်း အလုံးစုံနှင့် ခြံရံလျက် မင်းထံသို့ ခစားလာသည်ကို မြင်သည်။

"ဤမင်းသားတို့သည် တစ်နေ့နေ့တွင် ငါ့ကို သတ်၍ မင်းအဖြစ်ကို ရယူကုန်ရာသည်"

ဤသို့ ထိတ်လန့်ကြောက်ရွံ့ခြင်း ဖြစ်၍ သားတော်များကို ခေါ်ယူတွေ့ဆုံကာ–

"ချစ်သားတို့၊ သင်တို့သည် ဤမြို့၌ မနေနှင့်၊ အရပ်တစ်ပါးသွားနေပါ။ ငါသေမှ လာလတ်၍ ဤတိုင်းပြည်ကို ယူကြပါ"

ဟု အမိန့်ပေးလေသည်။

သားတို့သည် ဖခင်စကားကို နာခံပြီးလျှင် သင့်ရာ အရပ်သို့ သွားပြီး အသက်မွေးကြမည်ဟု စဉ်းစားဆုံးဖြတ်ကာ မယားတို့ကို ခေါ်ယူပြီး တိုင်းပြည်မှ ထွက်ခဲ့ကြသည်။

ခရီးထွက်လာ၍ အတန်ကြာသော် အစာရေစာ မရှိသော သဲကန္တာရထဲသို့ ရောက်ရှိသွားကြသည်။ အစာရေစာ ဘယ်မှ ရှာမရကြသောအခါ–

"ငါတို့ အသက်ရှင်လျက်ရှိက မယားကို ရနိုင်သည်"

ဟု ဆုံးဖြတ်ကြပြီး ညီအငယ်ဆုံး၏ မယားကို သတ်ကာ အသားကို (၁၃)စု စုပြီး ဝေသည်။ ပဒုမမင်းသားနှင့် မယားသည် မိမိတို့ရသော ဝေစုတွင် တစ်စုကို စုပြီး တစ်စုကို နှစ်ယောက် စားကြသည်။

ဤသို့ဖြင့် ခြောက်ရက်ပတ်လုံး မယားတစ်ယောက်စီကို သတ်ပြီးလျှင် စားသောက်၍ ခရီးဆက်ခဲ့ကြသည်။ ခုနစ်ရက် မြောက် ပဒုမ မင်းသား၏ မယားအလှည့်သို့ ရောက်သော် ပဒုမမင်းသားက ယခင်စုထားသော အသားစုခြောက်စုကို ညီများ ကို ပေးသည်။

"ယနေ့တော့ ဒီအသားပဲ စားကြဦး၊ နောက်နေ့ကျမှ တို့မယားအသား စားကြတာပေါ့"

ညဉ့်အချိန် ညီငယ်များ အိပ်ပျော်နေချိန်ဝယ် ပဒုမ

မင်းသားသည် မယားကို တိတ်တဆိတ် ခေါ်ပြီး ထွက်ပြေးခဲ့သည်။

အတန်ငယ်ပြေးသွားပြီးသော် မယားသည် မောဟိုက်နွမ်းလျပြီး ဆက်လက်မသွားနိုင်တော့ချေ။

"အရှင့်သား ကျွန်ုပ်ဆက်လက်မသွားနိုင်တော့ပါ"

ပဒုမမင်းသားသည် မယားကို ပခုံးထက်တွင် ထမ်း၍ ဆက်လက်ပြေးခဲ့သည်။ အရဏ်တက်သော် ကန္တာရမှ ထွက်ခဲ့သည်။ ခရီးဆက်လက် ထွက်ခွာလာခဲ့ရာ နေထွက်သော် နေပူဒဏ်ကြောင့် မယားသည် အလွန်ရေငတ်လေသည်။

"အရှင့်သား၊ ကျွန်ုပ် ရေငတ်လှပါသည်"

"နှမ၊ ဤနေရာတွင် ရေသည် မရှိပါ"

မယားက အဖန်တလဲလဲ ရေငတ်ကြောင်း ပြောလာသောအခါ ပဒုမမင်းသားသည် မယားအပေါ်၌ ချစ်ခြင်းပြင်းပြလှ၍ ယောက်ျားပဆစ်ဒူးကို သန်လျက်ဖြင့် ဖောက်သည်။

"နှမ ရေသည်မရှိ၊ ငါ့လက်ျာပဆစ်ဒူးမှ ထွက်လာသောသွေးကိုသာ သောက်ပါ"

မင်းသားသည် မယားကို အာသာပြေသွေးသောက်စေပြီး ဆက်လက်ထွက်ခွာခဲ့ရာ မြစ်ကြီးတစ်ခုဆီသို့ ရောက်ကြသည်။

ထိုမြစ်၌ ရေကို သောက်၍လည်းကောင်း၊ ချိုး၍လည်းကောင်း၊ အားရှိအောင် ပြုကြသည်။ သစ်သီးရာဖွေ

စားကြသည်။ မြစ်ကွေ့တစ်ခု၌ အရိပ်တဲ ပြုလုပ်ပြီး ထိုနေရာ၌ နေထိုင်ကြသည်။

တစ်နေ့တွင် မင်းပြစ်မင်းဒဏ်သင့်သော သူခိုး တစ်ယောက်ကို လက်ခြေဖြတ်ပြီး ဖောင်ပေါ်တင်ကာ မြစ်ညာမှ မျှောချလိုက်ကြရာ ထိုသူခိုးသည် အနာကြောင့် ပြင်းစွာ ညည်းညူလျက် ပဒုမမင်းသားတို့ နေထိုင်သော မြစ်ကွေ့သို့ ဖောင်ဆိုက်ရောက်လာသည်။

မင်းသားသည် ခိုးသူ၏ ငိုကြွေးသံကို ကြား၍ ထွက်ကြည့်ကာ-

"ငါထင်ရှားရှိလျက် ဆင်းရဲခြင်း ရောက်မနေသော သတ္တဝါသည် မပျက်စီးစေကောင်း"

ဟု စဉ်းစား ဆင်ခြင်ပြီးလျှင် မြစ်သို့ သက်ဆင်းကာ ထိုခိုးသူ ယောက်ျားကို ကယ်တင်ခဲ့သည်။ လက်ပြတ်၊ ခြေပြတ်တို့ကို မရွံမရှာ ဖန်ရေဆေးပေး၍ ဒဏ်ရာအနာပျောက်စေသော ဆေးရွက်၊ ဆေးဥတို့ကို ရှာကာ လိမ်းပေးသည်။

ပဒုမမင်းသား၏ မယားကမူ-

"မြစ်ရေသို့ မျှောလာသော လက်၊ ခြေ၊ နှာခေါင်းမရှိ တုံးကို ပြုစုလုပ်ကျွေးနေရသေးသလား"

ဟု အပြစ်ဆိုကာ ထိုတုံးကို ရွံရှာလျက် တံတွေးထွေးလျက် သွားသည်။ တုံးကို ကြည့်မရ ဖြစ်ခဲ့သည်။

တော့း၏ လက်၊ ခြေ၊ နှာခေါင်းမှ အနာများ သက်သာ၍ အသားနုတက်လာသည့်ရှိသော် ပဒုမမင်းသားသည် တော့းကို မိမိတဲ၌ မယားနှင့် အတူထားခဲ့ကာ တောသို့ သစ်သီးရှာ ထွက်သည်။ ရလာသောသစ်သီးတို့ကို မယားနှင့်တကွ တော့းကိုပါ စေတနာထက်သန်စွာနှင့် ကျွေးမွေးပြုစုသည်။

အနေများလာသော် မိန်းမသည် တော့း၌ ကြိုက်နှစ်သက်သောစိတ် ဖြစ်ပေါ်လာပြီး ပဒုမမင်းသား သစ်သီးရှာ ထွက်စဉ် တော့းနှင့် ယုတ်မာသော အကျင့်ကို ကျင့်လေသည်။

ဤသို့ ကျင့်လာနေဖန်များသော် မယားသည် ပဒုမမင်းသားကို သတ်၍ တော့းနှင့် ပေါင်းဖော်နေလိုစိတ် ဖြစ်လာသည်။ မင်းသားကို သတ်ရန် ဥပါယ်တမျဉ် ကြံစည်လာသည်။

တစ်နေ့တွင် မယားက ပဒုမမင်းသားကို ပရိယာယ်စကား ဆိုသည်။ "အရှင်၊ အရှင်က ကျွန်မကို ပခုံးထက်ထမ်း၍ ကန္တာရမှ ထွက်ခွာစဉ် ကျွန်မသည် တောင်တစ်လုံးကိုကြည့်ပြီး အရှင်တောင်စောင့်နတ်မင်း၊ ကျွန်ုပ်သည် လင်နှင့်တကွ အန္တရာယ်ကင်းသည်ဖြစ်၍ အသက်ကို အကယ်၍ ရပါမူ အရှင့်အား ပူဇော်ပသပါမည်ဟု တောင်းပန်ကတိပြုခဲ့ပါသည်။ ယခုအခါ ထိုတောင်စောင့်နတ်သည် ကျွန်ုပ်ကို လာရောက်သတိပေးပြီး ကျွန်ုပ်ကို ထိတ်လန့်အောင် ပြုနေပါပြီ။ ထိုတောင်စောင့်နတ်ကို ဗလိနတ်စာ ပြုကြရအောင်ပါ"

[illegible] သားသည် [illegible]ယား၏ [illegible]

“ကောင်းပြီ' ဟု [illegible]ကာ [illegible]တ်စာအမှုကို စီရင်ပေးသည်။ မယားကို [illegible] [illegible] [illegible]သော [illegible] ရှက်ရွံ့ပြီး တောင်ထိပ်သို့ [illegible]ကြသည်။ [illegible]

“အရှင်၊ [illegible] [illegible] [illegible] ဖြစ်သော [illegible]ဖြစ်ပါသည်။ [illegible] ပူဇော်၍ လက်ျာရစ်ပြုပါမည်။ [illegible] ပူဇော်ပါမည်”

ဟု ပရိယာယ်စကား ပြောဆိုသည်။ ပဒုမမင်းသားသည် ယုံကြည်၍ မယားဆိုတိုင်း ပြုသည်။ မယားသည် မင်းသားကို တောင်ကမ်းပါးပြတ်စွန်းထိပ်၌ ရပ်စေသည်။ ပန်းတို့ဖြင့် ပူဇော်၍ လက်ျာရစ် လှည့်လည်သည်ကို ပြုပြီး ရိုခိုးဟန်ဆောင်ကာ ပဒုမ မင်းသားကို နောက်ကျောမှနေ၍ အောက်သို့ အမှတ်တမဲ့ တွန်းချလိုက်လေသည်။

ပဒုမမင်းသားသည် ရုတ်တရက် တွန်းချခံရ၍ မည်သို့မျှ မတက်နိုင်ဘဲ တောင်ကမ်းပါးပြတ်မှ ကျကာ ရေသဖန်းပင်ထက်ရှိ ချုံတစ်ခုပေါ်သို့ ကျလေသည်။

မယားသည် ပဒုမမင်းသား သေပြီဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် **တော့းထဲသို့ ပြန်သွားသည်။**

**ပဒုမမင်းသားသည် တောင်အောက်သို့** ဆင်းရန်

မတတ်နိုင်၍ ရေသဖန်းသီးကို စားကာ ထိုအပင်၏ အခက်ကြား၌ နေရလေသည်။

ထိုအခါ အလွန်ကြီးသော ခန္ဓာကိုယ်ရှိသော ဖွတ်သည် တောင်ခြေအောက်မှ တက်လာပြီး ထိုသဖန်းသီးကို စားလေသည်။ ဖွတ်သည် ထိုနေ့ ပဒုမမင်းသားကို မြင်၍ ပြေးသည်။ နောက်နေ့လာပြီး တစ်ဖန် နံပါးတစ်ဖက်၌ နေကာ အစာကို စားပြီး ပြန်သည်။

ဤသို့ အဖန်ဖန် လာလတ်သော် ပဒုမမင်းသားနှင့် အဆွေခင်ပွန်း ဖြစ်လာသည်။

"အဘယ်အကြောင်းကြောင့် ဤအရပ်သို့ ရောက်လာ သနည်း"

ဟု ဖွတ်က မေးသည်။ ပဒုမမင်းသားက အကြောင်းစုံ ပြောပြသည်။

"အဆွေ၊ ထိုသို့ဆိုက မကြောက်လင့်၊ ငါကူညီမည်"

ဖွတ်က ဤသို့ဆိုကာ မိမိကျောပေါ်၌ ပဒုမမင်းသားကို စီးစေပြီး တောင်အောက်သို့ ချပေးသည်။ လူတို့သွားရာလမ်းမထံ လိုက်ပို့ပေးသည်။ မင်းသားသည် တစ်ခုသော ရွာငယ်သို့ ရောက်ရှိပြီး ထိုရွာ၌ပင် နေသည်။

ခမည်းတော် သေလွန်သည့် သတင်းကို ကြားသောအခါ ဗာရာဏသီသို့ အရောက်ပြန်ပြီး အဖ၏ အမွေဥစ္စာဖြစ်သော

မင်းအဖြစ်ကို ရယူသည်။ ဗာရာဏသီပြည်ကို မင်းကျင့်တရား ဆယ်ပါးနှင့်အညီ အုပ်ချုပ်သည်။ မြို့တံခါး လေးမျက်နှာ၊ မြို့လယ်၊ နန်းဦးတံခါးခြောက်ဌာနတို့၌ အလှူတင်းကုပ်ကို ဆောက်စေ၍ နေ့စဉ်နေ့တိုင်း ခြောက်သိန်းသော ဥစ္စာတို့ကို စွန့်၍ အလှူပေးလေသည်။

ပဒုမမင်းသား၏ မယားသည် တေးကို ကျောပိုးလျက် တောမှ ထွက်ကာ လူတို့ရပ်ရွာသို့ ရောက်အောင် သွားသည်။ ရပ်ရွာထဲတွင် လှည့်လည်တောင်းပြီး ရသော ယာဂုထမင်းတို့ဖြင့် တေးကို ပြုစုလုပ်ကျွေးသည်။

ထိုမိန်းမနှင့် တေးကို မြင်ကြသော ရွာသူရွာသားတို့က–

"တေးသည် သင်နှင့် အဘယ်သို့ တော်စပ်ပါသနည်း"

ဟု မေးကြသည်။

"ငါသည် ဤယောကျ်ား၏ ဦးရီးသမီး ဖြစ်ပါသည်။ ဤယောကျ်ားသည် ငါ၏ ဦးရီးသား ဖြစ်ပါသည်။ ဤယောကျ်ားကို ငါ့မိဘတို့က ပေးစားထားပါသည်။ ငါသည် မင်းဖြစ်မင်းဒဏ်သင့်သော မိမိလင်ကို မစွန့်ပစ်ဘဲ လင်ကိုရွက်ပြီး တောင်းရမ်းစားကာ ပြုစုလုပ်ကျွေးနေပါသည်"

"ဤမိန်းမကား နတ်ကဲ့သို့ လင်ကို လုပ်ကျွေးသော မိန်းမ ဖြစ်လေသည်"

လူတို့က ဤသို့ ချီးမွမ်းကြပြီးလျှင် ထိုမိန်းမကို

နှစ်သက်သဘောကျပြီး ယာဂုထမင်းများစွာကို ပေးကြသည်။ အချို့သော သူတို့က အကြံပြုကြသည်။

"သင်သည် ဤသို့ နေရာအနှံ့ လှည့်လည်မသွားနေနှင့်။ ပဒုမမင်းသားသည် ဗာရာဏသီပြည်၌ မင်းပြု၏။ ဇမ္ဗူဒိပ်အားလုံး ချောက်ချားအောင် အလှူကို ပေးနေသည်။ ယင်းကို မြင်က နှစ်သက်လိမ့်မည်၊ များစွာသော ဥစ္စာကို ပေးလိမ့်မည်။ သင့်လင်ကို ဤကြိမ်တောင်း၌ ထည့်၍ သွားပါလေ"

ဟု ဆိုကာ ကြိမ်တောင်းကို ပေးကြပြီး ဗာရာဏသီသို့ စေလွှတ်သည်။ မိန်းမသည် ငတုံးကို ကြိမ်တောင်းထဲ ထည့်ပြီး လျှင် ဗာရာဏသီသို့ သွားသည်။ အလှူတင်းကုပ်၌ တောင်းစားကာ နေလေသည်။

ပဒုမမင်းသားသည် နေ့စဉ် မင်္ဂလာဆင်ကို စီးပြီး အလှူတင်းကုပ်သို့ ထွက်ကာ ရှစ်ယောက်သောသူ၊ (၁၂)ယောက် သောသူ တို့ကို ကိုယ်တိုင်ပေးလှူသည်။ ပြီးမှ နန်းတော်သို့ ပြန်လေ့ရှိသည်။

ငတုံး၏ မယားသည် တစ်နေ့တွင် ငတုံးကိုပါ ရွက်ဆောင်ယူသွားပြီး မင်းလာမည့်လမ်းမှ စောင့်သည်။ မင်းသည် ထိုမိန်းမနှင့် ငတုံးကို မြင်၍ မေးသည်။

"ဤမိန်းမကား အဘယ်မိန်းမနည်း"

"အရှင်မင်းကြီး၊ နတ်တို့ကဲ့သို့ လင်ကို လုပ်ကျွေးနေသော မိန်းမဖြစ်ပါသည်"

မင်းကြီးသည် သိလျက်နှင့်ပင် မိန်းမကို ခေါ်စေသည်။ တေးကို ကြိမ်တောင်းမှ ထုတ်စေသည်။

"ဤငတေးသည် သင်နှင့် မည်သို့ တော်စပ်သနည်း"

"မင်းမြတ်၊ ဤသူသည် ကျွန်ုပ်၏ ဦးရီးသားဖြစ်သော မိဘတို့ ပေးစားသော ငယ်လင်ဖြစ်ပါသည်"

လူတို့သည် အကြောင်းစုံ မသိကြ၍ ထိုမိန်းမကို နတ်ကဲ့သို့ လင်ကို လုပ်ကျွေးသော မိန်းမဟုဆိုကာ အံ့သြ ချီးမွမ်းကြသည်။ မင်းကြီးက ထပ်မံမေးသည်။

"ဤငတေးသည် သင်၏ မိဘပေးစားသော ငယ်လင်ပင် ဟုတ်လေသလော"

မိန်းမသည် မင်းကို မမှတ်မိ၍-

"မင်းမြတ်၊ ဟုတ်ပါ၏"ဟု ရဲရင့်စွာ လျှောက်ထား လေသည်။

"ဤငတေးကား ဗာရာဏသီမင်းသားပင် ဖြစ်ပါသလား။ ပဒုမမင်းသား၏ မယားဖြစ်သော ဤအမည်ရှိသော မင်းသမီး ဖြစ်သော သင်သည် ငါ၏ ပဆစ်ဒူးသွေးကို သောက်၍ ဤငတေးကို ကြိုက်သဖြင့် ငါ့ကို တောင်ကမ်းပါးပြတ်အောက်သို့ တွန်းချခဲ့သည် မဟုတ်ပါလော။ ယခုအခါ သင်သည် တေး တည်းဟူသော သေမင်းကို ယူခဲ့၍ ငါ့ကို သေလေပြီဟုထင်မှတ် ၍ ဤအရပ်သို့ လာခဲ့သည်။ ငါသည် အသက်ရှင်နေသည်ကို မသိသလော"

မင်းကြီးသည် ဤသို့ဆိုပြီး အမတ်တို့ကိုခေါ်ကာ အကြောင်းစုံပြောပြသည်။ "အမတ်တို့၊ သင်တို့ မေးအပ်သည် ရှိသော် ဤမိန်းမသည် ဤသို့ပင် ဆိုလေသလော။ ငါ၏ ညီတော်ငယ်တို့သည် ခြောက်ယောက်သော မိန်းမတို့ကို သတ်၍ အသားကို စားကြကုန်၏။ ငါမူကား ငါ့မယားကို အန္တရာယ် မရှိသည်ကို ပြု၍ မြစ်နားသို့ ခေါ်ကာ အရိပ်တဲ၌ ကောင်းစွာ ထားခဲ့ပါ၏။ မင်းဒဏ်သင့်သော ခြေ လက် နှာခေါင်းပြတ်သော ဤငတ်ိုးကို ကယ်တင်မွေးမြူခဲ့ပါ၏။ ဤမိန်းမသည် ငတ်ိုးကို ကြိုက်နှစ်သက်ပြီး ငါ့ကို တောင်ကမ်းပါးမှ တွန်းချခဲ့ပါ၏။ ငါသည် မေတ္တာစိတ်ရှိ၍ အသက်မသေခဲ့ပါ။ ဤမိန်းမကား သီလမရှိသော မိန်းမ ဖြစ်ပါသည်။ ငါမွေးမြူအပ်သော သူသည်လည်း ဤငတ်ိုးပင် ဖြစ်ပါ၏။ ဤမိန်းမယုတ်သည် ဤငတ်ိုးကိုပင် ယောကျ်ားသည် ငါ၏ ငယ်လင်ဟု ဆို၏။ ဤမိန်းမသည် တစ်ချိန်က ငါ၏မယားပင် ဖြစ်၏။ တစ်ပါး မိန်းမမဟုတ်။ မိန်းမတို့မည်သည်ကား သတ်အပ်သော အပြစ်ရှိ၏။ မိန်းမတို့၌ သစ္စာမရှိကုန်။ ရပ်ရည်ကြမ်းတမ်းစွာသော သူသေ ကောင်နှင့် တူသော သူတစ်ပါး သားမယားကို မှိဝဲတက်သော ဤယုတ်မာသော ငတ်ိုးကိုလည်း ကျည်ပွေ့ဖြင့် စိစိညက်ညက် ကြေအောင် ရိုက်ကာ ဒဏ်ပေးကြပါကုန်လော့။ လင်ကို လုပ်ကျွေး

သော ဤသိလမရှိသော မိန်းမအားလည်း အသက်ရှင်စဉ်ပင် နှာ၊ နှာခေါင်းတို့ကို ဖြတ်ကြ၊ ဂုန်လော့"

မင်းကြီးသည် ဒေါသအမျက်ကို မထိန်းနိုင်ဘဲ အပြစ်ဒဏ်ကို ချမှတ်သည်။ သို့သော် ထိုအပြစ်ဒဏ်ကို တကယ်မပြုစေဘဲ ထိုမိန်းမနှင့် တော်းလင်ကို တိုင်းပြည်မှ နှင်ထုတ်စေခဲ့သည်။

(ဒုကနိပါတ၊ ရုဋ္ဌပဒုမ၊ ဇာတက)

## ကာမဂုဏ်အလို အိုသည်မရှိ

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုချိန်ကာလဖြစ်သည်။ ဘုရားလောင်းသည် အလုံးစုံသော အတတ်တို့ကို တတ်မြောက်ပြီး၍ ဒိသာပါမောက္ခဆရာကြီး လုပ်၍ အသက်မွေးဝမ်းကျောင်း ပြုနေသည်။

ဗာရာဏသီပြည်၌ ပုဏ္ဏားမျိုး၌ မွေးဖွားသော သားကို မိဘတို့က မွေးလာသောနေ့မှစ၍ မီးကို မငြိမ်းစေဘဲ ထားသည်။ ထိုသား ၁၆-နှစ်အရွယ်ရောက်သော်-

"ချစ်သား၊ ငါတို့သည် ဖွားသောကာလမှစ၍ မီးကို မငြိမ်းအောင် ထားခဲ့သည်။ ဗြဟ္မာ့ပြည်သို့ သွားလိုသော် သင်သည် မီးကို ယူ၍ တောသို့ ဝင်ကာ မီးကို လုပ်ကျွေးပါ။ ဗြဟ္မာ့ ပြည် ရောက်စေသော အကျင့်ကို ကျင့်ပါ။ အိမ်၌

နေလိုသော် တက္ကသိုလ်ပြည်သို့ သွား၍ ဆရာ့ထံ၌ အတတ်ကို သင်၍ ဥစ္စာကို ရှာပါ” ဟု သူ့မိဘတို့က ပြောသည်။

“ငါသည် တောဝင်၍ မီးကို လုပ်ကျွေးခြင်းငှာ မတတ်နိုင်၊ ဥစ္စာကိုသာ ဖြစ်စေအံ့”

သားသည် ဤသို့ ဆုံးဖြတ်ကာ မိဘတိုထံမှ ဆရာကန်တော့ရန် ငွေတစ်ထောင်ယူပြီး ဒိသာပါမောက္ခ ဆရာကြီးထံသို့ သွားသည်။ အတတ်ပညာကို သင်ယူသည်။

မိဘတို့သည် သားကို အိမ်ရာတည်ထောင် မနေစေလို၊ တော၌ နေပြီး မီးကိုသာ လုပ်ကျွေးစေလိုကြသည်။

“တက္ကသိုလ်ဆရာသည် ပညာရှိ၏။ လိမ္မာ၏၊ ငါ့သားအား မိန်းမအပြစ်ကို ပြောဆိုခြင်းငှာ တတ်နိုင်စေ၏”ဟု ထင်ခဲ့သည်။

သားသည် အတတ်ပညာကို သင်ယူပြီးနောက် ပြန်လာခဲ့သည်။ မိခင်က သားကို –

“ချစ်သား၊ အတတ်ညာကို သင်ယူခဲ့ပြီးလော”

ဟု မေးသည်။

“မိခင်၊ သင်ပြီးခဲ့ပါပြီ”

“ချစ်သား ပညာသင်ကြားပြီးပြီ ဆိုသော် အသာတမန္တန်ကို သင်ကြားခဲ့ပြီးပါပြီလော”

“မိခင်၊ မန္တန်ကိုကား မသင်ခဲ့ရပါ”

"ချစ်သား၊ အသာတမန္တန်ကို မသင်ကြား၊ မတတ်မြောက်ပါက လောကဝယ် အတတ်ညာ သင်ယူသည့် မမည်ပါ။ ပြန်သွား၍ သင်ပါဦး"

လုလင်သည် ကောင်းပြီဟု ဝန်ခံ၍ တက္ကသိုလ်ပြည့်ဆရာထံသို့ ပြန်လာခဲ့သည်။

ဒိသာပါမောက္ခဆရာ၌ အသက် (၁၂၀) ရှိ မိခင်သည် ရှိ၏။ ဆရာသည် မိမိလက်ဖြင့် ကိုယ်တိုင်ရေချိုးပေးသည်။ အစားအစာ ကျွေးမွေးသည်။ အိပ်ရာနေရာ ပြုလုပ်ပေးသည်။

အခြားသူတို့က ထိုသို့ ပြုလုပ်နေသော ဆရာကို မြင်၍ ဆရာကို စက်ဆုပ်ရွံရှာကြသည်။

"ငါသည် တောသို့ ဝင်၍ ထိုတော၌ အမိကို လုပ်ကျွေးလျက် နေရပါမှ ကောင်းလေစွ"

ဆရာသည် ကြံစည်မိသည်။ တစ်နေ့ဝယ် ဆိတ်ငြိမ်သော တော၌ ရေရလွယ်သော အရပ်ဝယ် တဲဆောက်ပြီး မိခင်ကို လုပ်ကျွေးသည်။ ထောပတ်၊ ဆန် အစရှိသည်တို့ကိုလည်း အပြည့်အစုံ မြို့မှ ဆောင်ယူလေသည်။

လုလင်သည် မြို့တွင် ဆရာကို မတွေ့သောအခါ ဆရာရှိရာကို မေးသည်။ ဆရာရှိရာကို သိသောအခါ တောသို့ လိုက်ပြီး ဆရာထံ ရောက်ကာ ရှိခိုး၍ နေသည်။

"အမောင်၊ အဘယ်ကြောင့် အလွန်လျင်စွာ ပြန်လာပါသနည်း"

"ဆရာ၊ ဆရာသည် ကျွန်ုပ်အား အသာတမန္တန်ကို သင်မပေးရသေး၍ ပြန်လာပါသည်"

"သင့်ကို ဤမန္တန်သင်ရန် မည်သူက စေခိုင်းပါသလဲ"

"ကျွန်ုပ်၏ အမိကပင် ခိုင်းပါသည်"

'တစ်စုံတစ်ခုသော အသာတမန္တန် မည်သည်မရှိ။ ဤလုလင်၏ အမိသည် ဤလုလင်ကို မိန်းမတို့၏ အပြစ်ကို သိစေလို၍ သင်ခိုင်းသည် ဖြစ်ရမည်'

ဘုရားလောင်းသည် ဤသို့ ကြံစည်မိပြီး လုလင်ကို ဤသို့ ပြောသည်။

"လုလင် ကောင်းပြီ၊ သင့်ကို အသာတမန္တန်ကို သင်ပေးပါမည်။ ယနေ့မှ စ၍ သင်သည် ငါ့အရာ၌ တည်၍ ငါ့အမေကို မိမိလက်ဖြင့် ရေချိုးပေးပါ၊ အစာကျွေးပါ၊ သောက်ရေပေးပါ၊ ငါ့အမေကို လက် ခြေ စသည် ဆုပ်နယ်ခြင်းကို ပြုပါ။ ထိုသို့နေစဉ် "ရှင်မ၊ ယခု အိုသော အချိန်တောင်မှ ရှင်မ၏ ကိုယ်သည် ဤမျှ ချောမောလှပနေသေးသည်။ ငယ်ရွယ်ပျိုစဉ်ကားဆိုသော် ဆိုဖွယ်ရာမရှိ ဖြစ်ပါမည်"ဟု ပြောပါ။ လက်ခြေတို့ကို ဆုပ်နယ်ပေးသောအခါ၌လည်း လက်ခြေအလှတို့ကို ပြောပြပါ။ ထိုအခါ သင့်ကို ငါ၏ အမိအိုသည်

တစ်စုံတစ်ရာ စကားပြောလိမ့်မည်။ ထိုစကားကို မရုက်မကြောက်ဘဲ ငါ့အား ပြန်ပြောပြပါ။ သင် ဤကဲ့သို့ ပြုသည့်ရှိသော် အသာတမန္တန်ပညာကို ‘ရလာပါလိမ့်မည်”

“ဆရာကောင်းပါပြီ၊ ဆောင်ရွက်ပါမည်”

လုလင်သည် ဆရာဆိုသည့်အတိုင်း ပြုသည်၊ အဘွားအိုကို အဖန်တလဲလဲ ချီးမွမ်းသည်။ ထိုအခါ-

“ဤလုလင်သည် ငါနှင့်မွေ့လျော်လိုသည် ဖြစ်လိမ့်မည်”ဟု ထင်မှတ်ကာ အိုသော မိန်းမ၏ စိတ်ထဲဝယ် ကိလေသာရမ္မက်သည် ဖြစ်ပေါ်လာသည်။

“လုလင်၊ သင်သည် ငါ့ကို ချီးမွမ်းနေသည်မှာ ငါနှင့် မွေ့လျော်လိုပါသလော”ဟု မေးသည်။

“အရှင်၊ ငါသည် အလိုရှိပါ၏။ သို့သော် ဆရာကိုကား ကြောက်ရွံ့ပါ၏”

“ငါ့ကို လိုချင်ရင် မင်းဆရာကို သတ်ပါလေ”

“ရှင်မ၊ ငါသည် ဆရာ့ထံ၌ ဤမျှကြာအောင် အတတ်ပညာကို သင်ယူနေပါ၏။ ကိလေသာကို မှီးပြီး အဘယ်ကဲ့သို့ သတ်ရပါအံ့နည်း”

“ဒါဆို သင်က ငါ့ကို တကယ်စွန့်ပစ်မသွားဘူး ဆိုက ငါ့သားကို ငါကိုယ်တိုင် သတ်ပါမည်”

ဤသို့လျှင် မိန်းမတို့မည်သည်ကား-

ဆင်းရဲကို ပေးတတ်ကုန်၏။ ယုတ်မာကုန်၏။

ဤသို့သဘောရှိသော အရွယ်၌ပင် ရာဂစိတ်ကို ဖြစ်စေ၍ ကိလေသာကို အစဉ်လိုက်ကုန်၏။

ကျေးရူးပြုတတ်သော သားတို့ကိုပင် သတ်တတ်လေသည်။

လုလင်သည် အကြောင်းစုံကို ဆရာအား ပြောကြားသည်။

"လုလင်၊ သင်သည် ငါ့အား ပြောကြားသဖြင့် ကောင်းစွာ ပြုအပ်သည် မည်ပေ၏"

ဆရာသည် ဤသို့ ပြောပြီးလျှင် အမိ၏ အသက် အပိုင်းအခြားကို ကြည့်သည်။ ယနေ့ပင် သေမည်ကို သိသည်။

ဆရာသည် တပည့်ကို ခေါ်ကာ ရေသဖန်းပင်ကို ဖြတ်စေ၍ မိမိကိုယ်ပမာဏရှိသော သစ်သားရုပ်ကို ပြုစေသည်။ ပြီးလျှင် ဦးခေါင်းနှင့်တကွ အဝတ်ခြုံ၍ မိမိအိပ်ရာ၌ ထားသည်။ ကြိုးတစ်ချောင်းကို စီရင်ထားသည်။

"အမောင်၊ ဤပုဆိန်ကိုယူပြီး အမေ့ကို အမှတ်သညာ ပေးလော့"

လုလင်သည် မိခင်အိုထံသို့ သွားကာ-

"ရှင်မ၊ ဆရာသည် သစ်ခက်တဲအိမ်၌ အိပ်နေပါသည်။ ငါသည် ကြိုးအမှတ်ကို ပြုလုပ်ထားပါသည်။ ဤပုဆိန်ကို ယူသွားပြီး တတ်နိုင်လျှင် ဆရာကို သတ်ပါတော့"

"သင်သည် ငါ့ကို စွန့်ခွာသွားမည်လား"

"ရှင်မ၊ ရှင်မကို ဘာပြုလို့ စွန့်ခွာသွားမည်လဲ၊ မစွန့်ပါ"

ထိုအခါ အမိအိုသည် ပုဆိန်ကို တုန်တုန်ချိချိ ယူလျက် ကြိုးအမှတ်ဖြင့် သားထံသို့ သွားသည်။ လက်ဖြင့် စမ်းသပ်သည်။

"ဤသူသည် ငါ့သားပဲ"

အပေါ်မှ အဝတ်ကို ဖယ်ကာ တစ်ချက်တည်းဖြင့် သေစေတော့ဟု ဆိုပြီး မျက်နှာတည့်တည့်သို့ ပုဆိန်ဖြင့် ပေါက်ချလိုက်သည်။

ဝုန်းဝုန်းဟူသော အသံကို ကြားသော် သစ်သားမှန်း သိသွားသည်။

"အမိ အဘယ်သို့ ပြုသနည်း"

ဆရာမေးသည်ရှိသော် "ငါလှည့်စား ခံရပြီ" ဟု သိကာ ရှက်ကြောက်စိတ်ဖြင့် နှလုံးဝမ်းကွဲကာ ထိုနေရာမှာပင် လဲကျသေဆုံးလေသည်။

ဆရာသည် မိခင်သေသော အဖြစ်ကိုသိလျှင် မီးဖြင့် ကောင်းစွာသင်္ဂြိုဟ်သည်။ သင်္ဂြိုဟ်ပြီးသောအခါ လုလင်ကို ခေါ်၍ ပြောပြသည်။

"လုလင်၊ အသာတမန္တန်မည်သည်ကား အသီးအခြား မရှိ။ မိန်းမတို့မည်သည် အသာတမည်ကုန်၏။ အသာတမန္တန်ကို သင်ရန် ငါ့ထံ စေလွှတ်သော သင်၏ အမေသည် မိန်းမတို့၏ အပြစ်ကို သင်သိစိမ့်သောငှာ စေလွှတ်ခြင်း ဖြစ်ပါသည်။ ယခု

သင့်မျက်မှောက်မှာပင် ငါ၏ အမိအို၏ အဖြစ်ကို မြင်ရပြီ မဟုတ်ပါလား။ အဲဒါကြောင့် မိန်းမတို့မည်သည် ဆင်းရဲကို ပေးတတ်ကုန်၏၊ ယုတ်မာကုန်၏၊ ဤသို့ သိပါလေ"

လုလင်သည် ဆရာကို ရှိခိုးပြီးနောက် မိဘတို့ထံ ပြန်လာခဲ့သည်။

"အမောင်၊ သင်သည် အသာတမန္တန်ကို သင်ယူခဲ့ပြီလော"

မိခင်က ဆီး၍ မေးသည်။

"မိခင်၊ သင်အပ်ပြီးပါပြီ"

"ဒါဆို သင်ယခု မည်သို့ ပြုမည်နည်း။ ရဟန်းပြု၍ မီးကို လုပ်ကျွေးမည်လော၊ အိမ်ရာထူထောင်၍ နေမည်လော"

"မိခင်၊ ကျွန်ုပ်သည် မျက်မှောက်၌ပင် မိန်းမတို့၏ အပြစ်ကို မြင်ရပါပြီ။ အိမ်ရာ မထူထောင်လိုပါ။ ရဟန်းပြု၍ မီးကို လုပ်ကျွေးပါတော့မည်"

"လောက၌ မိန်းမတို့မည်သည်ကား ယုတ်မာ၍ ဆင်းရဲကို ပေးတတ်ကုန်၏။ မိန်းမတို့အား အပိုင်းအခြားမရှိ၊ ကာမဂုဏ်ငါးပါးတို့၌ တပ်စွန်းတတ်ကုန်၏၊ ကိုယ်နှုတ်နှလုံး တို့ဖြင့် လွန်ကျူးတတ်ကုန်၏။

"မီးသည် ကောင်း၊ မကောင်း အလုံးစုံကို လောင်ကျွမ်း သကဲ့သို့ မိန်းမတို့သည် ရတိုင်း ရတိုင်းသော သူကို မှီဝဲ

တတ်ကုန်၏။ ဤမည်သော မိန်းမတို့ကို စွန့်၍ ဖြူစင်သော ပြည်ရောက်စေကြောင်း အကျင့်ကောင်းကို ကျင့်ပါတော့အံ့”

လုလင်သည် ဤသို့ဆိုကာ မိဘတို့ကို ရှိခိုးပြီးလျှင် ဟေမဝန္တာသို့ဝင်ကာ ရဟန်းပြုလေသည်။

(၆၂–အသာတမန္တဇာတက)

## အဟူနေ ရန်သူကို ကျေးရပါသည်

ဗာရာဏသီပြည်တွင် ဗာရာဏသီမင်းသည် တောကစားအံ့သောငှာ တစ်ပါးတည်း ထွက်လာခဲ့သည်။

တောလမ်းခရီးတစ်နေရာတွင် အိုမင်းသော အဘိုးအို၊ အဘွားအို လင်မယားတို့သည် လုပ်ခင်းဆောင်တာ၌ လယ်ယာစပါး၊ သခွား၊ ဖရုံ၊ ပြောင်းတို့ကို အားကြိုးမာန်တက် စိုက်ပျိုးလုပ်ကိုင်နေသည်ကို တွေ့ရသည်။ မင်းကြီးသည် အသက်ကြီးသော အဘိုးကြီး၊ အဘွားကြီးတို့ ချွေးတဒီးဒီး ကျနေသည်ကို သနားလှသဖြင့် အနီးသို့ ကပ်သွားပြီး–

“အဘိုးတို့၊ သေခါနီးအရွယ်မှာ ဤမျှ ပင်ပန်းခံ လုပ်နေသည်မှာ ဥစ္စာကို လို၍လား၊ လောဘကို ရှေ့ထားပြီး ကြိုးစားလုပ်နေပါသလော”ဟု မေးသည်။

“အမောင်၊ အဘတို့မှာ ကုန်စရာ များသောကြောင့် ကြိုးစားလုပ်နေရပါသည်”

"အဘိုး၊ အဘယ်အတွက် ကုန်စရာများသောကြောင့် ကြိုးစားလုပ်ရပါနည်း"

"အမောင်၊အဘိုးတို့မှာ ခိုးမှူးကြီးကိုလည်း ပေးရပါသည်။ အာဂန္တုဧည့်သည်ကိုလည်း ရက်ရှည်များစွာ ကျွေးရပါသည်။ ကျယ်ဝန်းလှစွာသော သမုဒ္ဒရာကိုလည်း ပစ်ရပါသည်။ [illegible]တူ ကိုယ့်ရန်သူကိုလည်း ကြည်ဖြူစွာ လုပ်ကျွေးမွေးမြူရပါသည်"

'ဤစကားလေးမျိုးသည် ထူးဆန်းလှသည်။ [illegible]အဘိုးကို ထင်ရှားအောင် မေးဖို့သင့်သည်'

မင်းကြီးသည် ဤသို့ စဉ်းစားပြီး ထပ်မံမေးသည်။

"အဘိုး၊ ဤစကားလေးမျိုး၏ အဓိပ္ပာယ်ကို အကျယ် သိအောင် ပြောပြပေးပါဦး အဘိုး"

"အမောင်၊ ခိုးမှူးကြီးကို ပေးရသည်ဆိုသည်မှာ ဓားပြ၊ သူခိုး၊ လူဆိုး၊ မုဒိမ်း ကင်းငြိမ်းပြီး လူများချမ်းသာစွာ နေထိုင်စားသောက်နိုင်ရန် စီမံစောင့်ရှောက်ပေးသော တိုင်းပြည်၏ အရှင်ဘုရင်မင်းမြတ်ကိုလည်း အခွန်ပေးဆောင်ရပါသည်။

"ဧည့်သည်ကို ကျွေးရသည်ဆိုသည်မှာ မိမိက မွေးဖွားသော သားသမီးတို့သည် အိမ်ထောင်မကျခင် စပ်ကြားမှာ မိဘကို မှီတွယ်ကာ နေပြီး အရွယ်ရောက်သော် ဆင်းသွားကြသဖြင့် ခဏလာသော ဧည့်သည်နှင့် တူသည်။ ထိုသားသမီးတို့ကို ပြုစုလုပ်ကျွေးရသည်ကို ဧည့်သည်ကျွေးရသည်ဟု ဆိုပါသည်။

"ကျယ်ဝန်းလှစွာသော သမုဒ္ဒရာတွင် ပစ်ရသည်

ဆိုသည်မှာ မိမိဝမ်းဗိုက်ကို နေ့စဉ် အစာကျွေးနေရခြင်းကို ဆိုလိုပါသည်။

"အတူနေရန်သူကို ကျွေးရသည် ဆိုသည်မှာ မိမိနှင့် ပေါင်းသင်းနေထိုင်သူမယားသည် အပါယ်လေးပါးသို့ ကျရောက်စေတတ်သဖြင့်လည်းကောင်း၊ မကောင်းသော ဒုက္ခသေဘေးနှင့် တွေ့စေတတ်သောကြောင့်လည်းကောင်း၊ မုချလောင်ပူ ရန်သူနှင့် တူသောကြောင့် ရန်သူကို ကျွေးရသည်ဟု ဆိုပါသည်"

မင်းကြီးသည် အဘိုး၏ အဖြေကို အလွန်နှစ်သက်သဘောကျလှသဖြင့် အဘိုးကို ဤသို့ မိန့်ကြားပြောဆိုသည်။

"အဘိုး၊ ကျွန်ုပ်ကား အခြားသူမဟုတ်၊ ဗာရာဏသီ ပြည့်ရှင် ဘုရင်မင်းမြတ် ဖြစ်သည်။ အဘိုး ယခု ဤရှင်းပြသော စကားကို မည်သူ့အားမျှ ပြောကြားဖြေဆိုခြင်း မပြုပါလင့်။ ကျွန်ုပ်၏ အမိန့်စကားကို မနာယူ၊ အခြားသူတစ်ယောက်အား ပြောကြားခဲ့သော် သင်၏ အသက်ကို အဆုံးစီရင်မည်"

မင်းကြီးသည် ဤသို့ အမိန့်ချပြီး နန်းတော်သို့ ပြန်လာသည်။ နန်းတော်သို့ ရောက်ပြီး မှူးမတ်ဗိုလ်ပါ စုံလင်သော ညီလာခံဝယ် ဤပြဿနာလေးရပ်ကို မေးသည်။

"အသင်မှူးမတ်တို့၊ ဤပြဿနာလေးရပ်ကို ခုနစ်ရက် အတွင်း အဖြေရအောင် ရှာပြီး ဖြေဆိုကြပါ။ မဖြေနိုင်သော် မင်းပြစ်မင်းဒဏ်နှင့် ရာထူးမှ နှုတ်ထွက်ရမည်။ ပြဿနာလေးရပ်မှာ-

- ခိုးမှုကိုလည်း ပေးရသည်။
- ညှော်သည်ကိုလည်း ကျွေးရသည်။
- သမုဒ္ဒရာကိုလည်း ပစ်ရသည်။
- အသူနေရန်သူကိုလည်း ကျွေးရသည်”

မှူးမတ်တို့သည် အိမ်သို့ ပြန်လာပြီး ကျမ်းဂန်အဖွင့်ကို ရှာဖွေလေ့လာကြသည်။ မည်သည့်ကျမ်းဂန်ကိုမှ ရှာမရကြ၊ စဉ်းစား၍လည်း မရကြပေ။

အမတ်တစ်ဦးသည် မင်းကြီး ဘယ်အရပ်သို့ ခရီးသွားသနည်း ဆိုသည်ကို စုံစမ်းလေ့လာသည်။ မင်းကြီးသွားရာ ခရီးစဉ်တစ်လျှောက်သို့ ငွေတစ်ထောင်ယူပြီး သွားသည်။ ရောက်လေရာမှာ ထိုပြဿနာကို မေး၍ အဖြေပေးနိုင်သူကို ဆုတော်ငွေ (၁၀၀၀) ပေးမည်ဟု ပြောကြားသည်။

လမ်းခရီးတစ်လျှောက် အဖြေမရချေ။ ဆက်လက်သွားရာ ထိုအဘိုးကြီး၊ အဘွားကြီး နေရာသို့ ရောက်သည်။ ထိုမေးခွန်းပြဿနာကို မေး၍ ဖြေပေးနိုင်က ဆုတော်ငွေ (၁၀၀၀) ပေးမည့်အကြောင်း ပြောပြသည်။

အဘိုးသည် အဖြေမပေးချေ။ အဘွားသည် အမတ်ကြီးထံမှ ငွေတစ်ထောင်ကို လိုချင်သဖြင့် အဘိုးကြီး မရှိချိန် ထိုမေးခွန်း၏ အဖြေကို ပေးလိုက်သည်။

အမတ်ကြီးသည် အဘွားအား ငွေတစ်ထောင်ပေး၍ ပြဿနာအဖြေကို ယူကာ ပြန်လာခဲ့သည်။ ခုနစ်ရက်စေ့၍

ညီလာခံကျင်းပသောအခါ ပြဿနာအဖြေရလာသော အမတ်ကြီးက ထိုပြဿနာအဖြေကို လျှောက်ထားသည်။

"အသင် အမတ်ကြီး၊ ဤပြဿနာအဖြေကို သင်ကိုယ်တိုင်ဖော်သလော၊ အခြားသူထံမှ ရခဲ့သလော"

"မှန်လှပါဘုရား၊ တောကျေးလက်နေ အဘိုးအဘွားထံမှ ရခဲ့ပါသည်"

မင်းကြီးသည် ထိုအဘိုးအဘွားတို့ကို နန်းတော်သို့ ခေါ်ဆောင်လာစေသည်။

"အသင် အဘိုးကြီး၊ ဤပြဿနာအဖြေကို မည်သူမေးမေး အဖြေမပေးရ၊ ပေးခဲ့သော် သေဒဏ်ဟု ငါဘုရင် အမိန့်ထုတ်ထားလျက် ယခု အဘယ်ကြောင့် ဤအမတ်ကြီးကို အဖြေပေးရသနည်း။ သေမှာကို မကြောက်သလော"

"အရှင်မင်းမြတ်၊ ဤအဖြေကို ကျွန်တော်မျိုး မပြောရပါ။ ကျွန်တော်မျိုး၏ မယားက ပြောပြလိုက်ခြင်း ဖြစ်ပါသည်ဘုရား"

"အဘိုး အသို့နည်း။ မိမိက ရာကြဲကျွေးရသော မယားကိုမျှ မနိုင်သလော"

"မှန်လှပါ အရှင်မင်းမြတ်၊ အရှင်မင်းကြီးကို ရှေးရှေးကပင် ပြဿနာလေးရပ်၌ နောက်ဆုံးပြဿနာ၏ အဖြေပေးခဲ့ပါသည်ဘုရား။ ယခု ဤမယားသည် ငွေတစ်ထောင်မက်၍ သေတပန်သက်တဆုံး လုပ်ကျွေးလာသော လင်ကို သေတွင်းသို့

ပို့ပေးခဲ့ပါပြီဘုရား။ သို့တွက် မယားသည် အတူနေရန်သူဆိုတာ ထင်ရှားပြီ မဟုတ်ပါလော ဘုရား”

“အဘိုး၊ သင်ပြောတာ မှန်လှပေသည်။ ငါ၏ ရန်သူပင် ငါမသိနိုင်ပါချေတကား”

မင်းကြီးသည် ဤသို့ဆိုပြီးလျှင် အဘိုးကြီးအား ဆုလာဘ်များစွာ ပေးပြီး ပြန်လွှတ်လိုက်လေသည်။

## ညွှတ်ကွင်းကို ရှောင်နိုင်ပါ၏၊ သို့သော်--

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုချိန်ကာလ ဖြစ်သည်။ ဘုရားလောင်းသည် မိဖုရားကြီး ဝမ်း၌ သန္ဓေယူသည်။ ဖွားမြင်သောအခါ ပဒုမ္မာကြာနှင့်တူသော မျက်နှာအသရေရှိ၍ မင်းသားအား “မဟာပဒုမ မင်းသား”ဟူ၍ အမည်ပေးသည်။

အရွယ်ရောက်သော် တက္ကသိုလ်သို့ ပညာသွားရောက် သင်သည်။ မင်းသား ပညာသင်ပြီး၍ ပြန်လာစဉ် မယ်တော်သည် နတ်ရွာစံခဲ့သည်။ မင်းသည် အခြားမင်းသမီးတစ်ပါးကို မိဖုရား မြှောက်၍ မဟာပဒုမမင်းသားကို အိမ်ရှေ့အရာ၌ အပ်နှင်းသည်။

တစ်နေ့ ပစ္စန္တရစ် အရပ်၌ ပုန်ကန်မှု ပေါ်လာသည်။ မင်းသည် ထိုသူပုန်များ ငြိမ်းသတ်ရန် စစ်ပြင်ဆင်မှု ပြုသည်။

“မိဖုရား၊ ဤနန်းတော်၌ နေရစ်ပါ။ ငါသည် သူပုန်ရန်

နိမ်နင်းရန် ထွက်ပါမည်။ ပစ္စန္တရစ် သူပုန်ရန်အေးမှ ပြန်လာပါမည်"

"မင်းကြီး၊ ကျွန်ုပ်နန်းတော်၌ မနေရစ်လိုပါ။ လိုက်ခဲ့ပါရစေ"

မင်းကြီးသည် မိဖုရားကို စစ်ထိုးရာ၌ အပြစ်တို့ကို ပြောပြပြီး–

"မိဖုရား၊ ငါပြန်မလာမချင်း မငြိုးငွေ့အောင် နေပါလေ။ ငါသည် မဟာပဒုမမင်းသားကို အလုံးစုံ စီရင်စေရန် မှာကြားပြီး သွားပါမည်"

မင်းကြီးသည် ဇနပုဒ် ပုန်ကန်သူတို့ကို ချေဖျက်ပြီးသော် ပြန်လာသည်။ မြို့ပြင်၌ စစ်တပ်ချကာ ယာယီစံနေလေသည်။

မဟာပဒုမမင်းသားသည် ဖခင်ပြန်လာသည့် သတင်းကို ကြားသော် မြို့ကို တန်ဆာဆင်စေသည်။ နန်းတော်ကို သုတ်သင်စေသည်။ ပြီးလျှင် ကိုယ်တော်တစ်ပါးတည်း မိဖုရားကြီးထံသို့ ဝင်သည်။

မိဖုရားကြီးသည် အလွန်တရာ နတ်သားတမျှ ချောမောလှပသော မင်းသားကိုမြင်သော် ကာမရာဂတပ်စွန်းသောစိတ်ကို မထိန်းသိမ်းနိုင်သောစိတ် ဖြစ်ပေါ်ခံစားမိလာသည်။

မဟာပဒုမမင်းသားသည် မိဖုရားကြီးကို ရှိခိုး၍–

"မိခင်၊ ကျွန်ုပ်တို့သည် ဘယ်ကဲ့သို့ ပြုကြရမည်နည်း"

မင်းသားက ဖခင်ကြီးဆိုဖို့ ကိစ္စနှင့် ပတ်သက်၍ ရည်ရွယ်ပြီးမေးသည်။ မိဖုရားကြီးသည် စိတ်ကို မထိန်းနိုင်သည် ဖြစ်၍ မင်းသားလက်ကို ထဆွဲကာ–

"အဘယ်သို့ ဆိုနေသနည်း။ အိပ်ရာထက်သို့ တက်လော့" ဟု ဆိုလေသည်။

"မိခင်၊ ဘယ်လိုအကြောင်းကိစ္စ ရှိပါသလဲ"

"မင်းသား၊ မင်းကြီးမလာသေးသမျှ ကာလပတ်လုံး တို့နှစ်ယောက် ကိလေသာ ကာမဂုဏ်ဖြင့် မွေ့လျော်ကြပါကုန်စို့"

"မိခင်၊ သင်ဟာ ကျွန်ုပ် မိခင် ဖြစ်ပါသည်။ လင်ရှိ မိန်းမလည်း ဖြစ်ပါသည်။ ကျွန်ုပ်သည် လင်ရှိ မိန်းမကို ကိလေသာအစွမ်းဖြင့် ဣန္ဒြေဖျက်၍ မကြည့်ဖူးပါ။ ဘာပြုလို့ သင်နှင့် ဤသို့သော ညစ်နွမ်းသောအကျင့်ကို ကျင့်ရပါမည်နည်း"

မိဖုရားကြီးသည် နှစ်ကြိမ်၊ သုံးကြိမ် ပဒုမမင်းသားကို ဆွဲဆောင်ပြောဆိုသည်။ မင်းသားက လက်မခံ၍ ဒေါသထွက်၍ ရက်လာမိသည်။

"မင်းသား၊ သင် ငါ့စကားကို မလိုက်နာဘူးလား"

"ဒီ အပြုအမူမျိုးကို မလိုက်နာနိုင်ပါ"

"ဒါဆို မင်းကြီးကို ပြောပြီး သင်၏ ဦးခေါင်းကို ဖြတ်စေရမည်"

"ဒါဆို သင် အလိုရှိတိုင်း ပြုပါ"

ပဒုမမင်းသားသည် ဤသို့ဆိုပြီး မိဖုရားရှေ့မှ ထွက်ခွာလာခဲ့သည်။ မိဖုရားသည် ရှက်ကလည်းရှက်၊ ဒေါသကလည်း ထွက်သည်။

'အိမ်ရှေ့မင်းသည် ရှေးဦးစွာ မင်းကြီးကို ပြောခဲ့သော် ငါအသက် ချမ်းသာရာ ရဖို့မမြင်။ ငါသာလျှင် ဦးစွာ မင်းကို ပြောကြားမည်'

မိဖုရားသည် ဤသို့ ကြံစည်ပြီး အဝတ်စားကောင်းကို ဝတ်ပြီး မိမိကိုယ်ကို လက်သည်းဖြင့် ကုတ်ခြစ်ထားသည်။ နေမကောင်း ဟန်ဆောင်နေလေသည်။

"မင်းကြီးငါ့ကို မေးလျှင် ဖျားနာနေသည်"ဟု လျှောက်ကြပါလေဟု အခြွေအရံတို့ကို မှာထားလေသည်။

မင်းကြီးမြို့သို့ ဝင်သောနေ့ ရာဇပလ္လင်ပေါ်၌ နေတော်မူသောအခါ မိဖုရားကို မမြင်၍ မိဖုရားကို မေးသည်။ အခြွေအရံတို့က နေမကောင်းကြောင်း လျှောက်ထားကြ၍ မင်းကြီးသည် ချက်ချင်းပင် မိဖုရားကြီးနေရာ ကျက်သရေ တိုက်ခန်းသို့ ဝင်သည်။

"ရှင်မိဖုရား အသို့နည်း၊ မချမ်းသာသလော"

မိဖုရားသည် မင်း၏ စကားကို မကြားသကဲ့သို့ ပြု၍ နေသည်။ သုံးကြိမ်သုံးခါ ထပ်ပြီး မေးမှ–

"ရှင်မိဖုရား၊ အဘယ်ကြောင့် စကားမဆို ဆိတ်ဆိတ် နေဘိသနည်း"

"မြတ်သောမင်းကြီး၊ အသို့ဆိုပါသနည်း၊ လင်ရှိသော မိန်းမမည်သည်ကား ကျွန်ုပ်ကဲ့သို့ မဖြစ်နိုင်ပါ"

"အဘယ်သူသည် သင့်အား ညှဉ်းဆဲပါသလဲ"

"အရှင်မင်းကြီး၊ အဘယ်သူကို အရှင်မင်းကြီး မြို့ကို အပ်၍ သွားပါသလဲ"

"ငါ၏ သားတော်အိမ်ရှေ့မင်း ပဒုမမင်းသားကို ထား၍ သွားပါ၏"

"အဲဒီ ပဒုမမင်းသားပင် ကျွန်ုပ်ထံ လာရောက်ကာ ကိလေသာ အမှုပြုရန် ကြိုးစားပါ၏။ ငါသည် သင့်မယ်တော် ပါ"ဟု ဆိုသော်လည်း "ငါ့ကို ထား၍ ငါမှတစ်ပါးသော မင်းသည်မရှိ"ဟု ဆိုကာ အိမ်ရှေ့မင်းသည် ကျွန်ုပ်ကို ကိလေသာ ဖြင့် မွေ့လျော်ရန် ဆံပင့်ကို ကိုင်စွဲပြီး ထိုမှဤမှ ဆွဲငင်ပါသည်။ သူ၏စကားကို မနာခံ၍ ထောင်းထု ရိုက်နှက်ပြီး သွားပါသည်"

မင်းကြီးသည် မယားထိ ဓားကြည့်သဘောဖြစ်ကာ မစူးစမ်း မဆင်ခြင်ဘဲ မြွေဟောက်ကဲ့သို့ အမျက်ထွက်ပြီး–

"သွားချေ၊ အိမ်ရှေ့မင်းကို နှောင်ဖွဲ့၍ ဖမ်းလာခဲ့ကြ"

ဟု မင်းစေတို့ကို စေခိုင်းသည်။

မင်းစေတို့သည် မင်းအမိန့်အတိုင်း အိမ်ရှေ့မင်းကို

ဖမ်းဆီးချုပ်နှောင်ကာ ရာဇဝတ်သားဝတ်သော အဝတ်နီကို လွှမ်းလျက် ခေါ်ဆောင်လာကြသည်။

'ဤအမှုကား မိဖုရားယုတ်၏ အမှုသာ ဖြစ်ရမည်'

အိမ်ရှေ့မင်းသားသည် ဤသို့ ကြံစည်သိရှိပြီးလျှင်-

"အချင်းတို့၊ ငါသည် ခမည်းတော်မင်းကြီး၏ အပြစ်ကို မပြု။ ငါ့မှာ အပြစ်မရှိပါ"ဟု ပြောဆိုလျက် လိုက်ပါလာသည်။

မြို့အလုံးစုံသည် အိမ်ရှေ့မင်း အဖမ်းခံရသည်ဆို၍ ချောက်ချားသည်။

"မင်းကြီးသည် မိန်းမစကားကို နာယူ၍ သားတော် အိမ်ရှေ့မင်းသားကို သတ်စေလတ္တံ့"ဟု စည်းဝေးကြပြီး အိမ်ရှေ့မင်းခြေရင်း၌ ဝပ်စင်းရှိခိုးကြကာ ငိုယိုကြသည်။

"အရှင်မင်းသား၊ ဤအမှုသည် အရှင့်သားနှင့် မလျော်ကန် မလျောက်ပတ်ပါ။ သက်သက်အမှုဆင်သော အမှုသာ ဖြစ်ပါသည်"

ဟု မြို့သူမြို့သားတို့က သည်းစွာ ငိုကြွေးကာ ပြောကြသည်။

မင်းစေတို့သည် အိမ်ရှေ့မင်းကို မင်းကြီးထံ ပို့ကြသည်။ မင်းကြီးသည် သားတော်ကို မြင်သော် ဒေါသကို မထိန်းသိမ်းနိုင်ကာ-

"ဤမင်းသားသည် မင်းအသွင်ကို ပြု၏။ ငါ၏

သားဖြစ်လျက် မိဖုရားကို ပြစ်မှားဏ်။ ဤသားကို ခိုးသူချရာ ကမ်းပါးပြတ်သို့ ချ၍ သတ်ကြပါလေ”ဟု အမိန့်ထုတ်ပြန်လေသည်။

“ခမည်းတော်ဘုရား၊ ကျွန်ုပ်အား ဤသို့သဘောရှိသော အပြစ်ကို မပြုလုပ်၍ အပြစ်မရှိပါ။ မိန်းမစကားကို ယုံတော်မူ၍ ကျွန်ုပ်ကို မဖျက်ဆီးပါနဲ့”ဟု မင်းသားက တောင်းပန်သည်။

မင်းကြီးသည် ပဒုမမင်းသား စကားကို မနာယူဘဲ အမိန့်ကိုသာ တည်စေသည်။

“ချစ်သား ပဒုမ၊ သင်ကား မလျောက်ပတ်သော ဤအမှုကို ရဘိဏ်”ဟု နန်းတွင်းသူအပေါင်းတို့သည် ဆို၍ သည်းစွာ ငိုကြွေးကြလေသည်။

“မင်းကြီး၊ သားတော်အိမ်ရှေ့မင်းသည် သီလအကျင့်ဂုဏ် ကျေးဇူးနှင့် ပြည့်စုံဏ်၊ အမျိုးအနွယ်ကို စောင့်ရှောက်လတ္တံ့သောမှု ဖြစ်ပါသည်။ တိုင်းပြည်အမွေခံ ဖြစ်ပါသည်။ မိန်းမစကားကို ယူတော်မူ၍ မစိစစ်ဘဲ ဖျက်ဆီးတော် မမူပါနဲ့။ မင်းကြီး သူတစ်ပါး၏ အပြစ်ကို မမြင်ဘဲ ကြီးကြီးငယ်ငယ် အပြစ်အလုံးစုံ တို့ကို ပြည့်ရှင်မင်းသည် ကိုယ်တော်တိုင် မစုံစမ်း၊ မဆင်ခြင်ဘဲ မင်းဒဏ်ကို မပေးသင့်၊ မထားသင့်ပါ”

“မင်းကြီး ပြည့်ရှင်မင်းသည် မစုံစမ်း မဆင်ခြင်ဘဲ ဒဏ်ထားမှုကို ပြုပါက ထိုမင်းသည် ပင်္ဂသနွေအားဖြင့် ကန်းသော

သူသည် အဆိပ်ရှိသော၊ အဆူးရှိသော ဘောဇဉ်ကို မျိုရသကဲ့သို့ မိမိကိုယ်ကို အကျိုးမဲ့ကို ပြုသည် မည်ပါသည်"

"မင်းကြီး ပြည့်ရှင်မင်းသည် ဒဏ်မပေးထိုက်သောသူကို ဒဏ်ပေး၏။ ဒဏ်ပေးထိုက်သောသူကို ဒဏ်မပေးပါက သူကန်းသည် မညီမညွတ်သော ခရီးကို မသိသကဲ့သို့ ညီ-မညီကို မသိနိုင်ပါ"

"မင်းကြီး မင်းမည်သည်ကား အလုံးစုံသော အပြစ်ကြီးငယ်တို့ကို ကောင်းစွာ သိမြင်သည်ဖြစ်၍ ဆုံးမသည်။ ထိုမင်းသည်သာ မင်းပြုထိုက်ပါ၏"

"မင်းကြီး-နူးညံ့သော ပြည့်ရှင်မင်းသည် မိမိကိုယ်ကို မြတ်သော အဖြစ်၌ ထားရန် မတတ်နိုင်သလို ကြမ်းတမ်းသော ပြည့်ရှင်မင်းသည်လည်း မိမိကိုယ်ကို မြတ်သောအဖြစ်ဖြင့် မထားနိုင်ပါ။ မင်းမည်သည် အနု၊ အကြမ်း နှစ်ပါးစုံကို သင့်လျော်သလို ကျင့်ရပါသည်"

"မင်းကြီး၊ နူးညံ့သော မင်းကို ပြည်သူတို့ မလေးစားသလို ကြမ်းသော မင်းကိုလည်း ပြည်သူတို့ မုန်းတတ်ပါသည်၊ မင်းမည်သည် မပျော့လွန်း၊ မကြမ်းလွန်းကို သိ၍ အလယ်အလတ်အကျင့်ကို ကျင့်ရပါသည်"

"မင်းကြီး၊ တပ်စွန်းသည်ဖြစ်၍ များစွာ မဟုတ်မဟတ် ပြောဆိုတတ်ပါသည်။ အမျက်ထွက်သဖြင့်လည်း မဟုတ်မဟတ်

များစွာ ပြောဆိုဆဲရေးတတ်ပါသည်။ မိန်းမဟူသော အကြောင်း ကြောင့် သားတော်ကို သတ်ခြင်းငှာ မထိုက်ပါ”

မင်းမျိုး၊ ဆွေမျိုး၊ မှူးမတ်တို့က အလုံးစုံ အကြောင်းပြ လျှောက်ထားကြသည်၊ မင်းကြီးက မနာယူ။ ဖဒုမမင်းသားက ထပ်မံတောင်းပန်သော်လည်း ကာမအဆိပ်တက်နေသော မင်းကြီး သည် မနာယူ။ သေမိန့်သာ ပေးလေသည်။

“အမတ်တို့၊ အလုံးစုံသော လူအပေါင်းသည် မင်းသား ဘက်ကချည်း ဖြစ်နေသည်။ မိဖုရားမှာကား တစ်ယောက် တည်းဖြစ်သည်။ ဒါကြောင့် ငါသည် မင်းသား၏ သေမိန့်ကို မပယ်ဖျက်နိုင်။ သူရာ ချောက်သို့ ချ၍သာ သတ်ကြပါလော့”

နန်းတွင်းသူ၊ နန်းတွင်းသား၊ ပြည်သူပြည်သားတို့သည် မင်းအမိန့်ကို မလွန်ဆန်နိုင်တော့ဘဲ ငိုယိုလျက်သာ မင်းသား နောက်သို့ လိုက်ကြလေသည်။

မင်းသည် ဤမင်းသားကို လမ်းမှ လူအများ လုယူ ကယ်တင်ရာသည် ဖြစ်လတ္တံ့ဟု ဆိုကာ ကိုယ်တိုင်ပင် ချောက် ကမ်းပါးသို့ လိုက်ပြီး မင်းသားကို ခြေမိုးမျှော် ဦးခေါင်း စောက်ထိုးထား၍ ကမ်းပါးပြတ်သို့ ပစ်ချစေသည်။

မင်းသား၏ အာနုဘော်တန်ခိုးကြောင့် တောင်စောင့် နတ်သည်–

“မဟာပဒုမမင်းသား မကြောက်လင့်”

ဟု ဆို၍ မင်းသားကို သက်သာရာရစေပြီး လက်နှစ်ဖက်ဖြင့် ဆီးယူပြီး ရင်ခွင်ထက်၌ ထားကာ တောင်ခြေရင်း၌ တည်ရှိသော နဂါးမင်း၏ ပါးပျဉ်းတိုက်၌ ထားပေးသည်။

ပဒုမမင်းသားသည် နဂါးပြည်၌ တစ်နှစ်ပတ်လုံး နေပြီးနောက် နဂါးမင်းကို လူ့ပြည်သို့ ပြန်နေခွင့်ပြုရန် တောင်းပန်လေသည်။

"အဘယ်အရပ်သို့ သွားမည်နည်း"

"ဟိမဝန္တာသို့ သွား၍ ရသေ့ရဟန်းပြု၍ နေပါမည်"

နဂါးမင်းသည် ကောင်းပြီဟု ဝန်ခံကာ ပဒုမမင်းသားကို ဟိမဝန္တာသို့ ပို့ပေးပြီး သက်န်းပရိက္ခရာတို့ကို လှူထားပြီး ပြန်သည်။

မင်းသားသည် ရသေ့ဝတ်ပြီး တရားအားထုတ်ရာ မကြာခင် ဈာန်အဘိညာဉ် ကို ရလေသည်။

တစ်နေ့တွင် ဗာရာဏသီပြည်မှ မုဆိုးတစ်ဦးသည် ထိုအရပ်သို့ ရောက်၍ မင်းသားရသေ့ကို တွေ့မြင်လျှင် မှတ်မိ၍–

"အရှင်သည် မဟာပဒုမမင်းသား မဟုတ်ပါလော"ဟု မေးသည်။

"အသင် မုဆိုး၊ ဟုတ်ပါ၏"

မုဆိုးသည် ပဒုမရသေ့နှင့် နှစ်ရက်၊ သုံးရက်နေသည်။ ထို့နောက် ဗာရာဏသီပြည်သို့ ပြန်ပြီး မင်းကြီးကို အကြောင်းကြား လျှောက်ထားသည်။

"သင်သည် မျက်မှောက်မြင်ခဲ့သလော"

"အရှင်ဘုရား၊ မျက်မှောက်မြင်ခဲ့ပြီး ကျွန်တော်မျိုး ကိုယ်တိုင် နှစ်ရက်၊ သုံးရက် နေထိုင်ခဲ့ပါသည်"

မင်းကြီးသည် မုဆိုးစကားကို လက်ခံပြီး ဗိုလ်ပါ ခြံရံလျက် ဟိမဝန္တာသို့ သွားသည်။ ပဒုမရသေ့နေသော တဲ ကျောင်းသို့ ရောက်၍ မင်းသားကို မြင်လျှင် သင့်တင့်လျောက်ပတ် သော အရပ်၌နေသည်။ မှူးမတ်တို့သည် မင်းသားကို ရှိခိုးလျက် စကားပြောနှုတ်ဆက်ကြသည်။

"ချစ်သား၊ သင့်ကို အလွန်နက်သော ကမ်းပါးပြတ်သို့ ပစ်ချပါလျက် အဘယ်ကြောင့် သင်ချစ်သား အသက်ရှင် ရပါသလဲ"

"မင်းကြီး၊ အောက်သို့ ပစ်ချခံရသော ကျွန်ုပ်ကို နဂါး မင်းသည် အခွေဖြင့် ခံ၍ ကယ်ဆယ်ခဲ့ပါသည်"

"ချစ်သား၊ ယခု ဖခင်နှင့် ပြန်လိုက်ခဲ့ပြီး မင်းပြုပါလော့"

"မင်းကြီး၊ ငါးမျှားချိတ်ကို မျို၍ သွေးနှင့်တကွ အန်သကဲ့သို့ ငို့အတူ အန်လိုက်ပါက ချမ်းသာခြင်း ရှိသည် ဖြစ်ပါမည်"

"ချစ်သား၊ အဘယ်ကို ငါးမျှားချိတ်၊ အဘယ်ကို သွေးနှင့်အတူ၊ အဘယ်ကို နုတ်အပ်သည် ဟူ၍ ဆိုပါသလဲ"

"မင်းကြီး၊ ကာမဂုဏ်ငါးပါးကို ငါးမျှားချိတ်ဟု ဆိုပါသည်"

ဆင်,မြင်းကို သွေးနှင့်အတူဟု ဆိုပါသည်။

ထိုဟာများကို စွန့်ခြင်းကို နှုတ်အံသည်ဟု ဆိုပါသည်။

ထိုစကားကို ကြားရသောအခါ မင်းကြီးသည် အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီးလျှင်–

"ချစ်သား၊ ငါသည် အလွန်မိုက်မဲသောကြောင့် မိန်းမ စကားကို နာယူ၍ ဤသို့သော အကျင့်သီလရှိသော သားကို ပြစ်မှားမိပါ၏။ သားဖခင်အပြစ်ကို သည်းခံပါလော့"

မင်းကြီးသည် ဤသို့ဆိုပြီးလျှင် မဟာပဒုမရသေ့၏ ခြေ၌ ဝပ်စင်းကာ ရှိခိုးတောင်းပန်သည်။

"မြတ်သောမင်းကြီး၊ ထတော်မူပါလော့။ ရှင်မင်းကြီး၏ အပြစ်ကို သည်းခံပါ၏။ ဤယနေ့မှစ၍ မည်သည့်ကိစ္စမဆို မစူးမစမ်း မဆင်ခြင်ဘဲ မပြုပါလေနှင့်"

"ချစ်သား–သင်ချစ်သားသည် အဖ၏ ဥစ္စာဖြစ်သော ထီးဖြူကို ဆောင်း၍ တိုင်းပြည်ကို ဆုံးမသည့်ရှိသော် ငါ့အား သည်းခံသည် မည်ပါ၏"

"မင်းမြတ်၊ ကျွန်ုပ်အား မင်းအဖြစ်ကို အလိုမရှိပါ။ အသင်မင်းကြီးသည်သာ မင်းကျင့်တရား ဆယ်ပါး၊ သင်္ဂဟ တရားလေးပါး၊ အဂတိတရားလေးပါး ကင်း၍ တရားနှင့်အညီ မင်းပြုတော်မူပါ"

ပဒုမရသေ့က မင်းကြီးကို ဆုံးမသည်။ မင်းကြီးသည် ငိုယိုလျက် ပြန်လာသည်။ လမ်းတွင် မှူးမတ်တို့ကို မေးသည်။

"အချင်းတို့၊ ငါသည် အဘယ်သူကို အကြောင်းပြု၍ ဤသို့သော အကျင့်သီလနှင့် ပြည့်စုံသော သားနှင့် ကွေကွင်းခြင်းကို ခံရပါသနည်း"

"မြတ်သောမင်းကြီး၊ မိဖုရားကို မှီ၍ ဖြစ်ရပါသည်"

မင်းကြီးသည် ချက်ချင်းပင် သူခိုးများ ပစ်ချသတ်ရာ ချောက်ကမ်းပါးသို့ သွားပြီး မိဖုရားကို ချောက်ကမ်းပါးသို့ ပစ်ချပြီး နန်းတော်သို့ ပြန်လေသည်။

(မဟာပဒုမဇာတက)

## ကိုးကွယ်ခံဘဝ ပျက်စီးရ ကျွန်မဖြစ်ထွေ

ဗာရာဏသီပြည်ဝယ် အဝတ်ဖြူဝတ်၍ နေသော သစ္စကပါပီ အမည်ရှိ ပရိဗိုဇ်မတစ်ဦး ရှိသည်။

ထိုပရိဗိုဇ်မသည် သုသာန်၌ သစ်ခက်တဲဆောက်နေကာ တရားကျင့်သည်။ ထမင်းကို လေးရက်လျှင် တစ်ကြိမ်သာ စားသည်။

ဗာရာဏသီပြည်၌ ထိုပရိဗိုဇ်၏ ဂုဏ်သတင်းသည် နေလကဲ့သို့ ထင်ရှားသည်။ ဗာရာဏသီမြို့သူမြို့သားတို့သည် ခြေဆတ်သော်လည်းကောင်း၊ ခလုတ်တိုက် ချော်လဲသော်

လည်းကောင်း "နမောသဗ္ဗကပါပိယာ" ဟူ၍ ယောင်ယမ်းဆိုလေ ရှိသည်အထိ ပရဗိုဇ်မ၏ အကျင့်သီလကို စွဲလမ်း တမ်းတကြ ကုန်သည်။

တစ်နေ့ဝယ် ပွဲလမ်းသဘင်တစ်ခု၌ ရွှေပန်းတိမ်သည် တစ်စုတို့သည် အရပ်တစ်နေရာ၌ မဏ္ဍပ်ဆောက်ကြပြီး ငါး၊ အမဲ၊ အရက်တို့ဖြင့် ပျော်ပွဲစားထွက်ကာ စားကြ သောက်ကြသည်။

အရက်သောက်ပြီး တစ်ဦးက အရက်ဘူးကို မှန့်ပစ် သည်ရှိသော် "နမောသဗ္ဗကပါပိယာ" ဟူ၍ သိကာ၊ မှန့်သည်။ ထိုအခါ တစ်ယောက်သော ပညာရှိရွှေပန်းတိမ်သည်က "သူငယ် ချင်း အလွန်မိုက်လေစွ၊ တုန်လှုပ်သောစိတ်ရှိသော မိန်းမကို ရှိခိုးခြင်းအမှုကို ပြုဘိ၏၊ မိုက်လေစွတကား" ဟု ဆိုလေသည်။

"သူငယ်ချင်း ထိုသို့ မပြောပါနဲ့၊ ငရဲကြီးနေပါလိမ့်မည်"

"သူငယ်ချင်း၊ ပညာနည်းလျှင် ဆိတ်ဆိတ်နေပါ၊ ဥစ္စာတစ်ထောင်ကြေး လောင်းမလား။ သင့်ရဲ့ သဗ္ဗကပါပိကို ခုနစ်ရက်အတွင်း ဤမဏ္ဍပ်မှာ အရက်အိုးကို ရွက်ပြီး လာပို့စေပြီ အရက်သောက်ပါမည်။ မိန်းမညည်သည် ဘယ်တော့မှ သီလ မမြဲပါ"

"သူငယ်ချင်း၊ သင်မတတ်နိုင်ပါ။ သင်သာရှုံးပါလိမ့်မည်"

"ဥစ္စာတစ်ထောင်ကြေး စိမ်လိုက်ပါ"

ပညာရှိ ရွှေပန်းတိမ်သည် ထိုသို့ လောင်းကြေး သဘော တူပြီး အခြားသူများကို သက်သေထားသည်။

ပညာရှိသည် နောက်နေ့နံနက်တွင် စောစောထပြီး ရသေ့အသွင် ဝတ်ကာ သုသာန်သို့ သွားသည်။ သစ္စကပါပီ ပရိဗိုဇ်မ၏ နေရာနှင့် မနီးမဝေးတွင် ရပ်၍ နေကို ရှိခိုးနေလေသည်။

ပရိဗိုဇ်မသည် ဆွမ်းအလို့ငှာ သွားသည်ရှိသော် ထို အယောင်ဆောင်ရသေ့ကို မြင်တွေ့လေသည်။

'ဤသူသည် တန်ခိုးကြီးသော ရသေ့ဖြစ်လိမ့်မည်။ ငါသည် ရှေးဦးစွာ သုသာန်နံပါး၌ နေ၏။ ဤရှင်ရသေ့ကား သုသာန်အလယ်၌ နေ၏။ ထိုအရှင်ရသေ့ကိုယ်တွင်း၌ နိဗ္ဗာန် တရားသည် ရှိလိမ့်မည်၊ ရသေ့ကို ရှိခိုးအံ့'

ပရိဗိုဇ်မသည် ဤသို့တွေးပြီး ရသေ့ထံ ချဉ်းကပ်ကာ ရှိခိုးသည်။ ရသေ့သည် ပရိဗိုဇ်မကို ကြည့်လည်းမကြည့်။ စကားလည်း မပြောပေ။ နှစ်ရက်မြောက်သောနေ့၌ ရှေးနည်း အတူသာ ပြု၏။

သုံးရက်မြောက်သောနေ့ဝယ် ပရိဗိုဇ်မ ရှိခိုးသောအခါ "သွားလေလော့"ဟု ဆိုလိုက်၏။

လေးရက်မြောက်နေ့ဝယ် "ဘယ်လိုလဲ–ဆွမ်းခံရသဖြင့် မပင်ပန်းဘူးလား"ဟု မေးသည်။

ပရိဗိုဇ်မသည် ရသေ့ထံမှ စကားပြောလာခြင်းကို ရပြီဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါသည်။

ငါးရက်မြောက်သောနေ့ဝယ် စကားအတော်အတန် ပြောပြီး ဆွေးနွေးခွင့်ရသည်။

ခြောက်ရက်မြောက်သောနေ့ဝယ် လာရောက်ရှိခိုးသော သစ္စကပါပီပရိုဇ်မကို မေးသည်။

"နှမ–ယနေ့ ဗာရာဏသီမြို့၌ သီချင်းသံ၊ တီးမှုတ်သံ များစွာ၏။ အကြောင်းအသို့နည်း"

"အရှင်ဘုရား၊ အရှင်ဘုရားတို့ မသိကုန်။ ဗာရာဏသီ၌ ပွဲလမ်းသဘင် ကြွေးကြော်ပါ၏။ ဤအသံသည် ထိုပွဲလမ်းသဘင်၌ ကစားကုန်သော သူတို့၏ အသံ ဖြစ်ပါသည်"

"နှမ၊ သင်သည် ရက်မည်မျှ လွန်မှ ထမင်းကို စားပါသနည်း"

"အရှင်ဘုရား၊ လေးရက်လွန်မှ စားပါသည်။ အရှင်ဘုရားကော၊ ထမင်းရက်မည်မျှ လွန်မှ စားပါသလဲ"

"နှမ၊ ခုနစ်ရက်လွန်မှ ထမင်းကို စားပါ၏။ နှမ ရဟန်းပြုသည်မှာ မည်မျှရပြီလဲ"

"အရှင်ဘုရား၊ (၁၂)ဝါ ရပါပြီ။ အရှင်ဘုရားကော ဘယ်နှစ်ရပါပြီလဲ"

"နှမ ယခု (၆)ဝါ ရှိပါပြီ။ နှမမှာ နိဗ္ဗာန်တရားကို ရခြင်း ရှိပါပြီလော"

"အရှင်ဘုရား မရှိပါ။ အရှင်ဘုရားကော နိဗ္ဗာန်တရား ရခြင်း ရှိပါ၏လော"

"ငါ့မှာလည်း မရှိပါ။ နှမ ငါတို့မှာကား ကာမ ချမ်းသာလဲမရ၊ ရဟန်းချမ်းသာလဲမရ။ ငါတို့အားသာ ငရဲသည် ပူသလော။ လူအပေါင်းတို့၏ အမူအကျင့်ကို ပြုကြစို့။ ငါသည် လူထွက်ပါမည်။ ငါ့မှာ မိဘ အမွေ ဥစ္စာ ရှိပါ၏။ ငါသည် ဆင်းရဲကို မခံစားလိုတော့ပါ"

ပရိဗိုဇ်မသည် ရသေ့၏ စကားကို ကြားရသောအခါ တုန်လှုပ်သောစိတ်ရှိပြီး ရသေ့အပေါ်၌ တပ်စွန်းသောစိတ် ဖြစ်မိသည်။

"ဒါဆို ကျွန်ုပ်မလည်း လူထွက်ပါမည်"

"ဒါဆို နှမ လာ–သင့်ကို ငါမယားပြုမည်"

ပညာရှိသည် သစ္စကပါပိကို ခေါ်ကာ ဗာရာဏသီမြို့ထဲ ဝင်သည်။ သတ်မှတ်သော မဏ္ဍပ်သို့ သွားလေသည်။ ရွှေပန်း ထိမ်သည်သည် ဥစ္စာတစ်ထောင် ရှုံးရတော့သည်။

သစ္စကပါပိသည် ထိုပညာရှိနှင့် ပေါင်းဖက်၍ သားသမီး ရတနာတို့ ထွန်းကား ပွားစီးလာသည်။

## မင်းသမီး ကျွန်မ ဆိတ်ကွယ်ရာရသော်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်။ ထိုမင်းသည် စစ်သည်ဗိုလ်ပါ အင်အားတောင့်တင်းပြီး စားနပ်ရိက္ခာ ပြည့်ဝပြည့်စုံသည်။

တစ်နေ့ ဗြဟ္မဒတ်မင်းသည် ကောသလတိုင်းကို ဝင်ရောက်တိုက်ခိုက်သိမ်းယူသည်။ စစ်နိုင်သောအခါ ကောသလမင်းကို သတ်ဖြတ်၍ ကောသလမင်း၏ မိဖုရားကြီးကို မိဖုရားပြုထားသည်။

ထိုမိဖုရားတွင် ကောသလမင်းနှင့် ရသော ကိုယ်ဝန်သည် ပါရှိသည်။ မကြာခင် မိဖုရားသည် ကိုယ်ဝန်ရင့်မာလာပြီး ရွှေအဆင်းနှင့်တူသော သားကို မွေးဖွားသည်။

"ဤ ငါ မွေးဖွားသောသားကို ဗာရာဏသီမင်းသည် ရန်သူမင်း၏ သားဟု ဆိုပြီး သတ်ရာ၏။ ငါ့သားသည် သူတစ်ပါးလက်၌ မသေစေရ"

မိဖုရားကြီးသည် ဤသို့ ကြံစည်စိတ်ကူးမိသည်။ အထိန်းမိန်းမကို ခေါ်ကာ တိုးတိုးတိတ်တိတ် စေခိုင်းသည်။

"မိခင်၊ ဤသူငယ်ကို ပုဆိုးနွမ်းပတ်ပြီး သူသေပစ်ရာ သုသာန်သို့ သွား၍ ပစ်ပေးပါ"

အထိန်းမိန်းမသည် မိဖုရားကြီး ပြောဆိုသည့်အတိုင်း ဆောင်ရွက်ပြီး ပြန်လာခဲ့သည်။

ကောသလမင်းသည် အသတ်ခံရ၍ သေပြီးနောက် သား၏ ကိုယ်စောင့်နတ် ဖြစ်လာလေသည်။

ထိုနတ်၏ အာနုဘော်ကြောင့် ဆိတ်ကျောင်းသား၏ ဆိတ်တို့သည် ထိုသုသာန်၌ ကျက်စားသည်ရှိသော် ဆိတ်မ တစ်ကောင်သည် မင်းသားငယ်ကို မြင်လျှင် ချစ်ခြင်းမေတ္တာဖြစ်ပြီး နို့တိုက်သည်။

နို့တိုက်ပြီး၍ အစာရှာ ခဏထွက်သည်။ ပြီးလျှင် တစ်ဖန်လာ၍ နို့ဖြင့် တိုက်ပြန်သည်။ ဤသို့ဖြင့် နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ် နို့လာတိုက်လေသည်။

ဆိတ်ကျောင်းသားသည် ထိုဆိတ်မ၏ ထူးခြားသော အမူအရာကို မြင်၍ လိုက်၍ ကြည့်သည်။ မင်းသားငယ်ကို တွေ့ရသောအခါ သားဟူသော ချစ်ခြင်းမေတ္တာဖြစ်ပြီး ကောက် ယူကာ မိမိမယားကို မွေးမြူစေသည်။ မယားတွင် သားသမီးမရှိ၍ နို့မရှိသောကြောင့် သူငယ်ကို ဆိတ်နို့ရည်သာ တိုက်ရလေသည်။

ဤသို့ သူငယ်ကို ဆိတ်နို့တိုက်၍ မွေးမြူလာရာ နေ့စဉ်နေ့တိုင်းပင် နှစ်ကောင်သုံးကောင်သောဆိတ်မတို့သည် သေလေသည်။

"ဤသူငယ်ကို ဆက်လက်မွေးမြူရသော် ငါ့ထံရှိ ဆိတ်မအားလုံး သေကုန်ပေလိမ့်မည်။ ဤသူငယ်သည် ငါတို့အား အကျိုးမပေး"

ဆိတ်ကျောင်းသားသည် ဤသို့ ကြံစည်ပြီးလျှင် သူငယ်ကို အိုးကြီးတစ်လုံးတွင် အိပ်စေပြီး အိုးကိုပိတ်ကာ အိုးကို မှန်ပဲညက်ကို့ဖြင့် လိမ်းကျံပြီး မြစ်၌ မျောလိုက်လေသည်။

မြစ်၏ အောက်ဆိပ်၌ မင်းအိမ်၌ အဝတ်တို့ကို လျှော်ဖွပ်ပေးသော ဒွန်းစဏ္ဍားခဂါသည် တစ်ဦးသည် အဝတ်လျှော်နေရာမှ ထိုအိုးကို မြင်၍ ဆယ်ယူသည်။ လမ်းပေါ်အရောက် အိုးကို ဖွင့်ကြည့်ရာ ကလေးငယ်ကို တွေ့သည်။ မိမိတို့၌လည်း သားသမီး မရှိ၍ သားဟူ၍ ချစ်ခြင်းဖြစ်ကာ မိမိအိပ်သို့ သယ်ဆောင်ပြီး မွေးစားထားလေသည်။

ဒွန်းစဏ္ဍားအဝတ်လျှော်သမားသည် ထိုကလေး ခုနစ်နှစ်သားရှိသောအခါ နန်းတော်သို့ သွားတိုင်းသွားတိုင်း ကလေးကို ခေါ်သွားသည်။ နန်းတော်၌ အဝတ်တို့ကို ဖာထေးချုပ်ခြင်း၊ ဖွပ်လျှော်ခြင်းအမှုတို့ကို ပြသည်။

မင်းသားငယ်သည် တဖြည်းဖြည်း ကြီးပြင်းလာရာ (၁၆)နှစ်အရွယ်ရောက်လာသည်။ မင်းသားက မိဘအလုပ်တို့ကို ဝိုင်းဝန်းကူညီလုပ်ပေးသည်။ အပ်ချုပ်ပေးသည်။ ဖာထေးပေးသည်။ ဖွပ်လျှော်ပေးသည်။

မင်း၏ မိဖုရားတွင် ကုဂုဏ်ဒေဝီမည်သော သမီးတော် တစ်ပါးရှိသည်။ ကုဂုဏ်ဒေဝီသည် ထိုမင်းသားကို မြင်ရသော နေ့မှစ၍ ကပ်မက်စွန်းသောစိတ် ရှိလေသည်။

နေ့စဉ်နေ့တိုင်း မင်းသားအလုပ်လုပ်ရာသို့ အမြဲလာသည်။ စကားပြောသည်။ ကြာလတ်သော် မင်းသားမင်းသမီးတို့သည် တစ်ဦးနှင့်တစ်ဦး အချစ်ကြူးကာ မီးအိမ်ဖုံးကွယ်ရာ အရပ်၌ ကာမဂုဏ်လွန်ကြူးခြင်းကို ပြုမိကြသည်။

ကာလကြာသော် ထိုအမှုကို အလုပ်အကျွေးမိန်းမတို့ သိကုန်၍ မင်းအား လျှောက်ထားကြသည်။

မင်းကြီးသည် ဒေါသအမျက် ပြင်းစွာထွက်၍ မှူးမတ်များကိုလည်း အစည်းအဝေးခေါ်ကာ—

ဤဒွန်းစဏ္ဍားဇာ၏ သားသည် သမီးတော်နှင့် ဤအမှုကို ပြုသည်။ မည်သို့ အပြစ်ပေးသင့်ပါသနည်းဟု မေးလေသည်။

"ဤသူကား အပြစ်ကြီးစွာ၏။ အထူးထူး အပြားပြားသော ပြစ်ဒဏ်ကို ပေးပြီးမှ သတ်စေသင့်ပါသည်"

ဟု မှူးမတ်တို့က လျှောက်ထားသည်။

ထိုအခါ မင်းသား၏ ကိုယ်စောင့်နတ်သည် မိဖုရားကြီးကိုယ်၌ ပူးဝင်၍ အကြောင်းစုံ ပြောပြသည်။ မိဖုရားကြီးသည် ထိုအကြောင်းစုံကို မင်းကြီးအား လျှောက်ထားပြီး ထိုပုဂ္ဂိုလ်များကို ခေါ်ယူစစ်ဆေးမေးမြန်းရန် လျှောက်ထားသည်။

မင်းကြီးသည် အထိန်းတော်မှစ၍ ဆိတ်ကျောင်းသား ဒွန်းစဏ္ဍားတို့ကို ခေါ်ယူစစ်ဆေးသည်။ အဖြစ်မှန်ကို သိသောအခါ မင်းသားအစစ်ဖြစ်သည်ကို သိရ၍ နှစ်သက်ဝမ်းမြောက်ကာ

မင်းသားကို ရေချိုးစေပြီး မင်းဝတ်တန်ဆာ ဆင်ပေးသည်။ သမီးတော်နှင့်လည်း လက်ထပ်ပေးသည်။

ထိုမင်းသားကို မွေးမြူစဉ်က ဆိတ်မတို့ သေသည့် အဖြစ်ကြောင့် "ဧဠကကုမာရ" အမည်တွင်သည်။

ခမည်းတော်မင်းကြီးသည် ဧဠကကုမာရမင်းသားကို ဆင်မြင်းဗိုလ်ပါ များစွာပေး၍ ဖခင်ဥစ္စာဖြစ်သော ကောမလတိုင်းကို အုပ်ချုပ်စေသည်။ မင်းသားသည် ကုဂုဂ်ဒေဝီကို ခေါ်၍ ကောမလတိုင်းသို့ သွားကာ ကောသလမင်းအဖြစ် အုပ်ချုပ်လေသည်။

ဖခင်မင်းကြီးက ဤမင်းသားသည် အတတ်ပညာ မသင်ရသေး။ အတတ်ပညာသင်ရန် ဆင္ဂုဂ်ကုမာရ မည်သော ဆရာကို စေလွှတ်ပေးလိုက်သည်။

မင်းသားသည် ဆင္ဂုဂ်ကုမာရထံ၌ အတတ်ပညာ သင်ပြီးနောက် ဆင္ဂုဂ်ကုမာရကို ဆရာအဖြစ်နှင့်တကွ စစ်သူကြီး အရာကို ပေးသနား ချီးမြှင့်ထားလေသည်။

ကာလအတန်ကြာသော် ကုဂုဂ်ဒေဝီသည် စစ်သူကြီး ဆင္ဂုဂ်ကုမာရနှင့် ကာမလွန်ကျူးမှု အမှုကို ပြုလေသည်။

စစ်သူကြီးတွင် ခေနွေဝါသိ အမည်ရှိသော အလုပ် အကျွေး လုလင်ရှိသည်။ ထိုလုလင်သည် ကုဂုဂ်ဒေဝီနှင့် စစ်သူကြီး အဆက်အသွယ်ကိစ္စကို ဆောင်ရွက်ပေးရသည်။

ကုဂုဏ်ဒေဝီသည် ထိုနေ့တွေ့ဝါသီ လုလင်နှင့်လည်း အခွင့်ရက ကာမဂုဏ် ကျူးလွန်မှု ပြုလေသည်။

(မဟာကုဏာလဇာတ်)

## မိဖုရားပေင ဖြစ်လင်ကာစား

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ်ကာလ ဖြစ်သည်။ ထိုမင်း၏ မိဖုရားသည် သီဂိယာန်အမည် ရှိသည်။ တစ်နေ့ ထိုမိဖုရားသည် လေသာတံခါးမှ အမြင်သို့ ကြည့်မိသည်။ မြင်းစောင်း၌ အားခွန်ဗလနှင့် ပြည့်စုံသော မြင်းထိန်းလုလင်ကို တွေ့မြင်ရသဖြင့် ကာမ ရာဂဖြင့် တပ်မက်သောစိတ် ဖြစ်ပေါ် လာမိသည်။

ညဉ့်အချိန် မင်းနှင့် ကာမဂုဏ် ပျော်ပါးပြီး မင်းအိပ်သောအခါ လေသွန်နန်းတံခါးမှ နန်းကော်သို့ ဆင်းသက်ပြီး မြင်းထိန်းကို မြှူဆွယ်ကာ ကာမဂုဏ်ဖြင့် ပျော်ပါးသည်။

ကာမဂုဏ်ပျော်ပါးပြီးသောအခါ နန်းတော်ထက် ပြန်တက်ပြီး ကိုယ်ကို နံ့သာဖြင့် လိမ်းကျံကာ မင်းနှင့်တကွ အတူတူ ပြန်အိပ်သည်။

တစ်နေ့သောအခါတွင် မင်းကြီးသည်-

"အဘယ်ကြောင့် သန်းခေါင်ယံအချိန်၌ ဤမိဖုရား၏

ကိုယ်သည် အေးစက်နေဘိပါသနည်း။ ငါသည် မိဖုရားကို စုံစမ်းအံ့"

ဟု စဉ်းစားပြီး တစ်ညတွင် မင်းကြီးသည် အိပ်ပျော်နေသကဲ့သို့ ဟန်ဆောင်နေသည်။

မိဖုရားသည် မင်းကြီး အိပ်ပျော်နေပြီဟု ထင်မှတ်ကာ ယခင်ကဲ့သို့ပင် မြင်းဇောင်းသို့ ဆင်းကာ မြင်းထိန်းလုလင်နှင့် ကာမဂုဏ်ပျော်ပါးသည်။ မင်းကြီးသည် မိဖုရား၏ ယုတ်မာသော အမှုကို မြင်ပြီးလျှင် ပြန်ခဲ့၍ အိပ်ရာထက်၌ တက်အိပ်နေသည်။ မိဖုရားလည်း မိမိကိစ္စ ပြီးသောအခါ ယခင်ကကဲ့သို့ပင် ပြန်၍ ပြန်အိပ်သည်။

နံနက်မိုးသောက်သော် မင်းကြီးသည် ညီလာခံကို ခေါ်ကာ မှူးမတ်တို့အလယ်၌ မိဖုရားကို ခေါ်စေကာ မိဖုရားကျူးလွန်သော အပြစ်တို့ကို ထင်ရှားပြသည်။

"ခပ်သိမ်းကုန်သော မိန်းမတို့သည် ယုတ်မာသော အကျင့်ရှိကုန်၏"ဟု ဆိုကာ မိဖုရားကို သတ်ခြင်း၊ နှောင်ဖွဲ့ခြင်း၊ ခြေလက်ဖြတ်ခြင်း အမှုတို့ကို သည်းခံကာ မိဖုရားအရာကို ချထားလိုက်သည်။

(မဟာကုဏ္ဍာကဇာတက)

## တကျော့ရမ္မက်တွင်းမှ ကဏှာဒေဝီ

ဗြဟ္မဒတ်ဘုရင် ကာသိမင်းသည် စစ်သည်ဗိုလ်ပါ အင်အားတောင့်သည်။ ကောသလမင်းမှာ စစ်သည်ဗိုလ်ပါ အင်အားနည်းသည်။

တစ်နေ့တွင် ကာသိမင်းသည် ကောသလတိုင်းကို စစ်ချီတိုက်ပြီး ကောသလမင်းကို သတ်ပြီး မိဖုရားကို သိမ်းပိုက်ကာ မိဖုရားပြုထားသည်။ မိဖုရားတွင် ကောသလမင်းနှင့်ရသော ကိုယ်ဝန်သည် တည်ရှိသည်။ ကာသိမင်းတွင် သားသမီးမရှိ၍ မိဖုရားမှ သမီးတော်ကလေး မွေးဖွားသောအခါ အလွန်ချစ်မြတ်နိုးလှသဖြင့် ကြိုက်ရာဆုကို ယူလော့ဟု အခွင့်ပေးလေသည်။

မိဖုရားက နောက်မှ ယူမည်ဟု လျှောက်ထား၍ ထိုဆုကို မှတ်သားထားသည်။ သမီးငယ်ကို ကဏှာဒေဝီဟူ၍ အမည်ပေးထားသည်။

ကဏှာသမီးအရွယ်ရောက်သော် မိခင်က သမီးကို "ချစ်သမီး၊ သင့်ခမည်းတော်သည် သင့်အား ဆုပေးထားသည်။ ထိုဆုကို သင်ယူထားသင့်ပါပြီ။ လိုရာဆုကို တောင်းပါလော့"ဟု ပြောသည်။

"မိခင်၊ ကျွန်မမှာ မရှိသောဥစ္စာရတနာမည်သည် မရှိပါ။ လင်ကို ရယူလိုသောဆုသာ လိုချင်ပါသည်။ ထိုဆုကိုသာ တောင်းပေးပါ"

ကဏှာဒေဝီသည် ကိလေသာကာမဂုဏ် စိတ်များသည့်၏ အဖြစ်ကြောင့် မိခင်ကို အရက်အကြောက်မရှိ ဤစကားကို လျှောက်ထားသည်။

မိခင် မိဖုရားကလည်း ထိုအကြောင်းကို မင်းကြီးအား လျှောက်ထားသည်။ ခမည်းတော် ဗြဟ္မဒတ်မင်းက–

"သမီးနှစ်သက်သော လင်ကိုယူစေ"

ဟု မိန့်တော်မူသည်။

သမီးတော်သည် ထိုဆုကို ကြေငြာလေရာ ခပ်သိမ်းသော ယောက်ျားတို့သည် ဝတ်စားတန်ဆာဆင်ယင်၍ မင်းရင်ပြင်၌ စုဝေးရောက်လာကြသည်။

ကဏှာဒေဝီသည် ပန်းခြင်းတောင်းကို ယူ၍ ခြသေ့်ခံသော မြောက်လေသာမှန်တံခါးမှ ရပ်လျက် မင်းရင်ပြင်ရှိ ယောက်ျားတို့ကို ကြည့်သည်။ တစ်ယောက်ကိုမျှ မနှစ်သက်ချေ။

ထိုအချိန်ဝယ် တက္ကသိုလ်ပြည်၌ ပညာသင်ယူပြီးနောက် ပတ်ဝန်းကျင်ဒေသကို လေ့လာရန် ဆင်းလာကြသော ပဏ္ဍုမင်းမျိုးမှ အဇ္ဇုနမင်းသား၊ နကုလမင်းသား၊ ဘိမသေနမင်းသား၊ ယုဓိဋ္ဌိလမင်းသား၊ သဟဒေဝမင်းသားဟူသော မင်းသားညီနောင်ငါးယောက်တို့သည် ဗာရာဏသီသို့ ရောက်လာကြသည်။

မြို့တွင်း၌ အုတ်အုတ်ကျက်ကျက် အသံကို ကြား၍ အကြောင်းစုံကို မေးကြသည်။ အကြောင်းစုံကို သိသော် မင်းရင်ပြင်သို့ သွားကြပြီး တန်းစီ၍ ရပ်ကြသည်။

ရွှေအဆင်းနှင့် တူသောအဆင်းရှိသော ပဏ္ဍုမြင်းသား ညီနောင်ငါးယောက်တို့ကို ကဏှာဒေဝီသည် မြင်၍ မင်းသား ငါးယောက်လုံး၌ပင် တပ်စွန်းသောစိတ် ဖြစ်မိသည်။

ငါးယောက်သော မင်းသားတို့၏ ဦးခေါင်းတို့၌ ပန်းကုံးကို စွပ်သည်။ "မိခင်၊ ဤငါးယောက်သောသူတို့ကို ကျွန်ုပ်အား ဆုအဖြစ် ပေးပါလော့"ဟု တောင်းသည်။

မိဖုရားကြီးလည်း ခမည်းတော် ဗြဟ္မဒတ်မင်းကြီးအား ကြားလျှောက်သည်။ မင်းကြီးသည် ပေးမိသော ဆုရှိနေသည်ဖြစ်၍ နှလုံးမသာမယာပဲ ရှိသည်။ မင်းသားတို့၏ မျိုးရိုးအနွယ်ကို မေးသည်။ ပဏ္ဍုမင်းမျိုးနွယ်မှ သားများ ဖြစ်ကြောင်းသိသော အခါ မင်းသားတို့ကို ပူဇော်သက္ကာရပြု၍ ကဏှာဒေဝီကို ပေးတော်မူ၏။

ကဏှာဒေဝီသည် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ထက်၌ မင်းသားငါးယောက်ဖြင့် ကာမဂုဏ်ကိလေသာကို အစွမ်းကုန် ခံစားနေသည်။

မင်းသမီးတွင် ကုန်းလှသော ခွေ့အမည်ရှိသော အလုပ် အကျွေးတစ်ယောက်ရှိသည်။ မင်းသမီးသည် မင်းသား ငါးယောက် တို့ အပြင်သို့ ထွက်သည်ရှိသော် ကိလေသာအစွမ်းဖြင့် ပူလောင် သည်ဖြစ်၍ ထိုခွေ့နှင့်ပင် ယုတ်မာသောအမှုကို ပြုလေသည်။

ခွေ့ကိုလည်း ဤသို့ ပြောကြားသည်။

"ငါ့အား သင်နှင့်တူသော ချစ်သောသူသည် မရှိ။ မင်းသားတို့ကို သတ်၍ မင်းသားတို့၏ လည်ချောင်းသွေးဖြင့် ခြေဆေးအံ့"

ဟာကျာဒေဝီသည် မင်းသားကြီးနှင့် ကာမဂုဏ်ခံစားစဉ် လျှောက်ပင်–

"ဤမင်းသားလေးယောက်တို့ထက် သင့်ကိုသာလျှင် ငါသည် သာလွန်၍ ချစ်သည်။ ငါ့အသက်ကို သင်၌ကျိုးငှာ စွန့်၏။ ငါ့ခမည်းတော် မင်းကြီး သေလွန်လျှင် သင့်ကိုသာလျှင် မင်းအဖြစ်ပေးအံ့"ဟု ပြောသည်။ အခြားမင်းသားလေးပါး အားလည်း ထိုသို့ပင် ပြောဆိုသည်။ မင်းသားတို့၏ အသီးသီး အတွေးဝယ် "ဤမင်းသမီးကား ငါတို့ကို အလွန်ချစ်မြတ်နိုး ပေ၏။ ငါတို့အား အစိုးရခြင်းသည်လည်း ဤမင်းသမီးကို မှီ၍ ဖြစ်ရ၏"ဟု အတွေးဝင်ကာ မင်းသမီးကို အလွန်နှစ်သက် ကြလေသည်။

တစ်နေ့ ထိုမင်းသမီးအား အနာရောဂါသည် ဖြစ်၏။ မင်းသမီးကို မြှီ၍ မင်းသားတစ်ယောက်ကား ဦးခေါင်းကို ဆုပ်နယ်လျက် နေ၏။ ကျန်သော မင်းသားတို့က တစ်ယောက်စီ တစ်ယောက်စီ လက်ခြေတို့ကို ဆုပ်နယ်နေပြီး ဆွံ့သည့်ကား ခြေရင်း၌ နေသည်။

ကဏှာဒေဝီမင်းသမီးသည် ဦးခေါင်းကို ဆုပ်နယ်သော အကိုကြီးဖြစ်သော အဇ္ဇုနမင်းသားကို–

"ကျွန်ုပ်အား အရှင့်သားထက် ချစ်သောသူမည်သည် မရှိပါ။ ကျွန်ုပ်အသက်ရှည်သည်ရှိသော် ရှင်မင်းသား အသက်ရှင်ပါလတ္တံ့။ ခမည်းတော်လွန်ပါက မင်းအဖြစ်ကို ရှင်မင်းသားအား ပေးပါအံ့"

ဟု ဦးခေါင်းအမူအရာဖြင့် အမှတ်ပေးလျက် ပြောသည်။ ကျန်မင်းသားလေးယောက်ကိုလည်း လက်ခြေအမူအရာဖြင့် အမှတ်ပေးသည်။ ဆွံ့ကိုလည်း လျှာအမူအရာဖြင့် အမှတ်သညာ ပေးသည်။

အားလုံးသော မင်းသားများနှင့် ဆွံ့သည် ရှေးက ပြောဆိုထားခဲ့ဖူးသော အကြောင်းကြောင့် အမှတ်သညာကို သိကြသည်။

"ငါ့အား အမှတ်သညာပေးသကဲ့သို့ ငါမှ ကြွင်းကုန်သော သူတို့အားလည်း အမှတ်ပေးသည် ဖြစ်လတ္တံ့။ ဆွံ့နှင့်လည်း ထိုမင်းသမီး ပေါင်းဖော်သည် ဖြစ်ရာ၏"

အဇ္ဇုနမင်းသားကြီးသည် မင်းသမီး၏ လက်ခြေလျှာ အမူအရာကို ကြည့်ပြီး စဉ်းစားမိသည်။ ထိုသို့ စဉ်းစားမိပြီး ညီတော်မင်းသားတို့ကို ပြင်ပသို့ ခေါ်ဆောင်လာခဲ့သည်။

"ညီငယ်တို့၊ လင်ငါးယောက်ရှိသောမိန်းမသည် ငါ့အား

ဦးခေါင်းအမှတ်ဖြင့် အမှတ်ပြုပြသည့်ကို မြင်ကြကုန်၏လော"

မင်းသားကြီးက မင်းသားငယ်တို့ကို မေးသည်။

"မြင်ပါသည်"

"အကြောင်းကို သိကြပါရဲ့လော"

"မသိပါ"

"သင်တို့အား လက်ခြေတို့ဖြင့် ပေးအပ်သော အမှတ် အကြောင်းကို သိကုန်၏လော"

"သိပါ၏"

"ငါ့အား အမှတ်သညာ ပေးခြင်း၊ ဆွံ့အား လျှာဖြင့် အမှတ်သညာပေးခြင်း၏ အကြောင်းကိုရော သိပါသလော"

"မသိပါ"

ထိုအခါ အကိုကြီး အဇ္ဈုနမင်းသားက အကြောင်းစုံ ရှင်းပြသည်။ ဆွံ့နှင့် မင်းသမီးဖောက်ပြန်မှုကိုလည်း ပြောပြသည်။ ညီငယ်လေးယောက်တို့သည် ဆွံ့နှင့် ကဏှာဒေဝီ ဖောက်ပြန်သည်ကို မယုံကြည်ကြပေ။

သို့အတွက် ဆွံ့ကိုခေါ်၍ မေးကြသည်။ ဆွံ့ကလည်း မလိမ်ဝံ့၍ အကြောင်းစုံ ပြန်ပြောပြသည်။

မင်းသားတို့သည် ဆွံ့စကားကို ကြားရလျှင် မင်းသမီး အပေါ်၌ တပ်မက်ခြင်း၊ သာယာခြင်း ကင်းပျောက်သွားကြ သည်။

"မိန်းမတို့မည်သည်ကား ယုတ်မာပေစွ၊ သီလ မရှိကုန်ပေစွ၊ ငါတို့ကဲ့သို့ အမျိုးအနွယ်နှင့် ပြည့်စုံသော တင့်တယ်ခြင်းနှင့် ပြည့်စုံသော မင်းသားတို့ကို စွန့်၍ စက်ဆုပ်ရွံရှာဖွယ်ရှိသော ငဆွံ့နှင့်ပင် ယုတ်မာသော အမှုကို ပြုပေသည်။ အဘယ်သို့သော သူသည် ဤသို့ အရက်အကြောက်မရှိသော ယုတ်မာသော အကျင့်ရှိသော မိန်းမနှင့် မွေ့လျော်နေပါအံ့နည်း"

မင်းသားတို့သည် ဤသို့ဆိုကာ အိမ်ရာထောင်ခြင်းကို စက်ဆုပ်ရွံရှာကြပြီးလျှင် ဟိမဝန္တာသို့ ထောက်ကာ ရသေ့ရဟန်းပြုသွားကြလေသည်။

(မဟာကုဏာလဇာတ်)

## နေ့စံ ညခံ ကျွန်မတို့ ဘဝအာကုသိုလ်ကံ

ကဿပဘုရားရှင် လက်ထက်အချိန်က ဖြစ်သည်။ ကိမိတမြို့တွင် ဥပါသကာတစ်ယောက်သည် သောတာပန်ဖြစ်၍ သဒ္ဓါ၊ ဆန္ဒ၊ စေတနာ တရားတူမျှသော ဥပါသကာငါးရာတို့နှင့်အတူ စကြံဆောင် ဆောက်လုပ်ခြင်း၊ ကျောင်းပရဝုဏ်ဥယျာဉ်ပန်းမန်စိုက်ပျိုးခြင်း စသော ဝေယျာဝစ္စ ကုသိုလ်များကို စုပေါင်းဆောင်ရွက်ကြလေ့ ရှိသည်။

ထိုဥပါသကာ ငါးရာတို့ ရတနာသုံးပါး၌ မပြတ်ဆည်းကပ်ကိုးကွယ်ကြသည့်အားလျော်စွာ မကြာခဏ ကျောင်း

သို့သွားပြီး တရားနာကြလေ့ ရှိသည်။ ကုသိုလ်ကောင်းမှုလည်း ပြုကြလေ့ ရှိသည်။

ထိုဥပါသကာတို့၏ သားမယားတို့သည်လည်း လင်သားတို့နှင့်အတူ ဆန္ဒ၊ စေတနာ၊ သဒ္ဓါတရား တူမျှကြသည်ဖြစ်၍ ပန်းနံ့သာအမွှေးအကြိုင်တို့ကို ယူကာ ကျောင်းကန်ဘုရားသို့ လိုက်ကြသည်။ တရားနာကြသည်၊ ကုသိုလ်ပြုကြသည်။ သီလဆောက်တည်ကြလေ့ ရှိသည်။

ထိုဥပါသိကာမတို့သည် ကျောင်းသို့ သွားကြသောအခါ ကျောင်းနှင့် မြို့အကြားလမ်းခရီးကြားရှိသော ဇရပ်တစ်ခုတွင် ခေတ္တခဏနားပြီးမှ ကျောင်းသို့ သွားကြသလို အပြန်တွင်လည်း ထိုဇရပ်တွင် ခေတ္တခဏ နားပြီးမှ ပြန်ကြလေ့ ရှိသည်။

တစ်နေ့တွင် ဥပါသိကာမများ နားသော ဇရပ်အနီးသို့ သေသောက်ကြူး အမူးသမားလူရမ်းကား သုံးလေးဦးသည် ရောက်လာကြပြီး ခဏနားရင်း စကားပြောဆိုကြသည်။

"အခုကလေးတွင်ပဲ သီလစောင့်ပြီး ပြန်လာကြတဲ့ မိန်းမတစ်စု ဒီဇရပ်ပေါ်က ထသွားကြတယ်" ဟု တစ်ယောက်က ပြောသည်။

"အဲဒီ မိန်းမတွေထဲက မိန်းမတစ်ယောက်ကို သီ ပျက်အောင် မည်သူဖျက်နိုင်သလဲ"

တစ်ယောက်က မူးမူးရူးရူးနှင့် ပြောသည်။

"စွမ်းနိုင်ရင် မင်းဘာပေးမည်လဲ"

တစ်ယောက်က မူးမူးနှင့်အာမခံပြီး လောင်းကြေးတောင်းသည်။

"မင်းစွမ်းနိုင်လျှင် တို့တတွေက တစ်ထောင်စီ ပေးမည်"

ဤသို့လျှင် လောင်းကြေးအသီးသီး တာဝန်ခံပြီး စွမ်းဆောင်နိုင်သည်ဆိုသောသူကို မြှောက်ပင့်ပေးကြသည်။

အလောင်းအစား တာဝန်ယူခဲ့သော သေသောက်ကြူးသည် အမျိုးသမီးများ ဇရပ်၌ နားချိန်ကို မှတ်ကာ ထိုအချိန်သို့ ရောက်လာပြီး ခပ်လှမ်းလှမ်းမှ နေကာ သာယာနာပျော်ဖွယ်သော သီချင်းကို စောင်းဖြင့် တီးခတ်ကာ ဆိုကာ ဖြားယောင်းသွေးဆောင်သည်။

မကြာခင် ဥပါသိကာမ ငါးရာထဲမှ နုပျိုငယ်ရွယ်သော အမျိုးသမီးတစ်ဦးသည် ဂီတ၌လည်းကောင်း၊ သီချင်း၌လည်းကောင်း၊ ထိုအမျိုးသား၌လည်းကောင်း စွဲလမ်းနှစ်သက်သော စိတ် ဖြစ်ပေါ်လာသည်။

ထိုအမျိုးသမီးသည် ထိုသေသောက်ကြူးနှင့် တိတ်ဆိတ်သော နေရာတွင် ဖောက်ပြားကျူးလွန်မိကြလေသည်။

မိန်းမတစ်ဦး၏ သီလကို ဖျက်ဆီးနိုင်ခဲ့သော သေသောက်ကြူးသည် အခြားသူများထံမှ လောင်းကြေးကို တောင်းယူသည်။

ကျန်သူတို့သည် လောင်းကြေးတစ်ထောင်စီ ပေး၍ မကျေမချမ်းဖြစ်ကာ ထိုအမျိုးသမီး၏ လင်ယောက်ျားထံသို့ သွားရောက်ကာ သင့်မိန်းမ သောက်သောက်ကျူးနှင့် ဖောက်ပြန်ကျူးလွန်ကြောင်း သတင်းစကား သွားပြောကြသည်။

လင်ဖြစ်သူသည် ထိုသတင်းကို ကြား၍ မယားကို ခေါ်ကာ မေးသည်။

"သင်ဟာ ယောက်ျားတစ်ယောက်နှင့် ဖောက်ပြားကျူးလွန်နေကြောင်းကို လူတစ်ယောက်က ငါ့ကို လာပြောပြသည်၊ ပြောသည့်အတိုင်း မှန်ပါသလား"

"အရှင် မဟုတ်မမှန်ပါ၊ ကျွန်မ ဤသို့သော သဘော မရှိပါ"

"သင် မဟုတ်ကြောင်း မည်ကဲ့သို့ သက်သေပြနိုင်သလဲ"

"သက်သေမပြနိုင်ပါ၊ ကျိန်စာသာ ဆိုပြနိုင်ပါသည်"

"ဒါဆို ကျိန်စာဆို၍ သက်သေပြပါ"

"ကျွန်မသည် ထိုသို့သဘောရှိသော ယုတ်မာသော အမှုကို မပြုပါ၊ အကယ်၍ ပြုမိသည်ဖြစ်ငြားအံ့၊ နားရွက်ပြတ်သော ခွေးနက်ကြီးသည် ဖြစ်လေရာဘဝ၌ ကျွန်မအား စားပါစေ"

လင်သည် မယားက ဤသို့ သစ္စာဆိုသည်ကိုလည်း မကျေနပ်၍ အပေါင်းအဖော်မိန်းမများထံသို့ သွားကာ စုံစမ်းမေးမြန်းပြန်သည်။

ထိုမိန်းမတို့ကလည်း ဘူးကွယ်ကြပြီး ကျိန်စာဆိုပြကြသည်။

"ငါတို့သည် အကယ်၍ သိသည်ဖြစ်ကုန်ငြားအံ့၊ ဖြစ်လေရာဘဝတိုင်း သင်မိန်းမ၏ ကျွန်မတို့သာ ဖြစ်ပါစေ"

ထိုမိန်းမတို့သည် ထိုအမျိုးသမီး ဖောက်ပြန်သည်ကို သိလျက် ဖုံးကွယ်ပြောဆို ကျိန်စာဆိုကြခြင်း ဖြစ်သည်။

ထိုမိန်းမတို့သည် ကျိန်စာဆိုပြီးသည့်နောက် နှလုံးမသာမယာဖြစ်ကာ ခံစားကြရသည်။ ပူလောင်သော နှလုံးအမြဲခံစားရပြီး မစားနိုင်၊ မသောက်နိုင်ဖြစ်ကာ မကြာမီ ကွယ်လွန်ကြသည်။

ထိုမိန်းမတို့ ကွယ်လွန်သောအခါ ဟိမဝန္တာတောရှိ ရေအိုင်ကြီး ခုနစ်အိုင်အပါအဝင်ဖြစ်သော ကဏ္ဏပုဏ္ဏအိုင်၌-

သီလစောင့်သော ကုသိုလ်ကံကြောင့် နေ့တွင် နတ်သမီးကဲ့သို့ စံစားရပြီး၊ လိမ်ညာပြီး ကျိန်စာဆိုခဲ့သော အကုသိုလ်ကံကြောင့် ညတွင် ခွေးနတ်စား ခံရသော နေ့စံညခံ နတ်ပြိတ္တာမများ ဖြစ်ကြရလေသည်။

ထိုပြိတ္တာမတို့တွင် သီလပျက်သော မိန်းမက အကြီးအမှူးဖြစ်ပြီး လိမ်ညာသော မိန်းမတို့က ထိုပြိတ္တာမ၏ အစေခံကျွန်မတို့ဖြစ်ကြရသည်။

(ကဏ္ဏပုဏ္ဏသေတိဝတ္ထု)

# အခန်း (၄)

# ငရဲတွင်ဝဋ်ကြွေးတို့၏အဖြစ်ဒုက္ခများ

## လင်ခိုးမိန်းမဆိုးတို့ ခံရမည့် အဖြစ်များ

သူတစ်ပါးလင်ကို ခိုးယူပေါင်းသင်းသဖြင့် ထိုမိန်းမတို့သည် ကာမေသုမိစ္ဆာစာရကံ ထိုက်ကြသည်။ ထိုကာမေသုမိစ္ဆာစာရကံထိုက်သော မိန်းမတို့သည် သေသော် ငရဲသို့ ကျရပါသည်။ ငရဲမှ လွတ်ပြီး လူ့ဘဝသို့ ကံအားလျော်စွာ ရောက်သော် အောက်ပါအကျိုး (၁၄)မျိုးကို ကြုံတွေ့ခံစားရပါသည်။

၁။ အမြဲရန်များတတ်ခြင်း၊
၂။ လူတကာမုန်းတီးခံရခြင်း၊
၃။ သူတစ်ပါးယုံကြည်မှု ကင်းခံရခြင်း၊
၄။ စားဝတ်နေရေး ခက်ခဲဆင်းရဲခြင်း၊
၅။ အမြဲအမျက်ဒေါသကြီးတတ်ခြင်း၊
၆။ သူတော်ကောင်းတရား မရရှိနိုင်ခြင်း၊
၇။ စည်းစိမ်ဥစ္စာများ ပျက်စီးခြင်း၊
၈။ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ နေရခြင်း၊
၉။ အသက်တိုတတ်ခြင်း၊
၁၀။ ချစ်သောသူနှင့် ကွေကွင်းရတတ်ခြင်း၊
၁၁။ တွေဝေတတ်ခြင်း၊
၁၂။ ယုံမှားသံသယများစွာဖြစ်တတ်ခြင်း၊
၁၃။ ဘေးအန္တရာယ်နှင့် ရောဂါထူပြောခြင်း၊
၁၄။ သေသော် အပါယ်လေးဘုံ၌ ဖြစ်ရခြင်း၊

# ကူ တွိဝတ်မိန်းမတို့ ကျရောက်ရာ ငရဲဘုံများ

## တာပနငရဲဘုံ

လင်ယောကျ်ားကို မရိုမသေ၊ မလေးမစား၊ မထေမဲ့မြင် ပြုကြသော မိန်းမတို့သည် ငရဲကြီးရှစ်ထပ်တွင် တာပနငရဲ၌ ကျရောက်ခံစားကြရသည်။

ယင်းငရဲဘုံသည် မဟာရောရုဝ ငရဲအောက် အစောက် ယူဇနာတစ်သောင်း ငါးထောင်ကွာဝေးသော မြေလိုဏ်ဂူကြီး အတွင်း၌ ယူဇနာပေါင်း တစ်သောင်း ကျယ်ပြန့်စွာ တည်ရှိသည်။

## ငရဲသားတို့ ခံစားရပုံ

ဤငရဲဘုံတွင် ငရဲသားတို့သည် မတုန်မလှုပ်၊ မြဲမြံစွာ ရပ်တည်နေရပြီး ပူလောင်မှုကို ခံနေရသည်။

ဤငရဲကြီးတွင် အလျှံတပြောင်ပြောင်တောက်သော သံမြေပြင်ရှိသည်။ ငရဲသားတို့ကို သံမြေပြင်မှပေါက်သော အလျှံတပြောင်ပြောင်တောက်သော သံတံကျင်တို့ဖြင့် ထိုးလျှိုထားသည်။ သံမြေပြင်မှ ပေါက်သောသံတံကျင်တို့သည် ငရဲသား၏ အောက်ဒွါရမှ အထက်ဦးခေါင်းထံတိုင်အောင် ပေါက်သည်။ ခြေနှစ်ဖက်တို့သည် ရဲရဲညီးသော သံမြေပြင်၌ ရပ်တည်နေရသည်။ ထိုခြေတို့ကို သံမြေပြင်၌ သံပန္နက်တို့ဖြင့် ရိုက်နက်စွဲကပ်ထားသည်။ လက်ျာလက်ရုံးမှ လက်ဝဲလက်ရုံး ထိအောင် သံတံကျင် ထိုးထားသည်။ ထိုသံတံကျင်တို့သည် မီးအလျှံတပြောင်ပြောင်တောက်နေသည်။

သံတံကျင် ထိုးထားသဖြင့် မလှုပ်ရှားနိုင်သော ငရဲသားတို့ကို ကောက်နယ်တလင်းခန့်မျှလောက်ရှိသော ရဲရဲညီးသော

သံပုပြားကြီးများဖြင့် ငရဲထိန်းတို့က လာ၍ ကပ်ကြသည်။ ယင်းသံပုပြားကြီးသည် ပန်းပဲဖိုဝမှ ထုတ်၍ ချထားသော သံပြားကြီးမြည်သကဲ့သို့ တရှဲရှဲမြည်နေသည်။ လွန်စွာ ပူပြင်းလှသဖြင့် ရှုံ့းကန်လှုပ်ရှားပါသော်လည်း လှုပ်၍မရ။ အတင်းကြုံ့၍သာ ခံစားနေရသည်။

ညှပ်ငရဲတွင် ဤကံမကုန်သမျှ ခံစားကြရသည်။

## ညှပ်ငရဲ၏ သက်တမ်း

လူတို့အနှစ် (၁၆၀၀)သည် ပရိနိမ္မိတဝသဝတ္တိနတ်တို့၏ တစ်ရက်ဖြစ်သည်။ ပရိနိမ္မိတနတ်တို့၏ သက်တမ်း (၁၆၀၀)သည် တာပနငရဲ၏ (၁)ရက်ဖြစ်သည်။ တာပနငရဲတစ်ရက်မှာ လူတို့၏ နှစ်အရေအတွက်. (၉၂၁)ကုဋေ (၆)သန်းရှိသည်။ တာပနငရဲသက်တမ်းမှာ အနှစ် (၁၆၀၀) ဖြစ်သည်။

## မဟာတာပနငရဲ

အဂတိတရား လိုက်စားသူများ၊ လင်ယောကျ်ားအပေါ်၌ နိုင်လိုမင်းထက် ရက်စက်ကြမ်းကြုတ်စွာ ပြုတတ်သော မိန်းမသူတ်များသည် မဟာတာပနငရဲသို့ ကျရောက်ရသည်။

ညှပ်ငရဲသည် တာပနငရဲထက် ပိုမိုဒုက္ခကြီးပြီး ပြင်းထန်စွာ ခံစားရသော ငရဲဖြစ်သည်။ ယင်းငရဲသည် တာပနငရဲကြီးအောက်

ယမုနာ (၁၅၀၀) ဝေးကွာသော မြေလိုဏ်ဥမင်ကြီးအတွင်း၌ ယမုနာတစ်သောင်း ကျယ်ပြန့်စွာ တည်ရှိသည်။

## ငရဲသားတို့ ခံစားရပုံ

ဤမဟာတာပနငရဲကြီးတွင် အလျှံညီးညီး အရှိန်ကြီးသော သံမြေပြင်ကြီး ရှိသည်။ ကြီးကျယ်မြင့်မားသော သံပြင့်ပြည့်သော မီးတောင်ကြီးတို့သည် ထင်ရှားရှိကြသည်။ မီးတောင်ကြီးတွင် အမြဲတောက်နေသော မီးတောက်မီးလျှံတို့သည် ရဲရဲညီးနေသည်။ ထိုမီးတောက်ကြီး၏ ထက်ဝန်းကျင် ပတ်လည်၌ ထန်းတော၊ ပေတောကြီးပမာ လွန်စွာ ထူထပ်ပေါများသော သံတံကျင်တောကြီး ရှိလေသည်။ ထိုသံတံကျင်တို့သည် အရင်းမှ အဖျားတိုင်အောင် မီးလောင်နေလျက် မော့သောအဖျား၊ ထက်မြက်သော အဖျား ရှိကြသည်။ ငရဲသားတို့ကို ရှုးဖောက်ရန် အမြဲမျှော်လင့်ပြီး အသင့်ရှိနေကြသည်။

နွားကျောင်းသားတို့သည် မိမိတို့ နွားအုပ်များကို မြက်ပေါသော တောင်ပေါ်သို့ မောင်းနှင်၍ တက်ကြကုန်သကဲ့သို့ ငရဲထိန်းတို့သည် ကြီးမားထက်မြက် မီးလျှံမီးစက်ပါသော လက်နက်အမျိုးမျိုးတို့ဖြင့် ရိုက်နှက်ပုတ်ခတ်ပြီး ငရဲသားတို့ကို တစ်အုပ်တစ်သိုက်ကြီး မီးတောင်ပေါ်သို့ မောင်းနှင်တင်ကြသည်။

မတက်မနေရလေအောင် အတင်းတက်စေသည်။ မခံမရပ်နိုင်အောင် ညှဉ်းဆဲခြင်းဖြင့် ပူပြင်းစွာ ခံကြကုန်သော ငရဲသားတို့သည် သံတောင်ကြီးပေါ်သို့ တက်ကြရသည်။

တောင်ခုလတ်တစ်ခု၌ အစဉ်တည်ရှိသော ငရဲဆူးပင်ကြီးတို့သည် ရောက်လာသမျှသော ငရဲသားတို့၏ ဝမ်းဗိုက်ကို စူးဝင်ပြီး အူအသည်းတို့ကို သံကောက်တို့က ဆွဲယူကြသည်။ မျက်လုံးထဲဝင်ပြီး မျက်လုံးအိမ်ကို အတင်းဆွဲယူကြသည်။

ငရဲထိန်းတို့က အတင်းမောင်းနှင်သဖြင့် တောင်အောက်သို့ ဆင်းခွင့်မရ။ တောင်ထိပ်သို့ရောက်သောအခါ အဆိပ်ခိုးငွေ့ရောသော လေပြင်းမုန်တိုင်းက ငရဲသားတို့ကို အတင်းတိုက်လွှင့်ချကုန်သည်။

လေပြင်းမုန်တိုင်းဒဏ်ကြောင့် လက်ပံပင်မှ လဲမှိုတို့ကြွေလွင့်သကဲ့သို့ ငရဲသားတို့သည် အဆိပ်ရောသော လေမုန်တိုင်းကြောင့် မီးတောင်ကြီးမှ ဖရိုဖရဲ လွင့်စင်ကျကုန်သည်။ ထိုအခါ အောက်ခြေရှိ သံတံကျင်တောသို့ ကျရောက်ကြသည်။ သံတံကျင်တို့က စူးဝင်စွပ်မိကြသဖြင့် လူးကာ လွင့်ကာ နေကြရသည်။

ထိုအခါ ငရဲထိန်းတို့က သံတွေ၊ သံခဲတို့ဖြင့် ပစ်ခတ်သဖြင့်လည်းကောင်း၊ သံခရင်းတို့ဖြင့် ထိုးသဖြင့်လည်းကောင်း သံမြေပြင်သို့ ကျစေပြန်သည်။

သံမြေပြင်သို့ ရောက်သောအခါ တဖန် သံတောင်ပေါ်သို့ ပြန်တက်စေပြန်သည်။

ဤသို့လျှင် ကံမကုန်မချင်း အကြိမ်ကြိမ် ခံရသည်။

## ငရဲသက်တမ်း

မဟာတာပန ငရဲသက်တမ်းမှာ အန္တရကပ် တစ်ဝက် ရှိပါသည်။

## သံတောင်ကြိတ်ငရဲ

လူဖြစ်စဉ် အခါက မိမိလင်ဖြင့် မရောင့်ရဲဘဲ လင်ငယ် နေကြသော မိန်းမများသည် ဤသံတောင်ငရဲကြီး၌ ခံစားရသည်။

## ငရဲ၌ ခံစားရပုံ

ဤငရဲ၌ အမျိုးသမီးတွေသာ ခံစားရသည်။ ငရဲကောင် တို့သည် မီးလျှံတောက်နေသော သံမြေပြင်၌ ခါးတစ်ဝက်မြုပ် နေကြလျက် အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ် လေးမျက်နှာမှ မီးလျှံတောက်နေသော သံတောင်ကြီးတို့သည် တဖြည်းဖြည်း လိမ့်ကျလာပြီးလျှင် ငရဲကောင်တို့ကို တစ်လှည့်စီ ကြိတ်သွားသည်။ ငရဲသားတို့မှာ လူးမြောက်ပြီး၊ ဟစ်အော်ပြီး ခံစားကြရသည်။

ငရဲသားတို့သည် ကိုယ်တစ်ခြား၊ ခေါင်းတစ်ခြား ဖြစ်သွားကာ နွားသတ်ကုန်း၌ နွားတို့ကို အမဲဖျက်ထားသကဲ့သို့ သွေးအလိမ်းလိမ်း၊ ယင်တလောင်းလောင်းဖြင့် မြင်မကောင်း ရှိနေတတ်သည်။

# အခန်း (၅)

# မာယာညွတ်ကွင်း တကျော့တွင်းမှ သားကောင်များဘဝ

- ယောက်ျားတို့အား အဆွဲဆောင်ဆုံးသော အဆင်းသည် မိန်းမအဆင်း၊
- ယောက်ျားတို့အား အဆွဲဆောင်ဆုံးသောအသံသည် မိန်းမအသံ၊
- ယောက်ျားတို့အား အဆွဲဆောင်ဆုံးသော အနံ့သည် မိန်းမအနံ့၊
- ယောက်ျားတို့အား အဆွဲဆောင်ဆုံးသော အရသာသည် မိန်းမအရသာ၊
- ယောက်ျားတို့အား အဆွဲဆောင်ဆုံးသော အတွေ့အထိသည် မိန်းမအတွေ့အထိ၊

လောကတွင် ယောက်ျားဟူသမျှသည် မိန်းမတို့၏ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အယ် ဟူသော မာယာ ညှတ်ကွင်း တဏှာတွင်းသို့ သက်ဆင်းကြရရာ အိုးဝေလောင်ဟူသော ဒုက္ခနယ်ပယ် ပင်လယ်သမုဒ္ဒရာတွင်း နစ်မြှုပ်ကြရသည်။

ထိုသို့ နစ်မြောလှုပ်ရှားရင်းပင် ထိုမိန်းမပက်များတို့နှင့် တွေ့သော ယောက်ျားတို့မှာ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ခံစားရခြင်း၊ မင်းပြစ်မင်းဒဏ်သင့်၍ ထောင်ကျခြင်း၊ အနှိပ်စက်ခံရခြင်း၊ လူ့လောကအလယ်ဝယ် အရှက်တကွဲ ဖြစ်ပြီး ခံစားရခြင်း စသော ပစ္စုပ္ပန်လောကအပြစ်များကို ခံစားကြရသလို တမလွန် လောကတွင်လည်း အပါယ်ငရဲသို့ ကျရောက်ပြီး ဆင်းရဲကြီးစွာ ခံစားကြရပါသည်။

ဤလောကကြီးဝယ် လူသားတို့သည်–

- မိန်းမကောင်း၊ မိန်းမမြတ်တို့ကြောင့် သာယာချမ်းမြေ့သည်၊
- မိန်းမဆိုး၊ မိန်းမယုတ်တို့ကြောင့် ရန်များပြီး ဘေးအန္တရာယ် ထူပြောလှသည်၊

ထို့ကြောင့် မဃဒေဝလင်္ကာ ဆရာတော်က–

'မိန်းမဟူဘိ၊ ထိုဣတ္ထိကား၊ မရှိမကောင်း၊ ရှိမကောင်းနှင့်၊ မပေါင်းသည်းခက်၊ ပေါင်းလည်းခက်' ဟူ၍ ဖွင့်ဆိုရေးသားထားခဲ့ပါသည်။

**တက္ကသိုလ်သျှင်သိဒ္ဓိ (မဟာစရိယ၊ ဘီအေ)**